# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၈၉]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လ်ဂျီယံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇူလိုင် ၂၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်မင်းမြတ် ဖိလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းတိုင်းဒေသကြီး ရေကြီးရေလျှံမှုများ လှည့်လည်ကြည့်ရှု

## တမံရေတိုက်စားမှုပြန်လည်ပြုပြင်ရန် တပ်မတော်သားများ လုပ်အားပေးနေမှု ကြည့်ရှုအားပေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းမြင်ရေလှောင်တမံတွင် ရေတိုက်စားမှုကာကွယ်ရန် လုပ်အားပေးနေသော တပ်မတော်သားများအား ကြည့်ရှုအားပေးစဉ်။ (ဓာတ်ပုံ-မြဝတီ)

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားသည့် အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ လေဆိပ်ဧည့်ခန်းမ၌ MJAS မှ ဒုတိယဥက္ကဋ္ဌ Mr.Futoshi Hiroi နှင့် အထွေထွေမန်နေဂျာ Mr. Yosuke Shigemori တို့က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ကျပ်သိန်း ၃၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးအုန်းမြင့်တို့ထံ ပေးအပ်လှူဒါန်းသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖

## ❝ကြုံတောင့်ကြုံခဲဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း ဆည်များကို ခိုင်ခံ့မှုအပြည့်အဝရှိရန်အတွက် စနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် မိုးနှောင်းကာလတွင် ထပ်မံရှာသွန်းရန် ကျန်ရှိနိုင်မှုကို ကြိုတင်ခန့်မှန်းပြီး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်❞


**နိုင်ငံတကာ**

နှစ်ပေါင်း ၅၄ နှစ်ကြာပြီးနောက် ကျူးဘားနှင့် အမေရိကန် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်စတင် — စာမျက်နှာ ❖ ၄

**ဆောင်းပါး**

၂၀၁၄ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်ပတ်လည် အစီရင်ခံစာထုတ်ဝေ — စာမျက်နှာ ❖ ၆

**ဆောင်းပါး**

ရေလွှမ်းမိုးမှု ဖြစ်လာလျှင် ဘာလုပ်ရမလဲ — စာမျက်နှာ ❖ ၁၀





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### စိုးရိမ်ရေမှတ်များအမြဲသတိရှိ

ယခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ရေဘေးအများဆုံးကြုံတွေ့ခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ရေဘေးအန္တရာယ်အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရသော ဒေသများဖြစ်ပါသည်။ ပြီးခဲ့သည့်လအတွင်း ရခိုင်ပြည်နယ်၌ ရေဘေးကြောင့် လမ်းတံတားကဲ့သို့ အခြေခံအဆောက်အအုံများပါ ထိခိုက်ပျက်စီးခဲ့ရသလို ယခုလတွင် စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ်အများစု ရေဘေးကြုံတွေ့လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေဘို၊ ကသာ၊ ဘုတလင်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ဒီပဲယင်း၊ တန့်ဆည်၊ ရေဦး၊ ထီးချိုင့်၊ ကောလင်း၊ အင်းတော်၊ ဝန်းသို၊ ပင်လည်ဘူး၊ မင်းကင်း အစရှိသော မြို့နယ်များအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဤသို့ရေကြီးရေလျှံမှုများဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မိုးများအဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အတွင်းရှိ ရေလှောင်တမံဆည်ကန်များ စိုးရိမ်ရေမှတ်ကျော်လွန်ကာ ရေပိုလွှဲများမှတစ်ဆင့် ရေများအဆက်မပြတ် ထုတ်လွှတ်ခဲ့ရခြင်းကြောင့် မြို့ရွာများ ရေကြီးရေလွှမ်း ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါသည်။ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူများက ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိပါသည်။

ဤသို့စိုးရိမ်ရေမှတ်ကျော်လွန်နေသည့် ဆည်တမံများတွင် ရေကင်းများချထားခြင်း၊ ဆည်တမံများ ကြံ့ခိုင်မှုရှိအောင် ပြင်ဆင်ခြင်း၊ ရေပိုလွှဲများမှ ပိုလျှံရေများ ထုတ်လွှတ်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဆည်တမံကျိုးပေါက်မှုဖြစ်ပွားနိုင်သည့် အနေအထားသို့ရောက်ရှိလာမည်ဆိုပါက သတိပေးစနစ်များ စနစ်တကျထားရှိပြီး သရုပ်ပြလေ့ကျင့်မှုများပြုလုပ်ထားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ပျက်စီးဆုံးရှုံးမှုများ နည်းပါးမည်ဖြစ်ပါသည်။ ဇူလိုင် ၁၈ ရက်တွင် အမ်းနှင့် ကန့်ဘလူမြို့တို့တွင် မိုးရေချိန်စံချိန်သစ် ရွာသွန်းခဲ့ပါသည်။ မိုးလေဝသဌာနကထုတ်ပြန်ချက်အရ လာမည့်ရက်ပိုင်းအတွင်း မိုးရွာသွန်းမှုများရှိနေဦးမည်ဖြစ်ပါသည်။ စိုးရိမ်ရေမှတ်ကျော်လွန်ဒေသများ အမြဲသတိရှိရန်လိုအပ်မည်ဖြစ်ပါသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါး၊ မိုးစပါးအပါအဝင် စိုက်ပျိုးလယ်မြေဧက ၄၂၈၉ ဧက ထိခိုက်ပျက်စီးခဲ့ကြောင်း သိရပါသည်။ ရေကြီးမှုကြောင့် နောက်ဆက်တွဲပြဿနာများ မပေါ်ပေါက်ရန် အထူးသတိပြုရန် လိုအပ်မည်ဖြစ်ပါသည်။ ရေကြီးဒေသများမှ ပြည်သူများအချိန်မီ ရွှေ့ပြောင်းနိုင်ရေး၊ အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးများအချိန်မီ ရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့ကိုလည်း အချိန်မီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ပါ၍ ရေကြီးမှုဖြစ်ပေါ်ရာဒေသများ၌ ရေဘေးအန္တရာယ် ဆက်လက်မဖြစ်ပွားနိုင်ရေးအတွက် စိုးရိမ်ရေမှတ်အခြေအနေများကိုသတိပြုဆောင်ရွက်သင့်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## နှစ်နိုင်ငံတိုင်းရင်းသားယဉ်ကျေးမှုချစ်ကြည်ရေးတွေ့ဆုံပွဲ

**ရွှေလီ ဇူလိုင် ၂၀**

မြန်မာနိုင်ငံ နယ်စပ်၊ တောင်ပေါ်ဒေသရှိ တိုင်းရင်းသားလူငယ်များဖြစ်သော ရှမ်း၊ ကချင်၊ ဗမာ၊ ကရင်၊ ပလောင်၊ လူငယ်အဖွဲ့များသည် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး (၆၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အိမ်နီးချင်း တရုတ်နိုင်ငံ၏ဖိတ်ကြားချက်အရ ဇူလိုင် ၁၉ ရက်က ရွှေလီမြို့ရှိ ကျောက်မျက်ရတနာ သင်တန်းကျောင်းသို့ သွားရောက်လေ့လာသည်။

ဆက်လက်၍ ချစ်ကြည်ရေးအဖွဲ့သည် နှစ်ပြည်တစ်ရွာသို့ သွားရောက်လေ့လာကြပြီး နှစ်ဖက်အဖွဲ့ အပြန်အလှန် ဆွေးနွေးကြသည်။ မြန်မာလူငယ်အဖွဲ့တွင် ဦးအယ်စိုးထန်တူးက အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားကြောင်း သိရသည်။

**သတင်း-မျိုးဇေယျာ**



ဓာတ်ပုံ-သန့်ဇင် (၁၀၅မိုင်)

## ရမည်းသင်းခရိုင်တွင် ဆန္ဒမဲပေးမည့်သူပေါင်း သုံးသိန်းခွဲကျော်ရှိ

**ရမည်းသင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်တွင် အသက်(၁၈)နှစ်ပြည့် ဆန္ဒမဲပေးခွင့်ရှိသူ သုံးသိန်းကျော်က မဲရုံပေါင်း ၅၁၁ ရုံတွင် ဆန္ဒမဲပေးကြရန် အမည်စာရင်းများကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်ထိ နှစ်ပတ်ကြာ ရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးခွဲများတွင် ကြေညာပေးခဲ့ပြီးဖြစ်သည်။ ရမည်းသင်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ အုပ်စု ကျေးရွာ ၂၄၆ ရွာတွင် ဆန္ဒမဲပေးခွင့်ရှိသူ အမျိုးသား ၇၈၇၄၅ ဦးနှင့် အမျိုးသမီး ၈၇၆၆၁ ဦး စုစုပေါင်း ၁၆၆၄၀၆ဦးတို့က မဲရုံပေါင်း ၂၂၇ ရုံတွင်ဆန္ဒမဲများပေးသွားကြမည်ဖြစ်ပြီး ပျော်ဘွယ်မြို့နယ် ရပ်ကွက်၊ ကျေးရွာများရှိ မဲရုံ ၂၈၄ ရုံ စုစုပေါင်းမဲရုံ ၅၁၁ ရုံတွင် ဆန္ဒမဲပေးကြမည့်သူ ပေါင်းမှာ ၃၅၄၅၀၈ ဦးဖြစ်ကြောင်း ရမည်းသင်းခရိုင် ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဦးညွန့်ရွှေ(ရမည်းသင်း)**




## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် အင်္ဂလိပ်စကားပြော စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအဆင့်အတန်း မြင့်မားတိုးတက်စေရန်အတွက် အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများက "Health is more important than Wealth" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ပါမောက္ခချုပ် ဒေါက်တာ ရွှေတိုးက ဆုချီးမြှင့်ခဲ့သည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၀-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၈၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၂.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၃၇ |
| ထိုင်း | တစ်ဘတ် | ၃၅.၉၂၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇၆ |
| တရုတ် | တစ်ယွမ် | ၁၉၈.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃.၁၇ |

ခင်ရတနာ-စုစည်းသည်။

၁၃-၇-၂၀၁၅မှ ၁၆-၇-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၉၇ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၀၆ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေး

ရန်ကုန် ဇူလိုင် ၂၀

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း(၅၁)ဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းကိုးဖွဲ့မှ တာဝန်ရှိသူ ၆၆ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့အစည်းအဝေးသည် ကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းခြင်း သတ္တမအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုလို တွေ့ဆုံညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ယခင်ရွေးကောက်ပွဲများ၏ အားနည်းချက်၊ လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အတွက်လည်း များစွာ အထောက်အကူဖြစ်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲသည် အသက်တမျှအရေးကြီးကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ရွေးကောက်ပွဲကို စိတ်ဝင်တစား စောင့်ကြည့်နေကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိစွာ ကျင်းပပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခြင်းသည် နိုင်ငံ၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ပုံရိပ်ဖြစ်ကြောင်း။

လူမှုအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဘက်လိုက်မှုကင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေနှင့် ရွေးကောက်ပွဲတွင် ကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် မီဒီယာများသည် ဥပဒေနှင့်အညီ ဆောင်ရွက်မှုရှိ/ မရှိနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ အားနည်းချက်၊ အားသာချက်များကို ကြည့်ရှုမှတ်တမ်းပြုစုပြီး Report ရေးသားတင်ပြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်မိစေရန် အထူးသတိချပ်စေလိုကြောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကို UEC Website တွင် ဖိတ်ခေါ်ထားပါကြောင်း၊ ပြည်တွင်းစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များနှင့်အညီ ကော်မရှင်နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် မိမိတို့စောင့်ကြည့်လေ့လာလိုသည့်အပေါ် မူတည်၍ လျှောက်ထားနိုင်ကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအားလုံးအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကျင့်ဝတ်ကို လိုက်နာရန်လိုကြောင်း။




ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကိုလည်းကောင်း၊ လွှတ်တော်များအလိုက် မဲဆန္ဒနယ်များကိုလည်းကောင်း၊ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် နေ့ရက်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းစိစစ်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ Election Campaign ဆောင်ရွက်မည့်ကာလကို သတ်မှတ်ကြေညာသွားမည် ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်ကာလအလိုက်၊ လုပ်ငန်းစဉ်အလိုက် စောင့်ကြည့်လေ့လာရေး ဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်း။

မဲစာရင်းများကြေညာသည့်အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်မဆုံးရှုံးရအောင် မဲစာရင်းတွင် အမည်ပါရှိရေး၊ ပယ်မဲမဖြစ်အောင် မှန်ကန်စွာ မဲပေးနိုင်ရေးတို့အတွက် လူမှုအဖွဲ့စည်းများအနေဖြင့် ပြည်သူလူထုအား အသိပညာပေးဆောင်ရွက်ခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အခြေခံမဲစာရင်းကြေညာသည့်လုပ်ငန်းစဉ်မှ ရရှိသည့် သင်ခန်းစာများနှင့် တစ်နိုင်ငံလုံး မဲစာရင်းကြေညာမည့် လုပ်ငန်းစဉ်အား ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ရှင်းလင်းဆွေးနွေးပြီးနောက် တံဆိပ်တုံးနှင့် မဲပေးသည့်စနစ်အပေါ် ခိုင်လုံ မဲ၊ ပယ်မဲနှင့်စပ်လျဉ်း၍ လူမှုအဖွဲ့အစည်းများမှ အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုကလည်းကောင်း၊ ကျား/မ ညီမျှရေးလုပ်ငန်း တိုးတက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်ကလည်းကောင်း၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ကွန်ရက် (MERIN-Myanmar Electoral Resources and Information Network) နှင့် စပ်လျဉ်း၍ IFES နှင့် MERIN မှ တာဝန်ရှိသူများက လည်းကောင်း၊ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများဆိုင်ရာ အသိအမှတ်ပြုလွှာ လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်ကလည်းကောင်း ရှင်းလင်းဆွေးနွေးပြီးနောက် တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအား လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိစွာ ကျင်းပနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများ၏ စွမ်းအားမှာ မဖြစ်မနေလိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ **(သတင်းစဉ်)**

### ◆ ရှေ့ဖုံးမှ

အလားတူ ဇူလိုင်လ ၂၁ ရက်တွင် ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချားလ် မီရှဲထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘယ်လ်ဂျီယံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၁**

၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင်ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး မစ္စတာ ဒီဒီယာ ရန်ဒါးစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# လူ့အခွင့်အရေးဆိုင်ရာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်သို့ စာချုပ်ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံလက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဓိကစာချုပ်တစ်ခုဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (International Covenant on Education, Social and Cultural Rights-ICESCR ) သို့ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဇူလိုင် ၁၆ ရက်တွင် ကနဦး ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။

ယင်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ ဥပဒေရေးရာရုံး၌ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင်က ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ဇူလိုင် ၂၀ ရက်စွဲပါ ကုလသမဂ္ဂစာရင်းများအရ အဆိုပါ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို နိုင်ငံပေါင်း ၁၆၄ နိုင်ငံက အတည်ပြုထားပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်သို့ ကနဦး ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ရာ စာချုပ်ပါပြဋ္ဌာန်းချက်များကို အမျိုးသားအကျိုးစီးပွားနှင့်အညီ အကောင်အထည်ဖော်ရန် လိုအပ်မည့် ပြည်တွင်းလုပ်ငန်းစဉ်များကိုလုပ်ဆောင်လျက် စာချုပ်တွင် အတည်ပြုပါဝင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**တနိုင်း ဇူလိုင် ၂၀**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရပ်ကွက်၊ ကျေးရွာအဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တနိုင်းမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ မြို့နယ်ဥပဒေအရာရှိကလည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးကလည်းကောင်း၊ ရပ်ကွက်နှင့်ကျေးရွာအဖွဲ့ခွဲဝင်များ၏လုပ်ငန်းတာဝန်များကို မြို့နယ်ပြန်/ဆက် ဦးစီးမှူးကလည်းကောင်း ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြပြီး မဲရုံနှင့် မဲထည့်ခြင်းဆိုင်ရာများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သတင်းထုတ်ပြန်ချက်

(၂၀-၇-၂၀၁၅)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရေကူးအသံလွှင့်စက်ရုံဝင်းနေရာတွင် စက်ရုံဧရိယာအတွင်းရှိ အိမ်ရာများ၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့် မြေများအားအခြားသူတစ်ဦးဦးသို့ ရောင်းချခြင်း၊ ငှားရမ်းခြင်းမပြုဘဲ မီဒီယာနှင့်ပတ်သက်ဆက်စပ်သည့် အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် လက်ရှိအသံလွှင့်စက်ပစ္စည်းများကို သင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့တည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့ရာ တင်ဒါပိတ်သိမ်းသည့် (၁၉-၆-၂၀၁၅)ရက်နေ့အထိ ကုမ္ပဏီ(၆)ခုမှ တင်ဒါပုံစံများလာရောက်ဝယ်ယူခဲ့ပါသည်။

သို့ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ လုပ်ငန်းပမာဏကြီးမားသည့်အတွက် တင်ဒါဝယ်ယူသူများအနေဖြင့် တင်ဒါစည်းကမ်းချက်ပါ အဆိုပြုလွှာတွင်ပါဝင်ရမည့်အချက်အလက်များကို ပြည့်စုံစွာပြုစုခြင်း၊ ဆောင်ရွက်မည့်လုပ်ငန်းအလိုက် ဒီဇိုင်းပုံစံများအပါအဝင် အသေးစိတ်စီမံချက်ကို ရေးဆွဲတင်ပြရမည်ဖြစ်သဖြင့် အချိန်လုံလောက်စွာရရှိစေရန်အတွက် အဆိုပြုလွှာတင်သွင်းရမည့်ရက်ကို ၁၉-၆-၂၀၁၅ ရက်နေ့**အစား** ၁၇-၇-၂၀၁၅ ရက်နေ့သို့ (၁)လ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ ယခုအခါ တင်ဒါပိတ်သိမ်းရန် သတ်မှတ်ထားသည့် ၁၇-၇-၂၀၁၅ ရက်နေ့အထိ ကုမ္ပဏီ(၂) ခုမှ အဆိုပြုလွှာတင်သွင်းခဲ့ပါသည်။

အဆိုပါကုမ္ပဏီ(၂) ခုမှ တင်သွင်းလာသောအဆိုပြုလွှာများကို ပဏာမလေ့လာဆန်းစစ်ချက်များအရ ပြန်ကြားရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိသည့်အတွက် ရေကူးစက်ရုံဝင်းနေရာတွင် မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် လက်ရှိအသံလွှင့်စက်ပစ္စည်းများကို သင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့တည်ဆောက်ရေးနှင့်ပတ်သက်သည့် တင်ဒါအောင်မြင်သူမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ**

# နှစ်ပေါင်း ၅၄ နှစ်ကြာပြီးနောက် ကျူးဘားနှင့်အမေရိကန် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်စတင်

**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံတို့သည် နှစ်ပေါင်း ၅၄ နှစ်အကြာ သံတမန်ဆက်ဆံရေး ပြန်လည်စတင်နိုင်ပြီ ဖြစ်သကဲ့သို့ နှစ်နိုင်ငံ မြို့တော်အသီးသီးတို့တွင်လည်း သံရုံးများ ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သမ္မတအိုဘားမား၏ နိုင်ငံခြားရေး မူဝါဒအပြောင်းအလဲဖြစ်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးတက်လာရာမှ ယခုကဲ့သို့ သံရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

၁၉၆၁ ခုနှစ် နောက်ပိုင်း ကျူးဘားအလံကို အိမ်ဖြူတော်မှ ခဲတစ်ပစ်အကွာ ဝါရှင်တန်ရှိ ဟာဗားနားသံရုံး၌ လွှင့်ထူနိုင်ပြီ ဖြစ်သည်။ ထို့အတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ အနေဖြင့် ကျူးဘားနိုင်ငံခြားရေး ဝန်ကြီး ဘရူနိုရိုဒီဂွတ်ဇ်နှင့် ပူးတွဲ သတင်းစာရှင်းလင်းပွဲ မလုပ်မီ တနင်္လာနေ့တွင် တရားဝင် ဆွေးနွေးမှုကို လက်ခံခဲ့သည်။

အမေရိကန် ကတ်ပီတော် (လွှတ်တော်) အဆောက်အအုံ အဝင်ဝတွင် ကမ္ဘာတစ်ဝန်းမှ အလံများ စိုက်ထူထားရာ၌ အဖြူရောင် ကြယ်တစ်လုံးပါ ကျူးဘားအလံ



ကိုလည်း စိုက်ထူထားမည်ဟု ဆိုသည်။

သမ္မတအိုဘားမားနှင့် ကျူးဘားသမ္မတ ရာအူးလ်ကက်စထရိုတို့က ဒီဇင်ဘာ ၁၇ ရက်တွင် နှစ်နိုင်ငံတင်းမာမှုများအဆုံးသတ်ကာ ပုံမှန်ဆက်ဆံရေး ပြန်စရန် ကြေညာခဲ့သည်။

ကျူးဘားနိုင်ငံသည် စီးပွားရေးပြန်လည် ကောင်းမွန်လာစေရန် အမေရိကန်၏ အကူအညီလိုအပ်နေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် လူသားအရင်းအမြစ်များ မြှင့်တင်ပေးရန် မျှော်လင့်လျက်ရှိသည်။

**(ဘီဘီစီ)**

# အမေရိကန်၌ ကျွမ်းကျင်လုပ်သားပြတ်လပ်မှု မြင့်တက်လျက်ရှိ

**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန် အလုပ်ရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများ ရှာဖွေရာတွင် ခက်ခဲလျက်ရှိကြောင်း၊ ကျွမ်းကျင်လုပ်သား ရှားပါးလာမှုပြဿနာကို ဖြေရှင်းရန်လိုအပ်ကြောင်း အကြံပြုထားသည့် လေ့လာရေးစစ်တမ်းတစ်ခု တနင်္လာနေ့က ထွက်ရှိခဲ့သည်။

အမျိုးသားစီးပွားရေးလုပ်ငန်းရှင်များအသင်း၏ နောက်ဆုံးရထုတ်ပြန်ချက်အရ ဇူလိုင်ပထမသီတင်းပတ်အတွင်း စီးပွားရေးလုပ်ငန်းရှင် ၁၁၂ ဦးမှ ၃၅ ရာခိုင်နှုန်းမှာ ကျွမ်းကျင်လုပ်သားများပြတ်လပ်နေသည်ကို ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရသည်။

ဧပြီလစစ်တမ်း၌ ၂၅ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သောနှစ် ဇူလိုင်လအတွင်းက ၂၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ဇူလိုင်လစစ်တမ်းများအရ အထူးသဖြင့် ကျွမ်းကျင်လုပ်သားပြတ်လပ်မှုကို တွေ့ရှိရကြောင်း လေ့လာရေးဦးဆောင်သူ ဂျင်မ်ဒစ်ဖလေးက ပြောသည်။



အသေးစားစီးပွားရေးလုပ်ငန်း ၄၄ ရာခိုင်နှုန်းတွင် ၎င်းတို့လုပ်ငန်း၌ ခန့်ထားရမည့် အလုပ်လျှောက်သူများမှာ အရည်အချင်းပြည့်ဝမှုမရှိဟု ဖော်ပြခဲ့ကြောင်း ဇူလိုင်လအစောပိုင်းက အမျိုးသားစီးပွားရေးအဖွဲ့အစည်းက ပြောသည်။

ခုနစ်နှစ်အတွင်း အလုပ်လက်မဲ့နှုန်းကျဆင်းပြီး အလုပ်အကိုင်များ တိုးပွားလာသော်လည်း လုပ်အားခပေးရမှုနှင့်ကိုက်ညီမှုမရှိကြောင်း သိရသည်။

**(ရိုက်တာ)**

# ဖြားယောင်းခေါ်ဆောင်မှုနှင့်ပတ်သက်ပြီး ဂျပန်နှင့် မြောက်ကိုရီးယား လျှို့ဝှက်ဆွေးနွေး

**တိုကျို ဇူလိုင် ၂၀**

ပြီးခဲ့သော ဆယ်စုနှစ်အတွင်း ဂျပန်လူမျိုးများကို မြောက်ကိုရီးယားဘက်မှ ဖြားယောင်းသွေးဆောင်ခေါ်ယူမှုနှင့် ပတ်သက်၍ အူလန်ဘက်တာမြို့၌ မေလလယ်က ဂျပန်နှင့် မြောက်ကိုရီးယားတို့ လျှို့ဝှက်ဆွေးနွေးခဲ့ကြကြောင်း မွန်ဂိုလီးယားသံတမန်ရေးရာ အရင်းအမြစ်များမှ သိရသည်။

မြောက်ကိုရီးယားဘက်မှ စုံစမ်းစစ်ဆေးရန်အတွက် ဇူလိုင် ၄ ရက်အထိ တစ်နှစ်အချိန်သတ်မှတ်ပေးခဲ့ပြီး နှစ်နိုင်ငံအရာရှိများ လျှို့ဝှက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားဘက်မှ စုံစမ်းစစ်ဆေးရန် အချိန်ထပ်မံလိုအပ်ကြောင်း ဇူလိုင် ၂ ရက်က ပြောခဲ့သည်ဟု ဂျပန်အစိုးရကဖော်ပြသည်။ ပြုယမ်းမှ စုံစမ်းစစ်ဆေးမည့် ကတိပေးခြင်းမှာ ၂၀၀၂ ခုနှစ်၊ ၂၀၀၄ ခုနှစ်နှင့် ယခုအကြိမ်မှာ သုံးကြိမ်မြောက်ဖြစ်ပြီး ဂျပန်ဘက်မှ ယုံကြည်မှုမရှိခဲ့ပေ။

**(ကျိုဒို)**

# မက္ကဆီကိုမြောက်ပိုင်း၌ ချုံခိုတိုက်ခိုက်မှုကြောင့် ၁၁ ဦးသေဆုံး

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၀**

စနေနေ့ညနေပိုင်းက မက္ကဆီကိုမြောက်ပိုင်း ကျေးလက်ဒေသ၌ ချုံခိုတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ ၁၁ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။

အဆိုပါအဖွဲ့သည် ဒူရန်ဂိုပြည်နယ်ရှိ စန်ဒိုင်းမတ်စ် ဒေသ၏ လမ်းမပေါ်၌ ခရီးသွားနေစဉ် အမည်မသိ ပုဂ္ဂိုလ်များ၏ တိုက်ခိုက်မှုကိုခံရခြင်းဖြစ်ကြောင်း ပြည်နယ်ရှေ့နေချုပ်ရုံး၌ အဆိုပါဒေသဆိုင်ရာ မီဒီယာများက ကိုးကားဖော်ပြသည်။ အဆိုပါ ဒေသသည် ယခုလအစောပိုင်းက လုံခြုံရေးတိုးမြှင့်ထားသည့်ကြားမှ ဒုတိယအကြိမ်ထောင်ဖောက် ထွက်ပြေးသွားသော မူးယစ်ရာဇာ အယ်ချပို၏ဇာတိ ဆိုင်နာလိုအာ နယ်စပ်အနီးတွင် တည်ရှိသည်။ သေဆုံး သူ ၁၁ ဦးမှာ အမျိုးသားများဖြစ်ကြောင်း သိရသည်။ ပြည်နယ် သက်ဆိုင်ရာနှင့် လုံခြုံရေးဌာနမှ တစ်စုံတစ်ရာပြောဆိုခြင်း မရှိသေးပေ။

**(ရိုက်တာ)**

# အာဖဂန်စစ်ဘက်လုံခြုံရေးစစ်ဆေးရေးဂိတ် အမေရိကန်မှားယွင်းပြီး ဗုံးကြဲတိုက်ခိုက်

**ကဘူးလ် ဇူလိုင် ၂၀**

နေတိုးဦးဆောင်သော အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံ လာဂါပြည်နယ်အရှေ့ပိုင်းရှိ စစ်ဘက်စစ်ဆေးရေးဂိတ်ကို တနင်္လာနေ့ နံနက်ပိုင်းက မှားယွင်းပြီး လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် အနည်းဆုံးရှစ်ဦး သေဆုံးကာ အခြားငါးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသသတင်းရပ်ကွက်ကပြောသည်။

အမေရိကန် စစ်ဘက်ရဟတ်ယာဉ်များက ဘာရာကီဘားရက်ခရိုင် ချီလ်တန် စစ်ဘက်လုံခြုံရေးစစ်ဆေးရေးဂိတ်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး အာဖဂန်တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ပြောသည်။

"ဒီဖြစ်စဉ်က မှားယွင်းတိုက်ခိုက်မှုဖြစ်နိုင်ပါတယ်။ အကြမ်းဖက်စစ်ပွဲတွေ ဆင်နွှဲရာမှာ ဒီလိုပဲဖြစ်တတ်ပါတယ်။ ဖြစ်နိုင်ပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်ပြီး ဆက်လက်စုံစမ်းမှုတွေပြုလုပ်သွားမှာပါ"ဟု ၎င်းတာဝန်ရှိသူက ပြောသည်။

ညွန့်ပေါင်းတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဘာရာကီဘားရက်စစ်ဆေးရေးဂိတ် ပျက်စီးသွားပြီး တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိသွားကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇာဟီရာအဇိမိက ၎င်း၏ တွစ်တာဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောသည်။

အဆိုပါတိုက်ခိုက်မှုအပေါ် ပူးတွဲစုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်သွားမည်ဟု ဆိုသည်။ ယင်းပြည်နယ်သည် လွန်ခဲ့သောလများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာလီဘန်တို့အကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားရာ ဒေသဖြစ်လာသည်။

**(ဆင်ဟွာ)**



ဇူလိုင် ၁၉ ရက်က ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့ရှိ လွှတ်တော်အဆောက်အအုံရှေ့ရင်ပြင်၌ အပူလွန်ကဲမှုကြောင့် လူအများစိုထိုင်းစက်မှထွက်ရှိသော ရေငွေ့များဖြင့် အအေးဓာတ်ရရှိရန် ပြုလုပ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

# ဘာကလေဘဏ်လုပ်ငန်း ကုမ္ပဏီအလုပ် ၃၀၀၀၀ ကျော် လျှော့ချရန်စီစဉ်

**ဝါရှင်တန် ဇူလိုင် ၂၀**

အမှုဆောင်အရာရှိချုပ် အန်တိုနီဂျန်ကင်အား အလုပ်အားအလုပ်မှ ထုတ်ပြီးနောက် ဘာကလေဘဏ် လုပ်ငန်းဆိုင်ရာကုမ္ပဏီသည် နှစ်နှစ်အတွင်း အလုပ်အကိုင် ၃၀၀၀၀ ကျော် လျှော့ချရန် စီစဉ်ခဲ့ကြောင်း တိုင်းမ်သတင်းစာက ဇူလိုင် ၁၉ ရက်က ဖော်ပြခဲ့သည်။ အလုပ်လျှော့ချရေးအစီအစဉ်အနေနှင့် ၂၀၁၇ ခုနှစ် အဆုံးတွင် ဘဏ်များ၏ ကမ္ဘာလုံးဆိုင်ရာအလုပ်အကိုင် ၁၀၀၀၀၀ အောက် လျှော့ချရန်စီစဉ်ထားသည်။

ဤသို့ပြုလုပ်ခြင်းမှာ ဘဏ်များ၏လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းခြင်းနှင့် ရှယ်ယာတန်ဖိုးကို နှစ်ဆမြှင့်တင်ရန် အကောင်းဆုံးလုပ်ဆောင်ခြင်းအဖြစ် ဆုံးဖြတ်ခဲ့ကြောင်း တိုင်းမ်သတင်းစာက အခိုင်အမာသတင်းရင်းမြစ်များကို ကိုးကားဖော်ပြခဲ့သည်။ အဆိုပါအလုပ်အကိုင်လျှော့ချခြင်းသည် ဘဏ်လုပ်ငန်းများဆောင်ရွက်နေသော အလယ်အလတ်နှင့် အခြေခံဝန်ထမ်းများကို အကျိုးသက်ရောက်မှုဖြစ်စေမည်ဖြစ်သည်။

အရေးကြီးအုပ်ချုပ်မှုပိုင်းနေရာဖြစ်သည့် ဘာကလေဘဏ်လုပ်ငန်းအုပ်စု၏ အမှုဆောင်အရာရှိချုပ် ဂျန်ကင်နေရာတွင် အစားထိုးမည့်ပုဂ္ဂိုလ်အနေဖြင့် အလုပ်အကိုင်များ အမြန်လျှော့ချဖြတ်တောက်ရန် မျှော်လင့်ထားခဲ့သည်။

**(ရိုက်တာ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီဒီယာကြား အပြန်အလှန်ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီဒီယာကြား အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ ဥရောပသမဂ္ဂ၊ ဒီမိုကရေစီနှင့် ဥပဒေရေးရာလေ့လာရေးဌာန၊ DW Akademieနှင့် နိုင်ငံတကာမီဒီယာအဖွဲ့အစည်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီဒီယာကြား အပြန်အလှန်ဆက်ဆံရေး လမ်းညွှန်ချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ကျင်းပသည်။**




ဆွေးနွေးပွဲတွင် Police and Media in Service of Public Interest ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြည်သူများအပေါ် မှန်ကန်သောသတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရန် မှုခင်းကြိုတင်ကာကွယ်ရေးကိစ္စရပ်များ၊ မီဒီယာများနှင့်ပူးပေါင်း၍ ပြည်သူကိုကြိုတင်သတင်းပေးနိုင်ရန်၊ ရဲတပ်ဖွဲ့အနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်အခက်အခဲများကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတွေ့အကြုံများ၊ အကြံဉာဏ်များကိုအခြေခံကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီဒီယာများပူးပေါင်းဆောင်ရွက်ရန် မီဒီယာလွတ်လပ်ခွင့်နှင့် လုပ်ပိုင်ခွင့်များအပေါ် ရဲတပ်ဖွဲ့ဝင်များ နားလည်သဘောပေါက်စေရန်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့ပြင် ပြည်သူလူထုအား သတင်းအချက်အလက်များ သိပိုင်ခွင့်ကို ဖြည့်တင်းပေးရာတွင် Working Group များခွဲကာ လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများ၊ အတွေ့အကြုံများ၊ စိန်ခေါ်မှုများ လုပ်ထုံးလုပ်နည်း ကန့်သတ်ချက်များ အရေးပါအရာရောက်ပုံ သိရှိစေရန်တို့နှင့် စပ်လျဉ်းပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဘက်စုံထောင့်စုံမှ ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး တရားရေးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်မှ စတင်ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေအား မြန်မာ့သတင်းစဉ် (ပြည်တွင်း)အဖွဲ့မှ မေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။

**ဦးတင့်ဆွေ(ပြန်ကြားရေးဝန်ကြီးဌာန-အမြဲတမ်းအတွင်းဝန်)**

ဒီကနေ့ တက်ရောက်နေတဲ့ အလုပ်ရုံဆွေးနွေးပွဲကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မီဒီယာတွေကြား ထိတွေ့ဆက်ဆံမှုအတွက် ပထမဆုံးလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲဖြစ်တယ်။ ဒီနေ့ဆွေးနွေးပွဲကတော့ နှစ်ရက်မြောက်နေ့ဖြစ်ပါတယ်။ ဆွေးနွေးချက်တွေကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ နည်းဥပဒေတွေ၊ ပြုပြင်ပြောင်းလဲမှုတွေကို အသေးစိတ်ရှင်းပြနိုင်ခဲ့သလို တစ်ဖက်က မီဒီယာကလည်း အထူးသဖြင့် စာနယ်ဇင်းကောင်စီ (ယာယီ)နှင့် ဘာတွေလုပ်ထားတယ်၊ ဥပဒေ၊ နည်းဥပဒေတွေ ဘယ်လိုရေးဆွဲထားတယ်ဆိုတာတွေကို ရှင်းပြထားတယ်။

ပြီးတော့ Working Group တွေခွဲပြီးတော့ အခက်အခဲတွေ၊ အခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေ ဆွေးနွေးကြတာဖြစ်တယ်၊ တော်တော်လေး အားရမှုတွေ ရှိပါတယ်။ မီဒီယာနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြားမှာရှိတဲ့ ဆက်ဆံရေး Guide Line တွေ ထုတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

ပြန်ကြားရေးပိုင်းအနေနဲ့ကတော့ စာပေစိစစ်ရေးကို ဖျက်သိမ်းပြီးနောက်ပိုင်းမှာ မူဝါဒအနေနဲ့ကတော့ မီဒီယာတွေကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ရေးသားဖော်ထုတ်ပြောဆိုမှုမျိုးကို လိုလားပါတယ်။ ဥပဒေနဲ့အညီဆိုတာက တားဆီးပိတ်ပင်မှုတစ်ခုလို့လည်း ပြောဆိုစွပ်စွဲတာမျိုးလည်း ရှိပါတယ်။ မီဒီယာဆိုတာ နိုင်ငံသားပါပဲ၊ ဂျာနယ်လစ်ဆိုတာလည်း နိုင်ငံသားပါပဲ၊ နိုင်ငံသားတစ်ယောက်က လိုက်နာရမယ့် ဥပဒေမျိုးကိုတော့ သူတို့လိုက်နာဖို့ လိုပါတယ်။ ဒါ့အပြင် ပိုပြီးအရေးကြီးတာ ကတော့ Professional ဂျာနယ်လစ်တွေ ပေါ်ထွန်းလာဖို့ လိုလားပါတယ်။ ဒါက မီဒီယာဘက်ကို တိုက်တွန်းချင်တဲ့အချက်ကို တင်ပြတာပါ။

အခုဆိုရင် News Media Laws ထုတ်ပြီးပါပြီ။ အဲဒီအထဲမှာ သတင်းအချက်အလက်ရယူလိုမှုနဲ့ ပတ်သက်လို့ ပုဒ်မတစ်ခု ပေးထားပြီး ဖြစ်ပါတယ်။ ဌာနဆိုင်ရာတွေက ဒါကို ပေးနိုင်တဲ့သတင်းဆိုရင် ပေးရတယ်။ အလားတူပဲ လုပ်ပေးနိုင်တဲ့ သတင်းဆိုရင်လည်း လုပ်ပေးဖို့ ဥပဒေကပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ယနေ့အချိန်ထိ ဌာနဆိုင်ရာများအနေနဲ့ ဒီအပေါ် တုံ့ပြန်မှုအလွန်အားနည်းပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က Spoke Person တွေခန့်ထားပေမယ့်လည်း ဖုန်းနံပါတ်အများစုဟာ ယနေ့အချိန်ထိ ဆက်သွယ်လို့မရသေးဘူး။ ဘာပဲပြောပြော ဒီနေ့ပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မီဒီယာကြားမှာ သတင်းအချက်အလက် ရယူမှုတွေ၊ အပြန်အလှန်နားလည်မှုတွေ ဖြစ်ထွန်းလာမယ့် ပွဲတစ်ခုဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မီဒီယာအတွက်ကတော့ အထူးအကျိုးရှိမယ့် အလုပ်ရုံဆွေးနွေးပွဲလို့ ယုံကြည်ပါတယ်။

**သတင်း-ဥမ္မာသန့်၊ ဓာတ်ပုံ-လှမိုး**

## မန္တလေး၌ယာဉ်တိုက်မှုဖြစ်



**မန္တလေး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းနှင့် ၃၁ လမ်းဆုံတွင် ဇူလိုင် ၁၉ ရက် နံနက် ၁၁ နာရီခန့်က အမျိုးသမီးတစ်ဦး မောင်းနှင်လာသော 5H/--- အိမ်စီးကားနှင့်တောင်မှမြောက်သို့ အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ စီးနင်းလာသည့် ၁၂/ ---- ဆိုင်ကယ်တစ်စီးတို့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ကလေးငယ်မှာ ဒဏ်ရာမရရှိဘဲ ဖခင်ဖြစ်သူမှာ ဒဏ်ရာအနည်းငယ် (မစိုးရိမ်ရ) ရရှိခဲ့ရာ သက်ဆိုင်သူများက ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူက ဆက်လက်စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ဉာဏ်ရည်ဖွံ့ဖြိုးရေး အာဟာရနို့တိုက်ကျွေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၀**

ကလေးသူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေးနှင့် ကျန်းမာသန်စွမ်းရေးတို့အတွက် အာဟာရနို့တိုက်ကျွေးမှုကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အမှတ် (၄) အခြေခံပညာမူလတန်းကျောင်း၌ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းကာ ကျောင်းသား ကျောင်းသူ ၁၂၂ ဦးတို့အား နို့တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေထည်ပစ္စည်းသိန်း ၁၄၀ ကျော်ဖိုး ခိုးယူသူ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိ

**မော်လမြိုင် ဇူလိုင် ၂၀**



မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေယုဆန်း၊ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် အောင်နိုင်နှင့် တပ်ဖွဲ့ဝင်များသည် နယ်မြေရှိ ရပ်မိရပ်ဖတို့ပူးပေါင်းပါဝင်ကူညီခဲ့ခြင်းကြောင့် မော်လမြိုင် မြိုင်သာယာ (၁၄)လမ်းနေ ပန်းရန်လုပ်ကိုင်သူ ဇော်မင်းထွေး (ခ) ဆန်းသူဟိန်း(ခ)ဘောက်ကလေး အသက်(၁၈ နှစ်)အား ခိုးယူသွားခဲ့သည့် ရွှေထည်ပစ္စည်း ၂၂ မျိုးနှင့်အတူ ဇွန်လစတုတ္ထပတ်က ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများကို လိုက်လံသိမ်းဆည်းခဲ့သည်။

မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက်နေ ဘော်ဒါဆောင်ဖွင့်ထားသည့် ဒေါ်စန်းစန်းဝင်းနေအိမ်တွင်းမှ ဇွန် ၁၅ ရက်က ဇော်မင်းထွေးသည် နေအိမ်အပေါ်ထပ်သို့တက်ရောက်ပြီး ရွှေထည်ပစ္စည်း ၂၂ မျိုး ငွေကျပ် သိန်း ၁၄၀ ကျော်ဖိုး ခိုးယူတိမ်းရှောင်သွားခဲ့ခြင်းဖြစ်သည်။ ဒေါ်စန်းစန်းဝင်းသည် ကရင်ပြည်နယ် မြဝတီမြို့ အစ်မဖြစ်သူနေအိမ်သို့ အလည်သွားရောက်နေစဉ် ရွှေထည် ပစ္စည်းများအား ဝင်ရောက်ခိုးယူသူ ဇော်မင်းထွေးကို မြိုင်သာယာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၀၇)**

## ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဖွဲ့စည်းနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘော်ဂါရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၈ ရက်က ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဖွဲ့စည်းနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ အသင်းဖွဲ့စည်းနိုင်ရေး၊ ဖွဲ့စည်းပုံကော်မတီ တင်မြှောက်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ထန်းတပင်မြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၃၄၇ ပြားနှင့် ဆေးခြောက် ၀ ဒသမ ၁၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ဇူလိုင် ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု (၄၀) ရန်ကုန် (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း တူးချောင်းတိုးဂိတ်တွင် ရန်ကုန်မှ ပုသိမ်သို့ ငြိမ်းချမ်းအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ငြိမ်းချမ်းအောင် လွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဆေးခြောက် ၀ ဒသမ ၁၃ကီလိုနှင့် ဆိုင်ကယ်တူးဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၆၇ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် မြန်မာငွေကျပ် ငါးသိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက် စံပယ်ခြံလမ်း အမှတ်(၆၂)ရှိ ငြိမ်းချမ်းအောင်၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်း စက္ကူပုံးထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၆၈၀၊ ဆေးခြောက်တစ်ကီလိုနှင့် အိပ်ခန်းရှိ ဗီရိုအတွင်းမှ တရုတ်နိုင်ငံလုပ် 91 လက်ပစ်ဗုံးတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ငြိမ်းချမ်းအောင်(၃၇ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ၂၀၁၄ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်ပတ်လည် အစီရင်ခံစာထုတ်ဝေ

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယ (၅) နှစ်စီမံကိန်း(၂၀၁၂ -၂၀၁၆)ကို စနစ်တကျအကောင်အထည်ဖော်လျက်ရှိရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ၂၀၁၄ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်ပတ်လည်အစီရင်ခံစာကို ယခုလအတွင်းထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာ နိဒါန်းတွင် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများ၏ ဒုတိယငါးနှစ်စီမံကိန်းတွင် နိုင်ငံတကာမှ လက်ခံသောစံနှုန်းများပါဝင်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ ဥပဒေအရ အရေးယူသည့်လုပ်ငန်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်း၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှု မြှင့်တင်ရေးလုပ်ငန်းများ ပါဝင်ကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှုပပျောက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲမှုများဖြစ်ထွန်းခဲ့ပြီး မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးစီမံကိန်းများတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ ပြည်ပရောက် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်ခြင်း၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒများချမှတ်ခြင်း။

အဓမ္မ လုပ်အားခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အလုပ်သမားအစည်းအရုံးများ ဖွဲ့စည်းထူထောင်ခွင့် ခွင့်ပြုခြင်း၊ အရွယ်မရောက်သေးသူများ စစ်မှုထမ်းခွင့်မပြုရေးအတွက် ကုလသမဂ္ဂနှင့်ပူးပေါင်း၍ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်း။

ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးခြင်း၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများနှင့် အလုပ်အကိုင် သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအတွက် လွယ်ကူသည့် အစီအမံများချမှတ်ခြင်း။

နိုင်ငံကူးလက်မှတ်များ မြန်ဆန်လွယ်ကူစေရန် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်ရှာဖွေရေး ပြပွဲ၊ ပြခန်းများ ကျင်းပပြုလုပ်ခြင်း၊ ပြည်ပအလုပ်အကိုင်အေဂျင်စီများ ထူထောင်ခွင့်ပြု၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာ၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ထို့ပြင် အစီရင်ခံစာတွင် မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေး ၊ စွမ်းရည်မြှင့်တင်ရေး စသည့် ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ၊ ထူးခြားသည့်စွမ်းဆောင်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အားသာချက် ၊ အားနည်းချက်များပါဝင်သည့် လူကုန်ကူးမှုဆိုင်ရာ နှစ်ပတ်လည် ဆောင်ရွက်ချက်အပေါ် သုံးသပ်တင်ပြခြင်းဟူ၍ အခန်းကဏ္ဍ ခုနစ်ခုဖြင့် အသေးစိတ်ရှင်းလင်းချက်များ ပါဝင်သည်။

အစီရင်ခံစာ နိဂုံးတွင် ၂၀၁၄ ခုနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား ခြုံငုံသုံးသပ်မှု အဖြစ် အာဆီယံ-အမေရိကန်နှင့် မြန်မာ-အမေရိကန် ပူးပေါင်း၍ လူကုန်ကူးမှုပူးပေါင်း တိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း။


အိမ်နီးချင်းနိုင်ငံများသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ၊ ရေလုပ်သားများအား တရားဝင်ဖြစ်စေရေးအတွက် ယာယီ နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခြင်း၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေးတို့အတွက် ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံတို့နှင့် နားလည်မှုစာချွန်လွှာများ ချုပ်ဆိုနိုင်ခြင်းကြောင့် တရားမဝင် မြန်မာအလုပ်သမားများ လူကုန်ကူးခံရမည့်အန္တရာယ်မှ ကယ်တင်နိုင်ခဲ့ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ၌ ပြည်တွင်းလူကုန်ကူးမှုများ မဖြစ်ပေါ်စေရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း။

လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ရာ၌ ပိုမိုထိရောက်စေရန် ၂၀၀၅ ခုနှစ်တွင် ရေးဆွဲခဲ့သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအား ပြန်လည်ပြင်ဆင်ခြင်းနှင့် နည်းဥပဒေရေးဆွဲခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ လူကုန်ကူးသူတရားခံများအား ပိုမိုထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်မည်ဖြစ်ပြီး လူကုန်ကူးခံရသူများအတွက်လည်း အခွင့်အရေးများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။


လူကုန်ကူးမှု တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအပေါ်အခြေခံ၍ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်တွင်း၊ ပြည်ပ လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရန်၊ ပြည်သူလူထုမှလည်း ပူးပေါင်းပါဝင်လာရေးကြိုးပမ်းဆောင်ရွက်သွားရန် အလေးအနက်တိုက်တွန်းကြောင်း ဖော်ပြထားသည်။

ယင်းအစီရင်ခံစာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၁၄ ခုနှစ်အတွင်း သုံးစွဲခဲ့သည့် ဘဏ္ဍာရေးရှင်းတမ်းများကိုလည်း ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် အလေးထားဆောင်ရွက်လျက်ရှိသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များကို myanmarhuman-trafficking. gov.mm တွင် အသေးစိတ်လေ့လာနိုင်ကြောင်း သိရသည်။


**(သတင်းစဉ်)**





၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှုဦးတည်သည့်နိုင်ငံများ




၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားသည့် လူကုန်ကူးမှုအမျိုးအစားများ




၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးသူ တရားခံဦးရေ အများဆုံးပါဝင်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ




၂၀၁၄ ခုနှစ်အတွင်း လူကုန်ကူးမှုအများဆုံးဖြစ်ပွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

# ပစ္စည်းလုယူသူများအား ဖမ်းဆီးရမိ

**ပြင်ဦးလွင် ဇူလိုင် ၂၀**

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၇)နေ မခိုင်လေး(၁၈ နှစ်)သည် သူငယ်ချင်းဖြစ်သူ သက်ဝေအောင်နှင့်အတူ ဆိုင်ကယ်ဖြင့် ပြင်ဦးလွင်မြို့ ဂန္ဓမာအဝိုင်းဘက်မှ ကန်တော်ကြီးဥယျာဉ်ဘက်သို့ မောင်းနှင်လာစဉ် ဇူလိုင် ၁၅ ရက် ည ၁၀ နာရီခန့်က ကန်တော်ကြီး ကန်ပေါင်အနီး အရောက်၌ မျက်နှာဖုံးများအုပ်ထားသည့်အသက် ၂၀ ခန့်ရှိ လူငယ်သုံး၊ လေးဦးခန့်က ဆိုင်ကယ်သုံးစီးဖြင့် လမ်းကိုပိတ်ရပ်၍ သက်ဝေအောင်၏ ပိုက်ဆံအိတ် (ငွေစက္ကူရောရာ ကျပ် ၄၀၀၀၀- နိုင်ငံသားစိစစ်ရေးကတ်ပါ) အားနှိုက်ယူပြီး မခိုင်လေး၏ လည်ပင်းတွင် ဆွဲထားသည့် ရွှေအလေးချိန် ခုနစ်ပဲခန့်ရှိ ရွှေဘယက်တစ်ကုံးအားဖြုတ်ယူခြင်း၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကိုဆွဲယူပြီး ဆိုင်ကယ်များဖြင့် မောင်းနှင်ထွက်ပြေးသွားသဖြင့် ပြင်ဦးလွင်မြို့မရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

အဆိုပါ အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ဇူလိုင် ၁၈ ရက်က ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများမှာ ဝေယံ (၁၈ နှစ်)၊ ဖြိုးပိုင်(ခ)ဘယ်ကျော်(၁၉ နှစ်)၊ သားကြီး(ခ)အောင်အောင်ရှိန် (၂၀နှစ်)၊ သူရိန်(ခ)ဇွဲသူရိန်ထွန်း (၁၉ နှစ်)၊ လင်းအောင်(ခ)ထက်လင်းအောင် (၁၉ နှစ်)၊ အောင်ကောင်း (၁၉ နှစ်)တို့ဖြစ်ကြသည်။

ဖမ်းဆီးရမိသူ ခြောက်ဦးအား စစ်ဆေးချက်အရ ၄င်းတို့ကျူးလွန်ခဲ့ကြောင်း ထွက်ဆိုပြီး အမှုမှသက်သေခံပစ္စည်းများဖြစ်သည့် မျိုးထက်အမည်ပါ ပုလဲရွှေဆိုင်မှ ဝယ်ယူထားသည့် ရွှေဝယ်ဘောက်ချာတစ်စောင်၊ ဆိုင်ကယ်တစ်စီး၊ ဓားရှည်တစ်ချောင်း၊ လက်ကိုင်ဖုန်းတစ်လုံး၊ ခေါက်ပိုက်ဆံအိတ်တစ်လုံး၊ သက်ဝေအောင်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ အလေးချိန် ၆ ပဲ ၁ ရွေးရှိ အသည်းပုံ ဘောလုံးလေးများဖြင့် ပြုလုပ်ထားသည့် ရွှေဘယက်တစ်ကုံး (ပြတ်လျက်)ကို သက်သေများရှေ့ ပေးအပ်သဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ ခြောက်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



# ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ



**ရန်ကုန် ဇူလိုင် ၂၀**

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သမဝါယမတန်ဆောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဇေဘဒ္ဒန္တကုသလက အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် ဖြစ်ပေါ်လာမည့် အခြေခံပညာရေး ဥပဒေနှင့်အညီ သင်ကြားပေးရန်လိုအပ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ သင်ကြားရေးဆရာ၊ဆရာမများကိုလည်း သင်ရိုးညွှန်းတမ်းသစ်များကို ကျွမ်းကျင်စွာ သင်ကြားပို့ချနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ရေး သင်တန်းများ ခေါ်ယူပို့ချပေးမည်ဖြစ်ကြောင်း။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ နဝမတန်းနှင့် ဒသမတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ပြင်ပဖြေဆိုနိုင်ရန် ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးနေကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် စာသင်ကျောင်းများ၌ရှိရမည့် အင်္ဂါရပ်များနှင့်လည်း ပြည့်စုံညီညွတ်မှုရှိစေရန် ဆရာတော်များဘက်က ကြိုးပမ်းဖြည့်ဆည်း ပေးစေလိုပါကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး၊ သင်ကြားမှုပိုင်း အဆင့်မြင့်မားရေးတို့အတွက် ဆရာ၊ ဒကာ လက်တွဲညီညာစွာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အတွင်းရေးမှူးဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အဆင့်မြှင့်တင်ရေးနှင့် သင်ကြားရေးပိုင်းဆိုင်ရာများ တိုးတက်စေရေးတို့အတွက် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ တိုးတက်ပြုပြင်ပြောင်းလဲမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားကြပြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဝင် ဘဒ္ဒန္တစိန္တိတာလင်္ကာရ (မော်ကျွန်းဆရာတော်)က ဩဝါဒကထာ မြွက်ကြားသည်။

**( သတင်းစဉ်)**

# ဒီရေတောအခြေပြု ကမ်းရိုးတန်းဒေသစီမံအုပ်ချုပ်မှုဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာနိုင်ငံသည် အင်ဒို-မြန်မာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနယ်မြေအတွင်းပါဝင်ပြီး ဒေသတွင်းနိုင်ငံများတွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သော အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ မှီတင်းနေထိုင်ရာ ဒေသဖြစ်သည့်အတွက် အာရှဒေသ၏ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ နောက်ဆုံးခံတပ်ဟူ၍ ပညာရှင်များက တင်စားခေါ်ဝေါ်ခဲ့ကြပါကြောင်း၊ ကမ်းရိုးတန်းအရှည် ကီလိုမီတာ ၂၈၀၀ ကျော်ရှိသည့် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသည့် ဒီရေတော၊ သန္တာကျောက်တန်းနှင့် ပင်လယ်မြက်ခင်းစသည့် ကမ်းရိုးတန်းဂေဟစနစ်များ တည်ရှိပါကြောင်း။

အဆိုပါ ဂေဟစနစ်များသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေးတို့ကို အထောက်အကူပြုနေသည့် ငါး၊ပုစွန်များ မှီတင်းနေထိုင်ရာဒေသများဖြစ်သည့်အပြင် လေပြင်းမုန်တိုင်းနှင့် ဆူနာမီရေလှိုင်းများစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးစေရန် ကာကွယ်ပေးနိုင်ပါကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာညီညီကျော်က ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာအဖွဲ့၊ အနာဂတ်အတွက် ဒီရေတောများအဖွဲ့၊ မြန်မာ့ပတ်ဝန်းကျင် ထူထောင်ထိန်းသိမ်းရေး ကွန်ရက်စသည့် အဖွဲ့အစည်းများနှင့် ပျိုးပင်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် "မြန်မာနိုင်ငံတွင် ဒီရေတော အခြေပြုကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်မှုဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ"၌ ပြောကြားသည်။

ဆက်လက်၍ အနာဂတ်အတွက် ဒီရေတောများအဖွဲ့မှ Senior Programme Manager ဖြစ်သူ Ms. Connie Chiang နှင့် မြန်မာ့ပတ်ဝန်းကျင် ထူထောင်ထိန်းသိမ်းရေးကွန်ရက်မှ ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်တို့က မြန်မာနိုင်ငံတွင် ဒီရေတောအခြေပြု ကမ်းရိုးတန်းဒေသစီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည့်အပြင် ဒီရေတောနှင့် ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း ကျွမ်းကျင်ပညာရှင်များက စာတမ်းအစောင် ၂၀ တင်သွင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ဖိုးညီ(မန္တလေး)**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားရာ ရေဘေးသင့်သူများအား ကူညီဆောင်ရွက်နေမှုကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

# ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း အဆင့်တိုးမြှင့်

**လယ်ဝေး ဇူလိုင် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ကြို့တန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား အစိုးရအခြေခံပညာ မူလတန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၀ ရက်က ကျင်းပသည်။

ယခုဖွင့်လှစ်ခဲ့သော ကြို့တန်းမူလတန်းကျောင်းခွဲသည် ၁၉၃၈ ခုနှစ်မှစ၍ ကိုယ့်အားကိုယ်ကိုး မူလတန်းစာသင်ကျောင်း တစ်ကျောင်းအဖြစ် သင်ကြားလျက်ရှိပြီး ယခုအခါ နိုင်ငံတော်မှ အစိုးရအသိအမှတ်ပြု မူလတန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးလိုက်ခြင်း ဖြစ်ကြောင်းနှင့် စာသင်ကျောင်းမြေ အကျယ်အဝန်းမှာ ၃ ဒသမ ၃၆ ဧက ရှိ၍ စာသင်ဆောင်မှာ ပေ (၆၀×၂၀)ရှိ စာသင်ဆောင်ဖြစ်ကာ ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**

**❐ ကျောဖုံးမှ**

အလားတူ အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်းရောက်ရှိခဲ့သော မြန်မာနိုင်ငံမှ ရေလုပ်သားများအား အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီး၍ အိန္ဒိယနိုင်ငံ၏ ဥပဒေအရ ပို့ဘလဲယား အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာသူများအား နိုင်ငံတော်အစီအစဉ်ဖြင့် လေကြောင်းမှ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ၁၄၂ ဦး၊ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ၁၂၃ ဦး၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ၄၁၁ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ယခုနှစ်အတွင်း ပြစ်ဒဏ်ပြီးဆုံး၍ Adaman & Nicobar Island ရှိ ပို့ဘလဲယားအကျဉ်းထောင်မှ လွတ်မြောက်ခဲ့သော်လည်း ၎င်းအကျဉ်းထောင်အပြင်ဘက်ရှိ စခန်းများတွင် ထိန်းသိမ်းထားရှိသော မြန်မာရေလုပ်သားများအား Adaman & Nicobar Island နှင့် အနီးဆုံး မြန်မာနိုင်ငံပိုင် ကိုကိုးကျွန်းသို့ ရေလမ်းကြောင်းမှ ပို့ဆောင်ပေးနိုင်ရန် နယူးဒေလီရှိ မြန်မာသံရုံးအနေဖြင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာဘက်မှ အဆိုကို အိန္ဒိယဘက်မှ သဘောတူသည့်အတွက် မြန်မာရေလုပ်သားများကို အိန္ဒိယကမ်းခြေစောင့် သင်္ဘောများဖြင့် ကိုကိုးကျွန်းသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး နှစ်ဖက်ညှိနှိုင်း၍ မှတ်သုံးရာသီအပြီး နိုဝင်ဘာလမှ မတ်လအတွင်းတွင် စတင်စီစဉ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာရေလုပ်သားများသည် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ရေပိုင်နက်အနီးတွင် လေမုန်တိုင်းမိခြင်း၊ စက်လှေပျက်ခြင်းနှင့် ရေပိုင်နက်မှားယွင်း၍ တရားမဝင် ဝင်ရောက်မိခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်းသို့ ရောက်ရှိသွားခဲ့သဖြင့် အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့ကဖမ်းဆီးပြီး အိန္ဒိယနိုင်ငံ၏ ဥပဒေအရတရားစီရင်၍ Adaman & Nicobar Island ရှိ ပို့ဘလဲယားအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများဖြစ်သည်။

မြန်မာရေလုပ်သားများစာရင်းကို Adaman & Nicobar Island အုပ်ချုပ်ရေးအဖွဲ့က အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှတစ်ဆင့် မြန်မာသံရုံးသို့ အကြောင်းကြားလာမှုအပေါ် မြန်မာသံရုံးမှ မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီးနောက် နယူးဒေလီမြို့၊ မြန်မာသံရုံးမှ သံရုံးကိုယ်စားလှယ်တစ်ဦး၊ ကော်လ်ကတ္တားမြို့ ကောင်စစ်ဝန်ချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦးတို့သည် စခန်းများသို့ သွားရောက်၍ Bio Data များကောက်ယူခြင်း၊ Certificate of Identity (C of I) ပြင်ဆင်ပေးခြင်းနှင့် မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**▲ ကျောဖုံးမှ**

အဆိုပါ နောင်တုံကန်သည် ၃၅ ဒသမ ၇၆၂ ဧကရှိပြီး သုံးနှစ်တစ်ကြိမ်၊ နှစ်နှစ်တစ်ကြိမ် အလားတူဖြစ်ရပ်များဖြစ်ပေါ်လေ့ရှိရာ အချို့ဒေသခံပြည်သူများသည် ငါးများအမြန်ဖမ်းယူပြီး ငါးပိများပြုလုပ်ခဲ့ကြသည်။ အောက်စီဂျင်နည်းပါးခြင်းကြောင့်ဖြစ်ရသည်ဟု သုံးသပ်ပြီး ဒေသခံများက နောင်တုံကန်သာယာလှပရေးအဖွဲ့အမြန်ဖွဲ့စည်းပြီး ရေရဟတ် ၁၀ ခုခန့် ဝယ်ယူထည့်သွင်းထားရှိရေးအတွက် အကြံပြုစီစဉ်နေကြောင်းနှင့် ကန်တွင်းရှိ ငါးများသေဆုံးရခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာငါးမွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့က ဆက်လက်လေ့လာစုံစမ်းလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၄ ဒသမ ၄၉ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ လောင်းလုံးမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၇၀ လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၂ဒသမ ၈၃ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၇၁ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၆၇ လက်မ၊ နေပြည်တော် (လေဆိပ်)တွင် ၁ ဒသမ ၈၉ လက်မ၊ နေပြည်တော်(ပျဉ်းမနား)တွင် ၁ ဒသမ ၈၅ လက်မနှင့် နေပြည်တော် (လယ်ဝေး)တွင် ၀ ဒသမ ၇၃ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

❖ *ရွှေဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့သို့ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကန့်ဘလူမြို့မှ ဆက်လက်ထွက်ခွာရာ မင်းမြင်ရေလှောင်တမံသို့ရောက်ရှိပြီး ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့သည့်တမံရေတိုက်စားမှုကို ရွှေဘိုတပ်နယ်မှ တပ်မတော်သားများက ပြန်လည်ပြုပြင်လုပ်အားပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးချုပ်တို့က လုပ်အားပေးနေသည့် တပ်မတော်သားများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် တမံအတွင်း ရေစီးဝင်မှု၊ ရေတိုက်စားခဲ့မှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တမံအနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ မိုးရွာသွန်းမှုနှင့် စိုက်ပျိုးရေးအခြေအနေတို့ကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တမံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးက တမံဆိုင်ရာ အချက်အလက်များ၊ ရေသိုလှောင်နိုင်မှု၊ ဇူလိုင်လအတွင်း ထူးကဲစွာ နေ့ညမပြတ် မိုးရွာသွန်းမှုကြောင့် ဆည်အတွင်း ရေဝင်ရောက်လာမှု၊ ရေများတမံပေါ်ကျော်ခဲ့မှု၊ ဆည်အောက်ရှိ ကျေးရွာများအား ရွှေ့ပြောင်းပေးခဲ့မှုနှင့် ဆည်တမံများအား မကျိုးပေါက်အောင် စီမံဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ဆည်တမံများ ကြံ့ခိုင်ရေးနှင့် ထူးကဲမိုးရွာသွန်းမှုကြောင့် ရေကြီး၊ ရေလျှံမှုများ မဖြစ်ပေါ်စေရန်အတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကြုံတောင့်ကြုံခဲဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း ဆည်များကို ခိုင်ခံ့မှုအပြည့်အဝရရှိရန်အတွက် စနစ်တကျစီမံဆောင်ရွက်ကြရန်နှင့် မိုးနှောင်းကာလတွင် ထပ်မံရွာသွန်းရန် ကျန်ရှိနိုင်မှုကို ကြိုတင်ခန့်မှန်းပြီး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ တစ်နိုင်ငံလုံးရှိ ဆည်တမံများ ကြံ့ခိုင်ကောင်းမွန်ရေး စစ်ဆေးဆောင်ရွက်သွားရန်၊ မင်းမြင်ရေလှောင်တမံ ကျိုးပေါက်မှုမရှိအောင် ထိန်းသိမ်းနိုင်ခြင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု၊ ဌာနဆိုင်ရာများ၏ ကျွမ်းကျင်မှု၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အလားတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သဖန်းဆိပ်ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးကြည်ဆွေက တမံဆိုင်ရာ အချက်အလက်များ၊ ရေသိုလှောင်နိုင်မှု၊ လအလိုက် မိုးရွာသွန်းမှု၊ ယခုနှစ် ရေဝင်ရောက်မှုနှင့် ယမန်နှစ်များက ရေဝင်ရောက်ခဲ့မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဝန်ကြီးချုပ် ဦးသာအေးတို့က စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတို့အတွက် ရေပေးဝေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆည်ကြံ့ခိုင်မှုကို အမြဲမပြတ်စစ်ဆေးရန်၊ ရေကင်းချထားရန်၊ နှစ်စဉ် ဆည်အတွင်း သဲနုန်းပို့မှုကို တွက်ချက်ပြီး စိုးရိမ်ရေအမှတ်ကို ပြန်လည်စစ်ဆေးသွားရန်၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေစီးဝင်မှု၊ ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုအခြေအနေနှင့် ရေကူအဆောက်အအုံရှိ ဆည်ရေထုတ်တံခါးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သဖန်းဆိပ်ရေလှောင်တမံသည် အရှေ့တောင်အာရှတွင် အလျားအရှည်ဆုံး ဆည်တစ်ခုဖြစ်ပြီး နှစ်စဉ်ပျမ်းမျှစပါးစိုက်ဧက ၈ ဒသမ ၂ သိန်းကို အကျိုးပြုလျက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမှာ နှစ်စဉ်ပျမ်းမျှ ၁၁၈ ဒသမ ၄၉၅ ကီလိုဝပ်နာရီသန်းဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၉ သို့*



**MJAS မှ ဒုတိယဥက္ကဋ္ဌ Mr.Futoshi Hiroi နှင့် အထွေထွေမန်နေဂျာ Mr. Yosuke Shigemori တို့က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးအုန်းမြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းမြင်ရေလှောင်တမံ ရေတိုက်စားမှုကို ပြန်လည်ပြုပြင်လုပ်အားပေးသည့် ရွှေဘိုတပ်နယ်မှ တပ်မတော်သားများအား အားပေးစကားပြောကြားပြီး မိုးကာအင်္ကျီများ ဝတ်ဆင်ပေးစဉ်။** (ဓာတ်ပုံ-မြဝတီ)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းမြင် ရေလှောင်တမံ ရေတိုက်စားမှုကို ပြန်လည်ပြုပြင်လုပ်အားပေးသည့် ရွှေဘိုတပ်နယ်မှ တပ်မတော်သားများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။** (ဓာတ်ပုံ-မြဝတီ)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျွန်းလှမြို့ စုပေါင်းခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ မှ*

ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၂၈၈၀၀၀၀ ဖြစ်ပြီး လက်ရှိကန်ရေပြည့်ပမာဏမှာ ဧကပေ ၂၀၁၀၀၀၀ ရှိသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ကျွန်းလှမြို့သို့ ရောက်ရှိပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျွန်းလှမြို့နယ် စုပေါင်းခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌတို့က မြို့နယ်အတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျေးရွာ လျှပ်စစ်မီးရရှိရေးနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးတို့ကို တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇူလိုင်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကသာခရိုင်၊ ကန့်ဘလူခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် ရေကြီးရေလျှံဖြစ်ပေါ်မှု၊ သဘာဝဘေးကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ဒေသခံများ၏ တင်ပြချက်များကို ပြန်လည်စိစစ်၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

မြို့နယ်တစ်မြို့နယ်၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်မှာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရန် လိုအပ်သကဲ့သို့ တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက် ကျယ်ပြန့်ကောင်းမွန်ပြီး လျှပ်စစ်မီးရရှိရန်လည်း လိုအပ်ပါကြောင်း။

ရရှိပြီးဖြစ်သော လျှပ်စစ်မီးကို သာမန်ကိစ္စရပ်များတွင် အသုံးပြုမှုဖြင့် ကျေနပ်မနေဘဲ ဒေသထွက်ကုန်များနှင့် သဘာဝအရင်းအမြစ်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေတိုးတက်ပြီး မိမိတို့ဒေသသည်လည်း အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးသည်လည်း အရေးကြီးပါကြောင်း။

ထိုသို့ လုပ်ဆောင်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် အထူးလိုအပ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့ မျိုးဆက်သစ်များကို ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဉာဏ်သွေး မြင့်မားသူများဖြစ်အောင် ပြုစုပျိုးထောင်ကြရန် လိုအပ်ပါကြောင်း။

ထို့ပြင် စည်းလုံးညီညွတ်မှုရှိရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိရန်လည်း အထူးလိုအပ်ပါကြောင်း၊ ကျွန်းလှမြို့သည် တည်ငြိမ်အေးချမ်းသည့် ဒေသတစ်ခုဖြစ်သည့်အတွက် စည်းစည်းလုံးလုံး တက်ညီလက်ညီဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျှင် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာတွင် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက တိုင်းထွာချက်များအရ ကန့်ဘလူစခန်း၌ မိုးရေချိန်မှာ ၇ ဒသမ ၈၃ လက်မအထိရှိခဲ့သဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၂၄ နှစ်အတွင်း စံချိန်သစ်တင်ခဲ့သည်။

ထိုသို့ စံချိန်တင် ရွာသွန်းမိုးကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာ၊ ထီးချိုင့်၊ ကောလင်း၊ အင်းတော်၊ ဝန်းသို၊ ပင်လည်ဘူး၊ မင်းကင်း၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ရေဦးနှင့် ဘုတလင်မြို့နယ်များ အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၁၄၂ အုပ်စုမှ တောင်သူပေါင်း ၁၃၈၅၁ ဦး၏ နွေစပါး ၂၄၅၃ ဧက၊ မိုးစပါး ၃၆၆၈၉ ဧကနှင့် မိုးစပါးပျိုးခင်း ၃၁၄၇ ဧကတို့ ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းမြင်ရေလှောင်တမံ အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မိုးရွာသွန်းမှုနှင့် စိုက်ပျိုးရေးအခြေအနေ မေးမြန်းစဉ်။ (ဓာတ်ပုံ-မြဝတီ)



မင်းမြင်ရေလှောင်တမံ ရေတိုက်စားမှုအား ပြန်လည်ပြုပြင်ရာတွင် လုပ်အားပေးသည့်တပ်မတော်သားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-မြဝတီ)

**ကျွန်းလှမြို့သည် တည်ငြိမ်အေးချမ်းသည့် ဒေသတစ်ခု ဖြစ်သည့်အတွက် စည်းစည်းလုံးလုံး တက်ညီလက်ညီဖြင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျှင် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာမည်**

# ရေလွှမ်းမိုးမှု ဖြစ်လာလျှင် ဘာလုပ်ရမလဲ

စိုးမိုး

**မိုးတွင်းကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှု၊ မုန်တိုင်းတိုက်ခတ်မှုနှင့် ရေကြီးရေလျှံမှုများ တွေ့ကြုံရလေ့ရှိရာ ဇွန်လကုန်နှင့်ဇူလိုင်လဆန်းတို့တွင် ရခိုင်ပြည်နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ဇူလိုင် ဒုတိယပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ ဆည်တာတမံ ရေလွှဲများ ရေထုတ်လွှတ်မှုများပြားမှုကြောင့် ကျေးရွာအချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည်။**

ယင်းသို့ သဘာဝဘေးအန္တရာယ်ကြောင့် ရေလွှမ်းမိုးမှုများကို ကြိုတင်ကာကွယ်ရန်နှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ပါက လိုက်နာဆောင်ရွက်ရန် အချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ဘေးဒုက္ခများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူများမှ လိုက်နာဆောင်ရွက်ရန် အချက်များအဖြစ် ထုတ်ပြန်ကြေညာထားရာ -

ရေလွှမ်းမိုးနိုင်ခြေရှိသောဒေသနေပြည်သူများအနေဖြင့် ----

**ရေလွှမ်းမိုးမှုမတိုင်မီ**

- ♦ မိုးလေဝသသတင်းကို အမြဲမပြတ်နားထောင်ပါ။
- ♦ ရွှေ့ပြောင်းထွက်ခွာရေးအိတ်တစ်ခုကို ပြုလုပ်ထားပါ။
- ♦ ရွှေ့ပြောင်းထွက်ခွာရေးလမ်းကြောင်းများကို လေ့ကျင့်မှတ်သားထားပါ။
- ♦ အိမ်မွေးတိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားပါ။
- ♦ သင့်နေအိမ်အား ခိုင်ခံ့အောင် ပြင်ဆင်ပါ။

သဘာဝဘေးအန္တရာယ် လျှော့ချရေး ( Disaster Risks Reduction-DRR) ကဏ္ဍတွင် အရေးကြီးသည့် ကြိုတင်ပြင်ဆင်မှုအဖြစ် ရွှေ့ပြောင်းထွက်ခွာရေးအိတ် ( Migration Bag ) တွင်

- ♦ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအတွက် ရေလုံအိတ်၊
- ♦ ငွေစက္ကူနှင့် တန်ဖိုးရှိပစ္စည်းများအတွက် ရေလုံအိတ်၊
- ♦ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့်အဝတ်အထည် နှစ်စုံခန့်အတွက် ရေလုံအိတ်၊
- ♦ အရေးပေါ်ချက်ပြုတ်စားသောက်ရန် အိုးခွက်နှင့် အစားအစာတို့အတွက် ရေလုံအိတ်များ ကြိုတင်ပြင်ဆင်၍ ထုပ်ပိုးထားသင့်သည်။

အရေးကြီးဆုံးအချက်အနေဖြင့် ရေကြီးရေလျှံချိန်တွင် ရေနစ်သေဆုံးမှုများမဖြစ်ပေါ်စေရန် ရေပေါ် ပေါ်နိုင်သည့် ဗောကွင်း၊ ကျွတ်တာယာ၊ ရေသန့်ဘူးကြီးနှင့် ဝါးပိုးဝါးလုံးကြီးများကို ကြိုတင်ပြင်ဆင်ထားသင့်သည်။

**ရေတက်နေစဉ်**

- ♦ အန္တရာယ်ရှိ၍ပြောင်းရွှေ့ရန်လိုအပ်ပါက စနစ်တကျပြောင်းရွှေ့ပါ။
- ♦ အစားအစာများကိုသေချာစွာချက်ပြုတ်ပါ။ စနစ်တကျဖုံးအုပ်ပါ။
- ♦ မတော်တဆ ထိခိုက်ဒဏ်ရာများနှင့် ရေကြောင့် ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရန်နှင့် အတူပါလာသော အဆိပ်ရှိသတ္တဝါများ တုပ်ခြင်း၊ ကိုက်ခြင်းတို့ကို သတိထားပါ။ ဆုံရပ်သို့သွားပါ။
- ♦ မလိုအပ်ဘဲရေစိုမခံပါနှင့်။ အိမ်ထဲတွင်နေပါ။
- ♦ လျှပ်စစ်မီးခလုတ်ကို ပိတ်ပါ။ အိမ်မှ ထွက်ခွာလျှင် လုံခြုံရေးအတွက် ပြတင်းပေါက်များကို ပိတ်ထားပါ။

**ရေပြန်ကျပြီးနောက်**

- ♦ ရေကြီးခဲ့သော နေရာ အဆောက်အအုံသို့ ချက်ချင်းပြန်မသွားရ၊
- ♦ မှောင်နေပါက လက်နှိပ်ဓာတ်မီး အသုံးပြုပါ။
- ♦ နေအိမ်အနီး လျှပ်စစ်ဓာတ်ကြိုးများ၊ တယ်လီဖုန်းကြိုးများ ပြတ်ကျနေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ အကြောင်းကြားပါ။
- ♦ ရေမြုပ်နေသော လျှပ်စစ်ပစ္စည်းများကို တွေ့ရှိပါက ခလုတ်မဖွင့်ပါနှင့်။ လျှပ်စစ်ကျွမ်းကျင်သူအား အရင်စစ်ဆေးခိုင်းပါ။
- ♦ ရေကို ကျိုချက်သောက်ပါ။

စသည့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီဆိုလျှင် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်

- ♦ ကယ်ဆယ်ရေးစခန်းများ အမြန်တည်ထောင်ရန်နှင့် ခြောက်သွေ့သည့်နေရာ၊ ရေဘေးလွတ်ကင်းနိုင်သည့်နေရာ၊ ကျယ်ဝန်းသည့်နေရာများ (ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း)တွင် ခေတ္တနေရာချထားခြင်း၊
- ♦ သန့်ရှင်းသောရေအရင်းအမြစ်များ ရှာဖွေပြင်ဆင်ခြင်း၊ အများသုံးရေချိုးခန်း၊ အိမ်သာများ ကျား၊ မ ခွဲ၍ အမြန်ဆုံးတည်ဆောက်ခြင်း၊
- ♦ ကျန်းမာရေး ဆေးပေးခန်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးနှင့် သက်ကြီးရွယ်အိုနှင့် နာတာရှည်ရောဂါဝေဒနာသည်များအား အမြန်ဆုံးနေရာချထားနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊
- ♦ သောက်သုံးရေနှင့် အစားအစာများ ချက်ပြုတ်ကျွေးမွေးနိုင်ရန် အမြန်ဆုံး စီစဉ်ခြင်း၊
- ♦ အိုးခွက်ပန်းကန်များ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးပစ္စည်းများနှင့် အဝတ်အထည်များ ဝေငှနိုင်ရန် စီစဉ်ခြင်း၊
- ♦ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများ စုစည်းပြင်ဆင်ခြင်း၊
- ♦ ယင်းလုပ်ငန်းများဆောင်ရွက်ဆဲတွင် တစ်ဖက်မှလည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများက ရေဘေးသင့်သူများရှာဖွေခြင်း၊ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလာသူများကို စနစ်တကျ စာရင်းပြုစု၍ ကျား၊ မ ခွဲခြားနေရာချထားခြင်း၊ ထောက်ပံ့ပစ္စည်းတွေ စနစ်တကျ ဝေငှခြင်း၊ ဆေးဝါးကုသပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာဖြန့်ဝေခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ခြင်း၊
- ♦ သဘာဝဘေးအန္တရာယ်မှ ကျော်လွန်ကာလများတွင် သဘာဝဘေးဒဏ်ခံပြည်သူများအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်စီမံခြင်း။

လုပ်ငန်းများကို ရေတိုစီမံခန့်ခွဲမှုများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်လိုကြောင်း သိရသည်။



ဓာတ်ပုံ - ကန့်ဘလူသတင်းစုံ

## မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ မူးမြစ်ရေများဝင်ရောက်

**မုံရွာ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဇူလိုင်လ ၁၉ ရက် ည ၁၁ နာရီခန့်မှ စတင်ကာ မူးမြစ် ရေမြင့်တက်လာပြီး ရေများ ဝင်ရောက်လာကြောင်း သိရှိရသည်။

အဆိုပါ မူးမြစ်ရေများသည် ခင်သာကျေးရွာအုပ်စု အောင်စည်ကျေးရွာ၊ ရှောက်ခါးကျေးရွာ၊ အောင်သာကျေးရွာအုပ်စု အောင်သာကျေးရွာ၊ ဝက်ခဲကျေးရွာအုပ်စု ဝက်ခဲကျေးရွာ၊ ကြွေပုဂံကျေးရွာ၊ သလဲဘာကျေးရွာအုပ်စု သလဲဘာကျေးရွာ၊ စပါးတွင်းကျေးရွာ၊ ဆင်တလည်ကျေးရွာအုပ်စု ဆင်တလည်ကျေးရွာ၊ ဇရစ်ကျေးရွာအုပ်စု ကုတို့ကိုင်းကျေးရွာ၊ ဒိုးဒစ်ကျေးရွာအုပ်စု ပေါက်ပင်ဆိပ်ကျေးရွာများသို့ ဝင်ရောက်ခဲ့သည်။

မူးမြစ်ရေသည် ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် စိုးရိမ်ရေအမှတ် ၂၄ ပေ ရောက်ရှိနေသောကြောင့် မော်တော်ယာဉ်များ သွားလာရာ မူးမြစ်ကူးတံတား (သမရိုးတံတား) အား ဖြတ်သန်းခွင့်မရှိရေး ခရိုင်နှင့် မြို့နယ် စီ/ခန့်၊ ဌာနဆိုင်ရာများ စခတ(၁၀)လေ့ကျင့်ရေးတပ်သားများ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့တို့နှင့် ကျေးရွာပြည်သူတို့ ပူးပေါင်း၍ ရေဝင်သည့် ကျေးရွာအိမ်ခြေများနှင့် ရေကျော်နေသည့် လမ်းပိုင်းတို့ကို အန္တရာယ်မရှိစေရေး စီမံစောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဝက်လက်မြို့နယ် ကျေးရွာ ၁၃ ရွာတွင် ရေကြီးရေလျှံမှုဖြစ်ပွား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဝက်လက် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၂၀ ရက်က ဝက်လက်မြို့အနောက်ဘက် မူးမြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းဘေးတစ်လျှောက်ရှိ သမရိုး၊ တည်တော၊ မူးကမ်းလေး၊ နဘဲလှ၊ ရွှေအိုးရ၊ မြင်းသည်၊ မင်းကန် ၊ သရက်ချိုကျောက်ကုန်း၊ စွယ်တွေ့၊ ဥယျာဉ်သာ၊ မူးကြိုး၊ ရွှေပန်းကုန်း စသည့်ကျေးရွာ ၁၃ ရွာရှိ အိမ်ခြေ ၁၅၄၇ လုံးသို့ မြစ်ရေဝင်ရောက်ခဲ့ရာ ဝက်လက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရေဘေးကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်နေရာချထားရေးအဖွဲ့များဖွဲ့စည်းပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း မုတ်သုံလေ အားကောင်းနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# မြို့နယ်အချို့၌ ရေကြီးရေလျှံ၊ နေအိမ်များရေလွှမ်း၊ လမ်းများရေတိုက်စား၊ တံတားများကျိုးပျက်

## ကောလင်းမြို့၌ မိုးရွာသွန်း၍ ရေလွှမ်း

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ဇူလိုင် ၁၉ ရက်မှ စတင်၍ မိုးများရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အထက်ပိုင်း မိုးများပြီး အောက်ရေထောက်မှုကြောင့် ကောလင်းမြို့နယ်ရှိ ဇီးခုံ၊ ကြို့ခုံ၊ သရက်ခုံ၊ ရေကန်သာ၊ သဖန်းကုန်းရွာများ ပျက်စီးမှုများစွာရှိကြောင်း သိရသည်။

အဆိုပါရေကြီးမှုကြောင့် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ဝက်၊ နွား၊ ကြက်စသည့် တိရစ္ဆာန်များ ရေမျောဆုံးရှုံးခဲ့ကြရသည်။ အချိန်မီကယ်တင်မှုကြောင့် အချို့မှာလွတ်မြောက်ခဲ့သော်လည်း သယ်ယူမှုပြုချိန်မရသော စပါးတိုက်များစွာ ရေနစ်ဆုံးရှုံးခဲ့ရသည်။

ရေလှိုင်းထန်မှုကြောင့် လူတစ်ဦး အိမ်ခါးပန်းနှင့်ရိုက်ခတ်မိပြီး သေဆုံးကြောင်းသိရသည်။ ရေဘေးဒုက္ခသည်များသည် ကောလင်းမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် နီးစပ်ရာကုန်းမြင့်ဒေသများ၌ ခိုလှုံနေကြရပြီး မြို့နယ်မှ စားသောက်ရေးအတွက် ကူညီပေးကြသည်။

ထို့ပြင် ယင်းကဲ့သို့ ရေကြီးပြီး နောက်တစ်နေ့မှာပင် ဝန်းသိုဘက်မှရေများ ထပ်မံရောက်လာနိုင်ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**





## အင်းတော်ကွင်းချောင်းရေကျော်တံတားတွင် ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၂၀၀၀ ဖြင့် အခပေးပြီး သွားလာနေကြရ

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ကွင်းချောင်း ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ကာ ကွင်းချောင်းရေကျော်တံတားတွင် ဆိုင်ကယ်များ ဖြတ်သန်းသွားလာမောင်းနှင်၍ မရသောကြောင့် ဆိုင်ကယ်နှင့်သွားလာသူများမှာ ဆိုင်ကယ်တစ်စီးလျှင်ငွေကျပ်၂၀၀၀ ပေးကာ အထမ်းငှားပြီး ခရီးသွားလာနေကြရကြောင်း သိရသည်။

"ဆိုင်ကယ်တစ်စီးကို အငှားထမ်းခငွေကျပ် ၂၀၀၀ ရပါတယ်။ ဒါက နေ့ဈေးပါ၊ ညကိုတော့ ဘယ်လောက်နဲ့အငှားထမ်းရမယ်ဆိုတာအတည်ပြောလို့မရသေးပါဘူး"ဟု ဆိုင်ကယ်အငှားထမ်းသူက ပြောကြားသည်။ ဇူလိုင် ၁၆ ရက်မှ ၁၉ ရက် ညများအထိ စုဖွဲ့ကာ ဆိုင်ကယ်များကို အခယူပြီး ဆိုင်ကယ်အငှားထမ်းနေသူများ ရှိနေကြောင်း သိရသည်။

"အခုလိုဒုက္ခရောက်နေတာ ဆိုင်ကယ်ထမ်း ကူးပေးနေတဲ့လူတွေက အခကြေးငွေတွေကို ကိုယ်ရချင်သလောက် သတ်မှတ်ပြီး မတောင်းသင့်ဘူး။ ကျွန်တော်တို့ အခုဆိုရင် ရွှေဘိုကိုပြန်ကြရမှာဖြစ်ပါတယ်"ဟု ဆိုင်ကယ်ဖြင့် ခရီးသွားသူက ပြောကြားခဲ့သည်။ ကွင်းချောင်းသည် အင်းတော်မြို့နှင့် ၁၆ မိုင်အကွာအဝေးရှိပြီး ကြိမ်ချောင်းနှင့် ပိန်းအင်းကြားတွင်ရှိကာ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း အင်းတော်လမ်းပိုင်း၌ရှိကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

## အင်းတော်အင်းထွက်ပေါက် ချောင်းလယ်နောင်တံတား မပျက်စီးရေး ကျေးရွာပြည်သူများကြိုးတင်ကာကွယ်

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လယ်နောင်ကျေးရွာရှိ အင်းတော်အင်းထွက်ပေါက်ချောင်း လယ်နောင်ပေါင်းကူးသစ်သားတံတားကို ရေကြီးရေလျှံခြင်းများဖြစ်ပေါ်မှုကြောင့် တံတားရေထဲမျောမပါမသွားရန်အတွက် ဒေသခံတစ်ဦးဖြစ်သူ ဦးသိန်းက ဦးဆောင်ကာ ဇူလိုင် ၁၅ ရက်မှ ၁၉ ရက် ညများအထိ ဆက်လက်စောင့်ဆိုင်းကာ သစ်သားတံတားကို ငါးမူးခန့်ရှိသည့် အုန်းဆံကြိုးများဖြင့် ကာကွယ်လုပ်ဆောင်နေကြကြောင်းသိရသည်။ **(အောက်ပုံ)**

"တံတားကတော့ သစ်သားတံတားပါ၊ သစ်သားတံတားဆိုပေမယ့် ရွာအတွက် အတော်လေးအကျိုးရှိတဲ့ တံတားလို့ဆိုရမှာဖြစ်ပါတယ်"ဟု ဦးသိန်းက ပြောကြားသည်။

လယ်နောင်ရွာသည် အိမ်ခြေ ၁၀၀ ကျော်ရှိပြီး ရွာအတွင်း တစ်ညလျှင် ၃၅ ဦး နေ့ရောညပါ စောင့်ဆိုင်းကာ တံတားတိုင်များကို ကြိုးများဖြင့် ချည်နှောင်ခြင်း၊ အမှိုက်များ၊ သစ်ပင်များ၊ သစ်တုံးများ ရှင်းလင်းဖယ်ရှားခြင်းတို့ ပြုလုပ်ကာကွယ်နေကြရကြောင်း သိရသည်။

**(လ-၀၀၂)**

**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ် နားထောင်ပါ**





## မိုးသည်းထန်စွာရွာသဖြင့် တကောင်းမြို့ အနိမ့်ပိုင်းရေမြုပ်၊ လမ်းတံတားပျက်စီးမှုများ ပြင်ဆင်

**တကောင်း**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တကောင်းမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်အနက် ရပ်ကွက်(၁)အတွင်းရှိ ဈေးပတ်ဝန်းကျင် အနိမ့်ပိုင်းတွင် အိမ် ၂၀၊ အိမ်ထောင်စု ၂၂ စုခန့်သည် ရေမဆင်းနိုင်ဘဲ ရေဝပ်နေခဲ့ရာ ယခုအခါ ရေများပြန်လည်ကျဆင်းနေပြီဖြစ်သည်။

အလားတူ ဇူလိုင် ၁၉ ရက်က ကျွန်းကြီးကုန်းကျေးရွာ၌လည်း မြစ်ကမ်းပါးပြိုကျပါက မလွတ်ကင်းသည့် နေအိမ် ခုနစ်လုံးကို ရွှေ့ပြောင်းပေးခဲ့ပြီး ယနေ့တွင်လည်း ပြောင်းရွှေ့သင့်သည့်အိမ်များ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိသည်။

ထို့အပြင် တကောင်း - မြတောင်ကားလမ်း နောင်လုံတံတားမြောက်ဘက် ၄၈ မိုင်နှင့် ၄၈ မိုင် ၅ ဖာလုံကြားတွင် ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်းပျက်စီးသွားခဲ့ရာ တာဝန်ရှိသူများက မြေသားများ ချက်ချင်းဖို့ဆောင်ရွက်ပေးမှုကြောင့် အဆက်အသွယ်မပြတ်သွားလာနိုင်သည်။ သပိတ်ကျင်းမြို့နယ်အတွင်းရှိ (၇) မိုင် တကောင်းသွားကားလမ်း မိုင်တိုင်အမှတ် ၂၈/၁ နှင့် ၂၈/၄ ကြားတွင် ကားလမ်းအရှည်ပေ ၁၀၀ ခန့် ရေတိုက်စားမှုကြောင့် ကတ္တရာလမ်းမျက်နှာပြင် တစ်ပေခွဲခန့်သာကျန်ရှိပြီး ငါးပေခန့် မိုးရေတိုက်စား နိမ့်ကျသွားသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကိုကိုအောင်(တကောင်း)**

❀ *ကျောဖုံးမှ*

ရေကြီးရေလျှံမှုကြောင့် လမ်းတွင် ရပ်တန့်နေသည့် မဲဇာဘူတာရှိ အမှတ်(၅၆)အစုန်ရထားမှ ခရီးသည် ၅၅၂ ဦး၊ ကောလင်းဘူတာရှိ အမှတ် (၄၂)နှင့် (၅၈) အစုန် ရထားနှစ်စင်းတို့မှ ခရီးသည် ၅၈၆ ဦး၊ ကိုးထောင်ဘို့ ဘူတာရှိ အမှတ်(၃၄)နှင့်(၃၈) အစုန် အမြန်ရထားနှစ်စင်းမှ ခရီးသည် ၃၄၉ ဦးတို့အား ကောလင်းဘူတာ၌ ခေတ္တနေရာချထားပြီး အစားအစာများ ထောက်ပံ့ကျွေးမွေးခြင်း၊ ဆေးဝါးကုသပေးခြင်းတို့ကို မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ NGO အဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

မဲဇာဘူတာနှင့် ကိုးထောင်ဘို့ ဘူတာရှိ ရထားစီးခရီးသည်များ အတွက်လည်း မြန်မာ့မီးရထားနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ အစားအစာထောက်ပံ့ခြင်း၊ ဆေးဝါး ကုသပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေး-မြစ်ကြီးနား ကားလမ်း အသုံးပြုနိုင်ပြီဖြစ်၍ ခရီးသည်အချို့မှာ လိုရာခရီးသို့ ဆက်လက်ထွက်ခွာလျက်ရှိရာ မဲဇာဘူတာ၌ ခရီးသည် ၃၅၀ နှင့် ကောလင်းဘူတာ၌ ၁၉၄ ဦးသာကျန်ရှိပြီး ယင်းခရီးသည်များ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ တာဝန်ရှိသူများဖြင့် ညှိနှိုင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်လာသော သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများကို အဆင့်ဆင့် တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရထားလမ်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ကောလင်း၌ ရေကြီးရေလျှံမှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

## ဇွန်လအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် မအီမြို့၌ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည့် ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေပေးအပ်

**မအီ ဇူလိုင် ၂၀**

ဇွန်လအတွင်းက မအီမြို့၌ ရေကြီးနစ်မြုပ်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် အိမ်ထောင်စု ၆၆ စုအတွက် လတ်တလောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက လှူဒါန်းသည့် အလှူငွေကျပ် ၆၆ သိန်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက မအီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ငွေမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၆၆ စုရှိ ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ငွေး(ပြန်/ဆက်)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ကမ်းပါးပြိုကျသည့်နေရာနှင့် ကားလမ်းရေကျော်သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးတစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမ့်ရင်ချောင်းနှင့် နမ့်ကောင်းချောင်းများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစ၍ ရပ်ကွက်များအတွင်း ရေများဝင်ရောက်ခဲ့သဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ဒေသခံပြည်သူများနှင့် ပစ္စည်းများကို ကူညီရွှေ့ပြောင်းပေးခြင်းနှင့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကာ စောင်၊ ခြင်ထောင်၊ ဆန်အိတ်၊ ထမင်းထုပ်များ၊ ရေသန့်ဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။

ယခုအခါ မိုးရွာသွန်းမှုနည်းပါးသွားသော်လည်း အဆိုပါမြို့နယ်တွင် ရေဝင်ရောက်မှုမှာ အနည်းငယ်သာကျဆင်းသဖြင့် တပ်မတော်သားများက ကယ်ဆယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် တောင်ပို့တစ်ရာ ကျေးရွာအုပ်စု ဝါသလကျေးရွာရှိ ဇလွန်-ဟင်္သာတရေကာတာ အပေါင်း မိုင်တိုင်အမှတ် (၁၈/၀) မှ (၁၈/ ၁) အကြားနှင့် မိုင်တိုင်အမှတ် (၁၈/၂) နှင့် (၁၈/၃)အကြားတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဇူလိုင် ၁၉ ရက်တွင် ရေကာတာအပြင်ဘက်မြစ်ကမ်းပါးသည် အလျားပေ ၆၅၀၊ အနံ ပေ ၃၀၀ ခန့်အထိ ပြိုကျခဲ့ပြီး ရေကာတာနှင့် ၂၆ ပေခန့်အကွာအထိ နီးကပ်စွာ ရောက်ရှိခဲ့သဖြင့် ဝါသလကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စု ၁၇၁ စု၊ လူဦးရေ ၆၉၂ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးလျက်ရှိသည်။

ထို့အပြင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ တာပေါင်ပြိုကျပျက်စီးမှု မရှိစေရေးအတွက် ငုတ်ရိုက်ခြင်း၊ မြေဖို့ခြင်း၊ သဲအိတ်ချခြင်းများ ကူညီဆောင်ရွက်ပေးပြီး နယ်မြေခံတပ်မှ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုံရွာမြို့နယ် စတဲချောင်းမှ အိုးဘိုတောင်အင်းအတွင်း ရေအဆက်မပြတ်စီးဝင်ပြီး အင်းရေမြင့်တက်လျက်ရှိရာ လူနေရပ်ကွက်အတွင်းသို့ ရေများဝင်ရောက်လာနိုင်သဖြင့် အင်းတာပေါင်ရေစိမ့်မှုမရှိစေရန်နှင့် ရေကျော်မှုမဖြစ်စေရန်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ တပ်မတော်သားများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဆည်မြောင်းတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရေစိမ့်နိုင်သည့်နေရာများအား မြေသားများဖို့ခြင်းနှင့် သဲအိတ်များချခြင်းများ ဆောင်ရွက်သည်။

၎င်းအပြင် အရာတော်မြို့နယ် အရာတော်-ရွာသာကြီး ကားလမ်းပေါ်ရှိ ဇရစ်ကျေးရွာနှင့် မူးမြစ်ကူး(သမရိုး)တံတားအကြား မူးမြစ်ရေလျှံမှုကြောင့် ကားလမ်းရေကျော်မှုဖြစ်ပေါ်လျက်ရှိရာ အရာတော်တပ်နယ်မှတပ်မတော်သားများက ကားလမ်းများပျက်စီးမှုမရှိစေရေးနှင့် ရေတိုက်စားမှုဒဏ်ခံနိုင်ရေးအတွက် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မြေသားများဖို့ပေးခြင်းနှင့် သဲအိတ်များချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ပန်းပျိုးသူများစာသင်ဝိုင်း ပရဟိတအဖွဲ့က ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**မန္တလေး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် ဇူလိုင် ၁၆ ရက်မှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဆည်ရေများလျှံပြီး တမံအောက်ဘက်ရှိ ကျေးရွာအချို့တွင် ရေဝင်ခြင်း၊ ရထားလမ်းနှင့် ကားလမ်းပိုင်းအချို့တွင် ရေကျော်ခြင်းနှင့် နေရာအချို့၌ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ရေဘေးသင့်ကျေးရွာများသို့ ဇူလိုင် ယနေ့ ညနေ ၃ နာရီကျော်ခန့်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း၊ ၆၂လမ်းနှင့်၆၃ လမ်းကြားရှိ ပန်းပျိုးသူများစာသင်ဝိုင်း ပရဟိတအဖွဲ့မှ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ဆေးဝါးများကို မော်တော်ယာဉ်များဖြင့် သွားရောက် ထောက်ပံ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ပန်းပျိုးသူများစာသင်ဝိုင်း ပရဟိတအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၁၂၀ နှင့် ငွေကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိ ကော်ဖီမစ်ထုပ် ၆၅၀၀၀၊ ဘီစကွတ်မုန့်ထုပ် ၁၂၀၀၀၊ ငါးသေတ္တာဘူး ၂၀၀၀၊ သောက်ရေသန့်ဘူး ၃၆၀၀၊ မာမီးခေါက်ဆွဲခြောက်ထုပ် ၇၀၀၀ ကျော်၊ ဆန်၊ ဆီ၊ အိမ်သုံးဆေးဝါးများ လုံချည်နှင့် ဖိနပ်များ စသည့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ရွှေဘိုမြို့မှ ကန့်ဘလူမြို့သို့ သွားရောက်ကာ မီးရထားဖြင့်သယ်ဆောင်၍ ချပ်သင်းအနီးရှိ ရေဘေးသင့်ရွာများသို့ လှူဒါန်းထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ရေထဲပါသွားသည့် အိမ်ထောင်စုများအတွက်လည်း ပြန်လည်ထူထောင်နိုင်ရန် ငွေကြေးများလည်း လှူဒါန်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့နှင့်အတူ မေမေလူမှုကူညီရေး အသင်းကလည်း ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ သောက်ရေသန့်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ဖယောင်းတိုင် စသည့် ထောက်ပံ့ပစ္စည်းများ အပါအဝင် ကားနှစ်စီးဖြင့် လိုက်ပါကူညီကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**





ကောလင်း၌ မိုးသည်းထန်မှုကြောင့် ရေနစ်မြုပ်နေသည့် နေအိမ်အချို့ကို တွေ့ရစဉ်။

## ရေနစ်မြုပ်ကျေးရွာရှိ ပြည်သူများအား ဆေးဝါး၊ စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ လှူဒါန်း

**ကောလင်း ဇူလိုင် ၂၀**

ကောလင်းမြို့နယ်၌ ဇူလိုင် ၂၀ ရက်တွင် တောင်သူ ၇၈၀၉ ဦး၏ စပါးစိုက်ပြီးဧက ၃၄၆၁၇ ဧက ရေနစ်မြုပ်လျက်ရှိသည်။ ကောလင်း-တောင်မော်လမ်းမပေါ်တွင် ရေကျော်လျက်ရှိရာ ကြူတောရွာအနီးတွင် လူတစ်ဦး ရေမျောပျောက်ဆုံးခဲ့သည်။

ရေဝင်ရောက်လျက်ရှိသော ကျေးရွာ ၇၁ ရွာရှိပြီး ရေနစ်မြုပ်လျက်ရှိသော ကျေးရွာများမှာ ရေကန်သာ၊ တောင်ယာကြီးတော၊ နတ်ရေတွင်း၊ သဖန်းကုန်း၊ သရက်ခုံ၊ ညောင်ပင်သာ၊ အင်ကြောဇင်၊ ညောင်ဝန်း၊ မိုးနှံ၊ ဆီဆုံ ဝါးရုံခုံ၊ ကြို့ခုံ၊ ဇီးခုံ၊ မြောင်းကြီး၊ လှည်းပွဲ၊ နွှာခုံ၊ ကန်လည်းကြီးဖြစ်သည်။ အလယ်ကျောင်း၊ အနောက်ကျောင်းကြီး၊ ရေဝန်ကျောင်း၊ ဆေးမင်းခုံကျောင်း၊ စိုင်ဒူးကျောင်း စသည့်ဘုန်းတော်ကြီးကျောင်းများ၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိလာသော ဦးရေမှာ ၃၀၀၀ ခန့်ရှိသည်။

ရေကြီးနစ်မြုပ်လျက်ရှိသော ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ဆေးဝါးများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်ထည်များ ပေးပို့လှူဒါန်းလျက်ရှိပြီး နယ်များမှ စေတနာရှင်ပြည်သူများ လှူဒါန်းသော ငွေနှင့်ပစ္စည်းတန်ဖိုးမှာ ကျပ်သိန်း၂၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၅ ခုနှစ် (၂၃)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကြေညာချက်

နေပြည်တော် ဇူလိုင် ၂၀

*ယမန်နေ့မှအဆက်*

အုပ်စု(၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၅၉ ပါး၊ နှစ်ကျမ်းအောင် ၆၂ ပါး၊ တစ်ကျမ်းအောင် ၂၅ ပါးတို့ ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် ၁၅၉ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ စိန်-၄၊ ရှင်ဥတ္တမာလင်္ကာရ၊ အသက်(၂၂)နှစ်၊ အဖ-ဦးအုန်းမောင်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ စက-၉၊ အရှင်နိပုဏာလင်္ကာရ၊ အသက်(၂၂)နှစ်၊ အဖ-ဦးကြည်အောင်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ တက-၁၁၊ အရှင်ခေမာစာရာလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဖ- ဦးစိန်ဝင်း၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ (တတိယ)

(ဃ) အင်္ဂုတ္တရနိကာယသုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ပခ-၂၁၊ မက္ကန္ဒဝတီ၊ အသက်(၂၇)နှစ်၊ အဖ-ဦးမောင်ညွန့်၊ ချမ်းမြေ့ဇေယျာကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ (သီလရှင်ပထမ)

အုပ်စု(၆) ခုဒ္ဒကနိကာယ (၁) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်တစ်ပါး၊ တစ်ကျမ်းအောင်တစ်ပါးတို့ ဖြစ်ကြသည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်တစ်ပါး၊ လေးကျမ်းအောင်တစ်ပါးတို့ ဖြစ်ကြသည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ပထမပိုင်း)နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၃၈ ပါး၊ တစ်ကျမ်းအောင် ၁၄ ပါးတို့ ဖြစ်ကြသည်။

အဘိဓမ္မပိဋက(အဘိဓမ္မာ ပထမပိုင်း)နှစ်ကျမ်းအောင် (၃၈)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ ပူရ-၇၊ အရှင်ကေလာသ၊ အသက်(၄၇)နှစ် အဖ-ဦးအောင်တင်၊ မင်္ဂလပရိယတ္တိစာသင်တိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ဗဟ-၃၊ အရှင်ကိတ္တိဝိဒါလင်္ကာရ၊ အသက်(၂၅)နှစ်၊ အဖ-ဦးကြည်စိန်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဒဂရ-၃၊ အရှင်သေဋ္ဌညာဏာလင်္ကာရ၊ အသက်(၃၆)နှစ်၊ အဖ-ဦးတင်စော၊ တိပိဋကမဟာဂန္ထဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

*(ဆက်လက်ဖော်ပြပါမည်)*

## လယ်ယာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**လားရှိုး ဇူလိုင် ၂၀**

စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာ ဆင်းရွှေလီသကြားစက်တွင် ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဆင်းရွှေလီ သကြားစက် ဝန်ထမ်းများနှင့် အနီးဝန်းကျင်ရှိ ကြံစိုက်တောင်သူများ စက်ကိရိယာများ ကိုင်တွယ်အသုံးပြုတတ်စေရန်၊ ထွန်စက်နှင့် ထွန်ယက်ကိရိယာများ မကြာခဏပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်၊ စက်ကိရိယာများ မကြာခဏပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသည့် အချိန်/လုပ်အားနှင့် ငွေကြေးများဆုံးရှုံးခြင်း လျော့နည်းစေရန်၊ စက်ကိရိယာများ၏ သတ်မှတ်ထားသောသက်တမ်း အပြည့်အဝ အသုံးချနိုင်ရန်၊ စက်ကိရိယာများကို စွမ်းအားပြည့် အသုံးချနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် ထွန်စက်ကြီး၊ ထွန်ယက်ကိရိယာများ၊ တစ်လုံးထိုး အင်ဂျင်ဘာသာရပ်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ ခြောက်ရက်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေကျင်မြို့နယ် ကျေးရွာ ၁၀ ရွာတွင် ရေရရှိရေးဆောင်ရွက်

ရွှေကျင် ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုငွေကျပ်သန်း ၆၂ ဒသမ ၅ ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ကျေးရွာ ၁၀ ရွာတွင် ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါကျေးရွာများမှ ပဒဲကောကျေးရွာအုပ်စု ဘုရားကြီး၊ ကုန်းမြင့်သာယာ၊ တုံးတံတား၊ ဂေါ်သဇင်၊ ဘောကထာကျေးရွာအုပ်စု ဘောကထာ၊ ရွှေသရက်ပင်၊ သံဆိပ်ကျေးရွာအုပ်စု ပန်းအင်း၊ ဒုံဇရစ်ကျေးရွာအုပ်စု ကျွဲတဲ၊ မွန်ကုန်းနှင့် အနောက်ဘက်ကျေးရွာအုပ်စု သောင်လယ်တို့ဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

## ဇူလိုင် ၂၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ **မှတ်ချက် - ဆန်ဈေးနှုန်းငြိမ်နေပါသည်** |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၆၂၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၄၀၀၀ မှ ၈၅၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၇၀၀၀ မှ ၁၀၈၀၀၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၆၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၅ မှ ၈၈၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၅၀ မှ ၂၆၀၀ |
| ၁၄ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀ မှ ၆၄၀ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ မှ ၂၁၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၃၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၆၀၀၀ |
| **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။** | | | | | |

## အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြတ်ရတနာခမ္မာရုံ၌ ဇူလိုင် ၁၉ ရက်က (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ဖိတ်ကြားထားသူများ၊ ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုများ လှူဒါန်းပြီး ရေစက်ချအမျှဝေခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

**ရှာင်**

(၆၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် လွမ်းသူ့ပန်းခွေချခြင်း အခမ်းအနားကို ဇူလိုင် ၁၉ ရက်က ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗထူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြု၍ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က အမှာစကားပြောကြားကာ အခြေခံပညာအထက်တန်းကျောင်း ရှာင်မှ ကျောင်းသား ကျောင်းသူများက ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



မလီကွယ်ရှင်းနှင့် မလီရှောင်းရွှေတို့နှစ်ဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၀

ဇူလိုင် ၁၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုး၊ မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီး၌ လားရှိုးမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ မလီကွယ်ရှင်းနှင့် မလီရှောင်းရွှေတို့နှစ်ဦး ယူဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ သိမ်းဆည်းရမိသဖြင့် မလီကွယ်ရှင်း (၃၉ နှစ်)နှင့် မလီရှောင်းရွှေ (၄၀ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## မူးယစ်ဆေးဝါးများနှင့် တရားမဝင် ယမနေ့သစ်များဖမ်းဆီးရမိ

သီပေါ ဇူလိုင် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်မှ လားရှိုးသို့ ယာဉ်မောင်း ရှောက်ရှန်းချန် မောင်းနှင်သော စူပါကာစတန်ယာဉ်ကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမ နောင်မွန်ဈေးရှေ့တွင် နောင်မွန်နယ်မြေရဲစခန်းမှုစခန်းမှူး ရဲအုပ်စိုးစိုးနှင့်အဖွဲ့သည် အဆိုပါမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေ စစ်ဆေးရာ တရားမဝင် ယမနေ့သစ်ဆိုက်စုံ အလေးချိန် ၀ ဒသမ ၅၅ တန်နှင့် တစ်ထုပ်လျှင် အပြား ၁၉၀ စီပါသည့် စိတ်ကြွရူးသွပ်ဆေးပြားလေးထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀ အလေးချိန် ၇၆ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၁၅၂၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်သူ လားရှိုးမြို့ ရပ်ကွက် (၅) နယ်မြေ(၁၁)နေ ယာဉ်မောင်း ရှောက်ရှန်းချန် (၂၅ နှစ်)နှင့် နမ့်လန်မန်မုန့်ဟိန်ရပ်ကွက်နေ ယာဉ်နောက်လိုက် ရန်ဖူဝိန့် (၂၂ နှစ်)တို့ကို အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်တရားရုံး အဆောက်အအုံသစ်များဖွင့်

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အဆောက်အအုံသစ်များရှေ့၌ ကျင်းပသည်။

ရွှေဦးစွာ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ အရှေ့ပိုင်းခရိုင် တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲကို နံနက် ၉ နာရီတွင် လည်းကောင်း၊ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ အနောက်ပိုင်းခရိုင် တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် မြို့တော်ဝန် ဦးလှမြင့်တို့က ခရိုင်တရားရုံး အဆောက်အအုံသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဆောက်အအုံသစ်ဆိုင်းဘုတ်နှင့် မင်္ဂလာကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ခရိုင်တရားရုံး အဆောက်အအုံသစ်များကို တရားရုံးများ ဂုဏ်သိက္ခာမြင့်တင်ရေး တရားရုံးအင်္ဂါရပ်နှင့်အညီ နိုင်ငံတကာအဆင့်မီ အဆောက်အအုံများ တည်ဆောက်ရေးဟူသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်ပါ မူများနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေးဆွဲပေးသည့် ခေတ်မီ ငါးထပ်အာရ်စီ အဆောက်အအုံပုံစံအတိုင်း စံချိန်စံညွှန်းမီစွာ တည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးများကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(SOM) ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့ တွင် နေပြည်တော်၌ ကျင်းပသွားမည် ဖြစ်သည်။

၎င်းအစည်းအဝေးများသို့ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပခဲ့သော (၂) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွား ဝန်ကြီးများအဆင့် အစည်းအဝေးမှ သဘောတူညီချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား အစည်းအဝေးတွင် ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အတူ (၂) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOM) ကိုလည်း ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ် သွားမည်ဖြစ်သည်။ ၎င်းအစည်းအဝေးကို အက်မက်စ်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်သည်။ ထိုအစည်းအဝေးတွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး သဘောတူညီချက်များ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်မှုများ၊ ကျန်ရှိနေသောလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးဖော်ထုတ်ပြီး အက်မက်စ်နိုင်ငံများဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**



ရန်ကုန်လမ်းမတော်ဆိပ်ကမ်း အမှတ်(၂) ဇောတံတားတွင် ဇူလိုင် ၁၉ ရက်က ဝန်တင်မျဉ်း အမှတ်အသားထက်ကျော်လွန် ကုန်တင်ဆောင်လာသော ရန်ကုန်-မော်ကျွန်း ခရီးစဉ်မှ လူစီးယာဉ်နှစ်ထပ် ပုဂ္ဂလိကရေယာဉ်များကို တွေ့ရစဉ်။ ခင်ဆိုင်(လမ်းမတော်)


ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏

## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၅ ခုနှစ် တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အလိုတော်ပြည့်ကျောင်းတိုက်၌ အလိုတော်ပြည့် ဆရာတော်ကြီးအား အမှူးထား၍ ရသေ့တောင်မြို့နယ်မှ သံဃာတော် ၂၉ပါးအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးစံလှမောင် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၆၁၂၇၈၂၂၄၉
၂။ ဦးရဲမြင့် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၈၆၁၄၇၁၇
၃။ ဒေါ်ဒေစီသန်း ဖုန်း-၀၉-၅၀၆၂၈၉၆
၄။ ဒေါ်အေးညို ဖုန်း-၀၉-၂၅၄၂၇၀၄၈၈

**အမှုဆောင်အဖွဲ့**



## နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားပြီးစီးကြောင်းကြေညာခြင်း

ကျွန်တော် မောင်သက် ၁၂/ဗဟန(နိုင်)၁၀၂၃၈၀ နှင့် ကျွန်မ မီမီနန္ဒာလင်း ၇/ကဝန(နိုင်)၁၄၀၀၁၅တို့သည် ရာသက်ပန် အကြင်လင်မယားအဖြစ် ပေါင်းသင်းရန် ရည်ရွယ်ချက်ဖြင့် ၁၇-၇-၂၀၁၅ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် တရားရုံးတော်တွင် နှစ်ဦးသဘောတူ တရားဝင်လက်ထပ် ထိမ်းမြားပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်သက်နှင့် မမီမီနန္ဒာလင်း**



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ပြည်ထဲရေးဝန်ကြီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၇)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၂၁-၇-၂၀၁၅ရက်မှ ၂၈-၇-၂၀၁၅ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၂၉-၇-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်ငါးထောင်နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၈) ရဲလေ့ကျင့်ရေးဌာနကြီးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၂၁၆၆သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**



## ဖြည့်စွက်ဖတ်ရှုပါရန်

၁၇-၇-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၉)နှင့် ၁၈-၇-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)ပါ အများသိစေရန် ကြော်ငြာခြင်းမှ အထက်တန်းရှေ့နေ ဦးဝင်းအောင် လိုင်စင်အမှတ် (၁၅၈၈၆/၉၀)၏ လိပ်စာအပြည့်အစုံမှာ ရပ/၃၁၊ သစ္စာလမ်း၊ နယ်မြေ ၁၀၊ အရှေ့ပင်စင်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့ ဖုန်း-၀၉-၅၂၁၁၇၂၆၊၀၉-၇၉၂၇၈၂၆၉၃ဟု ဖြည့်စွက်ဖတ်ရှုပါရန်နှင့် ဤလိပ်စာ သို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်း အပ်နှံသွားရန် အကြောင်းကြားအပ်ပါသည်။



## အမည်ပြောင်း

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့နေ ဦးစိုးဝေဦး၏သား ကျိုက္ခမီအထက၊ အဋ္ဌမတန်းမှ မောင်ကောင်းဇေဟန်အား မောင်ကောင်းဝေယံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဝေယံ**



လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။



ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
ပြည်နယ်ပညာရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

## ကြေညာချက်

၁။ ရခိုင်ပြည်နယ်အတွင်းလစ်လပ်လျက်ရှိသည့် မူလတန်းပြ(နေ့စားလပေး)ရာထူးနေရာများအတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်နှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ ရိုးရိုးဘွဲ့ ရရှိထားသူများသည် (၃၁-၇-၂၀၁၅)ရက်တွင် အသက်(၃၀)ထက်မကြီးသူဖြစ်ရမည်။ မဟာဘွဲ့ရရှိထားသူများသည် (၃၁-၇-၂၀၁၅)ရက်တွင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ပါရဂူဘွဲ့ရရှိထားသူများသည် (၃၁-၇-၂၀၁၅)ရက်တွင် အသက်(၄၀)ထက် မကြီးသူဖြစ်ရမည်။
(ဂ) ရခိုင်ပြည်နယ်အတွင်း ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) ကျန်းမာကြံ့ခိုင်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူ ဖြစ်ရမည်။
(င) လျှောက်ထားသူသည် အမျိုးသမီးဆန်သော အမျိုးသား၊ အမျိုးသားဆန်သော အမျိုးသမီးမဖြစ်ရ။
(စ) ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ထောက်ခံချက်မူရင်း တင်ပြရမည်။
(ဆ) အသက်ထောက်ခံချက်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ/ထောက်ခံချက်မိတ္တူပူးတွဲတင်ပြရမည်။ (မူရင်းကို လျှောက်လွှာတင်စဉ်နှင့် လူတွေ့နှုတ်ဖြေဖြေဆိုစဉ် ယူဆောင်လာရန်)
(ဇ) ဘွဲ့ရထောက်ခံချက်အတွက် ဘွဲ့လက်မှတ်မိတ္တူ/ထောက်ခံချက်မိတ္တူ ပူးတွဲတင်ပြရမည်။ (မူရင်းကို လျှောက်လွှာတင်စဉ်နှင့် လူတွေ့နှုတ်ဖြေဖြေဆိုစဉ်ယူဆောင်လာရန်)
(ဈ) လျှောက်လွှာများကို မိမိတို့သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ၂၇-၇-၂၀၁၅ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ အထောက်အထားမပြည့်စုံသော လျှောက်လွှာများနှင့် မမှန်မကန်ဖြည့်စွက်ထားသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။
(ည) ရေးဖြေစာမေးပွဲများကို မိမိတို့သက်ဆိုင်ရာမြို့နယ်များတွင် ၂-၈-၂၀၁၅ရက် နံနက်၉နာရီတွင် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ ၂နာရီမေးခွန်းများကို ဖြေဆိုရမည်။
၂။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်/ခရိုင် ပညာရေးမှူးရုံးများနှင့် ပြည်နယ်ပညာရေးမှူးရုံးတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရခိုင်ပြည်နယ်ပညာရေးမှူးရုံး**

# လမြတ်ဝါဆို

မောင်ခိုင်မာ(အထက်မင်းလှ)

မြန်မာ့ဆယ့်နှစ်လရာသီတွင် စတုတ္ထမြောက်လဖြစ်သော ဝါဆိုလသည် ဘုရားသာသနာတော်ကို ထူထောင်၍ သာသနာတော်၏ အထောက်အပံ့ဖြစ်သော သံဃာ့အဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာစေရန် ပြုစုသည့် သဘောရှိ၍ အထွတ်အမြတ်ဖြစ်သည်။ အထူးသဖြင့် ဝါဆိုလပြည့်နေ့သည် လွန်စွာထူးခြားသည်။ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ စုတေပြီးသော် လူ့ပြည်၌ပဋိသန္ဓေနေသည့်နေ့၊ နိမိတ်ကြီးလေးပါးကို နတ်များဖန်ဆင်းပြသရာတွင် သံဝေဂရ၍ တောထွက်တော်မူသောနေ့၊ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိပြီးနောက် ပဉ္စဝဂ္ဂီငါးပါးကို ဓမ္မစကြာတရားဦး ဟောတော်မူသောနေ့ သာဝတ္ထိပြည် သရက်ဖြူပင်၏ အရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုး ပြာဋိဟာပြသောနေ့ဖြစ်သည်။

ဝါဆိုလကို ပုဂံခေတ်က "မွယ်တာ၊ မြွယ်တာ"ဟု ရေးသားခဲ့သည်။ တစ်ခါတစ်ရံ "နွယ်တာ၊ နွေတာ" ဟုလည်း ရေးသားကြောင်း သိရသည်။ ဝါဆိုလတွင် နေသည် နံနက် ၄ နာရီ ၄၈ မိနစ်တွင် ထွက်ပြီး ည ၇ နာရီ ၁၂ မိနစ်တွင် နေဝင်သည်ဟု ယေဘုယျအားဖြင့် အမှန်နှင့်နီးစပ်ကြောင်း ဆရာမောင်ထင်၏ "မြန်မာ့ဆယ့်နှစ်လရာသီအကြောင်း" တွင် မှတ်သားဖူးပါသည်။ မြန်မာနာရီအားဖြင့် နေ့ ၃၆ နာရီ၊ ည ၂၄ နာရီရှိသည်ဟု မြန်မာ့စွယ်စုံကျမ်းအတွဲ-၁၂ တွင်ဆိုပါသည်။ ထို့ကြောင့် ဝါဆိုလသည် နေ့တာအရှည်ဆုံးလဖြစ်ပါသည်။ ရာသီ၏ အမည်မှာ ဗေဒင်အခေါ်အားဖြင့် "ကက္ကဋ"၊မြန်မာအားဖြင့် "ကရကဋ်"၊ လက်တင်ဘာသာအားဖြင့် "ကင်ဆာ (cancer)" ဟု ခေါ်ဆိုပြီး ရာသီရုပ်ပုံမှာ "ပုစွန်လုံး၊ ကဏန်း" ဖြစ်သည်။ ဝါဆိုလတွင် ပြုဗ္ဗာသန်နှင့် လမင်းတို့ယှဉ်ပြိုင်ကာ မွန်းတည့်၏။ ဖူးသျှနက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်လေသည်။ "ပြုဗ္ဗာသာဠ် (ဥတ္တရာသာဠ်) နက္ခတ်နှင့် ဆင်တာရာစန်းယှဉ်ထွန်းပသည်ဆို၏။ ဝါဆိုလတွင် အင်္ဂါနှင့် ရာဟုခေါ်သော ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းမှာ ပြဿဒါးရက်များဖြစ်ပြီး တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တို့မှာ ရက်ရာဇာများဖြစ်သည်။ ဝါဆိုလတွင် ရက်စုံကွယ်သောကြောင့် ရက်ပေါင်း ၃၀ ရှိသည်။ ရာသီပန်းမှာ ပုန်းညက်ပန်းနှင့် မြတ်လေးပန်းဖြစ်သည်။

ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ရှေးဦးစွာဖြစ်သော ဓမ္မစကြာဒေသနာတော်ကို ပဉ္စဝဂ္ဂီငါးဦးတို့အား ဝါဆိုလပြည့်နေ့တွင် မိဂဒါဝုန်တော၌ ဟောကြားတော်မူသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟူ၍ သတ်မှတ်ထားပါသည်။ ဝါဆိုလဟူသည် ရဟန်းသံဃာတော်တို့ ခရီးသွားလာခြင်းမပြုတော့ဘဲ မိမိတို့ ကျောင်းသင်္ခမ်းတွင်သာ ဝါတွင်းသုံးလ (ဝါဆိုလပြည့်နေ့မှ သီတင်း ကျွတ်လပြည့်နေ့အထိ)ပတ်လုံး တရားအားထုတ်ရသောကြောင့် "ဝါဆိုသည်"၊ "ဝါကပ်သည်" ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ဘိက္ခု၊ ဘိက္ခုနီမအပါအဝင် သံဃာတော်တို့သည် မိုးတွင်း၌ (ငှက်တိရစ္ဆာန်တို့သော်မှ သစ်ပင်ဖျားဝယ် အသိုက်လုပ်ကာ ကိန်းအောင်းတည်နေကြသော်လည်း) အရပ်ရပ်သို့ လှည့်လည်သည်ရှိသော် စိမ်းစိုသောမြက်ခင်းကိုနင်း၍ ညှဉ်းဆဲကြကုန်လျက် ပိုးမွှားငယ်တို့ကိုလည်း သေကျေပျက်စီးခြင်းသို့ ရောက်စေသော် "ပါစိတ်အာပတ်" သင့်သဖြင့် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ညဉ့်အရုဏ် မတက်မီ "ဣမသ္မိံ ဝိဟာရေ ဣမံတေမာသံ ဝဿံဥပေမိ" (ဝါတွင်းသုံးလပတ်လုံး ဤကျောင်းအာရမ်အတွင်း၌ ဝါသို့ကပ်ပါ၏၊ နေပါ၏၊ ကပ်ရောက်ခိုကိုးပါ၏)ဟု နှုတ်ဖြင့် သုံးကြိမ်ရွတ်ဆို၍ ဝါကပ်၏။ ပုရိမဝါကပ်ခြင်းဖြစ်သည်။ ဝါတွင်းသုံးလလုံးလုံး မိမိတို့ကျောင်းသင်္ခမ်းများတွင်သာ သီတင်းသုံးကြရသော သံဃာတော်တို့အား ဝါဆိုသင်္ကန်း ကပ်လှူပွဲများကို ဝါဆိုလပြည့်နေ့မှ စတင်ကာ ဝါတွင်း သုံးလအတွင်း ပြုလုပ်ကြရပါသည်။

"ပဉ္စင်းတော်ခံ
မယွင်းနော် အခါတန်ပေါ့
မဟာဒါန် အဌင်္ဂငယ်နှင့်
ဘဂဝါ အရပံရင်ပြင်ဝမှာလ
တင်သရန် မာလာကုံးကြတယ်
ပုန်းညက်ငွေပန်း" ဟူသည့်အတိုင်း ဝါဆိုလတွင် ပဉ္စင်းတော်ခံပွဲများကျင်းပကြသည်။

ရှေးမြန်မာဘုရင်တို့သည် နယုန်လတွင် စာပြန်ပွဲ ကျင်းပကာ ရဟန်းသံဃာတော်များအား ချီးမြှောက်ပူဇော်ကြသည်။ ပဉ္စင်းတက်ရန် အရွယ်ရောက်သောရှင်သာမဏေတို့ကို ဝါဆိုလတွင် ပဉ္စင်းခံပေးကြသည်။ ရှေးမြန်မာဘုရင်ခေတ် ပဉ္စင်းခံပုံမှာ ရှေးဦးစွာ ပဉ္စင်းလောင်း(ရှင်လောင်း) အမည်စာရင်းကို လွှတ်တော်က စာရင်းကောက်ယူပြီး ဘုရင်မင်းမြတ်နှင့် အိမ်ရှေ့မင်းသားတို့မှအစ ရှင်ဒကာ၊ ပဉ္စင်းဒကာတို့ထံ အပ်နှံရသည်။ ထို့နောက် ပဉ္စင်းလောင်းတို့ကို ရွှေစည်းခုံသို့ ထမ်းစင်ဖြင့်ပင့်ဆောင်လှည့်လည်ကြရသည်။ ရွှေစည်းခုံတွင် ဘုရင်မင်းမြတ်က ပဉ္စင်းလောင်းတို့အား "လူ့အဖြစ်ကိုရခဲ့သည်။ လူဖြစ်ပါသော်လည်း ယောကျ်ားကောင်းစင်စစ် ဖြစ်ခဲလှသည်။ ယောကျ်ားကောင်း စင်စစ်ဖြစ်ပါသော်လည်း အသိပညာနှင့် ပြည့်စုံရန် ခက်ခဲလှသည်။ အသိပညာနှင့်ပြည့်စုံပါသော်လည်း ရဟန်းဘဝကိုရခဲလှသည်။ ပဉ္စင်းလောင်းတို့သည် ရခဲခြင်းငါးပါးနှင့်ပြည့်စုံကြသည့်အခါ ရှင်တော်ဘုရား၏ အဆုံးအမနှင့်အညီ ကျင့်ဆောင်ကြရမည်" ဟု အမိန့်တော်ပြန်သည်။ ထို့နောက် ပဉ္စင်းလောင်း၊ ရှင်လောင်းတို့က မိမိတို့ ကျောင်းသင်္ခမ်းသို့ ပြန်ကြွကြရသည်။ ကျောင်းသင်္ခမ်းတွင် အတွင်းတော်၊ အိမ်ရှေ့မင်းနှင့် အခြား ဒါယကာ၊ ဒါယိကာမအသီးသီးတို့က ဆွမ်းဖြင့်ကျွေးမွေးပြုစုပြီး ပရိက္ခရာ ရှစ်ပါးနှင့်တကွ ရဟန်းအသုံးအဆောင်များကို လှူဒါန်းကြသည်။ ထို့နောက် ပဉ္စင်းလောင်း၊ ရှင်လောင်းတို့သည် မိမိတို့ဆိုင်ရာဌာန၌ ပဉ္စင်းဘဝသို့ ရောက်ကြကြောင်း "လောကဗျူဟာ" ကျမ်းတွင်ပြဆိုပါသည်။ ဤအစဉ်အလာကောင်းကို လက်ဆင့်ကမ်းဆက်ခံ၍ ဝါဆိုလတွင် ရှင်ပြုပွဲ၊ ပဉ္စင်းခံပွဲများကို စုပေါင်း၍ဖြစ်စေ ကျင်းပနေကြခြင်းဖြစ်ပါသည်။ ထို့အပြင် ရှေးခေတ်အခါက ဘုရင်မင်းမြတ်တို့သည် "ဝါဆိုလသို့ ရောက်ပြီဖြစ်၍ တိုင်းသူပြည်သားတို့သည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလကို တည်ဆောက်၍ အလှူပေးခြင်း၊ ဘာဝနာစီးဖြန်းခြင်း စသည်တို့ကို ဆောင်ရွက်ရမည်"ဟူ၍ ဝါဝင်အမိန့်တော် ပြန်ရပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် ပြက္ခဒိန်ပြုလုပ်ရာဝယ် "ကမ္ဘာမြေကြီးသည် နေကိုဗဟိုပြုလျက် လှည့်လည်ရာတွင် တစ်ပတ်ပြည့်သောအချိန်၌ တစ်နှစ် (A year is the length of time the earth takes to travel around the sun one time) ဟူ၍ အညီအညွတ်သတ်မှတ်ကြသော်လည်း နှစ်ဆန်းရက်များသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူညီကြပါ။ ဥပမာ- အနောက်နိုင်ငံ သိုးဆောင်းများ၏ နှစ်ဆန်းရက်သည် ဇန်နဝါရီလ ၁ ရက်နေ့ဖြစ်သည်။ အိန္ဒိယနှစ်ဆန်း ၁ ရက်သည် မတ်လ ၂၂ ရက်နေ့ဖြစ်သည်။ မြန်မာလူမျိုးတို့သည် သင်္ကြန်တက် နှစ်ဆန်းချိန်(အတာတက်ချိန်) ဖြစ်၍ အတာတက်ပြီးနောက် တစ်ရက်သည် နှစ်ဆန်း ၁ ရက်နေ့ဖြစ်သည်။ ထို့အတူ မြန်မာပြက္ခဒိန်သည် သူရိယမာသနှစ်၊ စန္ဒရမာသနှစ်၊ ဝေါဟာရမာသနှစ်တို့ကို အခြေခံပြီး ညီညွတ်အောင် ပြုစုသောအခါ အချို့သောနှစ်များကို ဝါဆိုလနှစ်လထား၍ နယုန်လတွင် တစ်ရက်တိုးရသည်။ ၎င်းကို ဝါထပ်ရက်ငင်ခြင်းဟုခေါ်သည်။

ယခုရောက်ရှိနေသော မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်တွင် ဝါထပ်ပါသည်။ ဇူလိုင်လ ၁ ရက်နေ့သည် ပထမဝါဆိုလပြည့်နေ့ဖြစ်ပြီး ဇူလိုင်လ ၃၁ ရက်နေ့သည် ဒုတိယဝါဆိုလပြည့်နေ့ဖြစ်ပါသည်။ ဒုတိယဝါဆိုလရောက်မှသာ ရဟန်းတော်များအား ဝါဆိုဝါကပ်ကြရပါသည်။ ယခုနှစ်သည် ဝါထပ်သည့်အတွက် စုစုပေါင်း မြန်မာလ ၁၃ လ ဖြစ်နေပါသည်။ မြန်မာပြက္ခဒိန်၏ ဝါထပ်ရက်ကို လေ့လာသောအခါ မြန်မာပြက္ခဒိန်သည် နေကိုအစွဲပြုသောနှစ်(နေစွဲနှစ်)၊ လကိုအစွဲပြုသော နှစ်(လစွဲနှစ်)၊ ဗေဒင်ပညာရှင်များ စီစဉ်ရေးဆွဲသောနှစ် (ဝေါဟာရမာသနှစ်)ဟူ၍ရှိသည်။ နေစွဲနှစ် (သူရိယမာသ)တွင် ၃၆၅ ရက်၊ ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ရှိသည်။ လစွဲနှစ်(စန္ဒရမာသ)တွင် ၃၅၄ ရက် ၈ နာရီ၊ ၄၈ မိနစ် ၃၄ စက္ကန့်ရှိသည်။ စန္ဒရမာသနှစ်နှင့် သူရိယမာသနှစ်တို့သည် ၁၀ ရက် ၂၁ နာရီ ၂၄ မိနစ် နှင့် ၃ စက္ကန့်ကွာခြားသည်။ ပြက္ခဒိန်စီရင်သောအခါ ကွာခြားချက်ကို နည်းနိုင်သမျှနည်းအောင် ပြုစုရသဖြင့် အကြမ်းအားဖြင့် တစ်နှစ်လျှင် ၁၀ ရက်၊ သုံးနှစ်လျှင် ရက် ၃၀ တစ်နည်း တစ်လကွာခြားသည်ဟု ဆိုရပါမည်။ ထို့ကြောင့် သုံးနှစ်လျှင်တစ်ကြိမ် တစ်လတိုးပေးလိုက်လျှင် ကိုက်ညီသွားပေမည်။ ဤသို့တိုးပေးခြင်းကို လထပ်သည်ဟုခေါ်သည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်၍ အဆိုပါလထပ်ခြင်းကို ရဟန်းတော်များ ဝါဆိုသောကာလတွင် ပြဋ္ဌာန်းပေးလေ့ရှိပါသည်။ ဤသည်ကို ဝါထပ်သည်ဟု ခေါ်ပါသည်။ အမှန်တကယ် အတိအကျတွက်ချက်သော် တစ်နှစ်လျှင် ရက်ပိုတစ်ရက်ရှိနေသေး၍ သင့်မြတ်သောနှစ်တွင် တစ်ရက်အပိုဖြည့်ပေးရပါသည်။ ၎င်းကို ဗေဒင်စကားအားဖြင့် "ရက်ငင်"သည်ဟု ဆိုပါသည်။ ရက်ငင်သောနှစ်ကို ဝါကြီးထပ်သောနှစ်ဟုဆိုပြီး ဝါကြီးထပ်သောအခါ နယုန်လကို ရက် ၃၀ သတ်မှတ်လိုက်ပါသည်။ ဗုဒ္ဓအယူဝါဒထုံးစံအရ ဝါဆိုလကျရောက်မှ ပထမဝါဆိုလ၊ ဒုတိယဝါဆိုလဟူ၍ နှစ်လထပ်ရိုးရှိသော်လည်း ဧည့်ဝတီ ရခိုင်ပြည်၌ "ဒွေစိတြ"ဆို၍ တန်ခူးနှစ်လထပ်၏။ ဟိန္ဒူပြက္ခဒိန်တွင် ဒွေဝိသာခါဆို၍ ကဆုန်နှစ်လထပ်သည်ကို တွေ့ရ၏။ အချို့လူမျိုးများတွင် လိုအပ်သောလ၌ပင် နှစ်လထပ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤသို့လျှင် ထူးခြားမှုအပေါင်းဖြင့် ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ ဝါဆိုလတွင် ဝါဆိုသင်္ကန်း၊ ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင်များ ကပ်လှူပူဇော်ခြင်း၊ ပဉ္စင်းတော်ခံပွဲများကျင်းပခြင်း၊ ဝါဆိုတော်မူကြသော ရဟန်းတို့၏သိက္ခာပုဒ်တော်များကို ကြည်ညိုရည်မှန်းလျက် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က သီတင်းသီလဆောက်တည်ခြင်း၊ သူတော်ကောင်းတရားပွားများ အားထုတ်ခြင်းတို့ဖြင့် ဝါကပ်သောရဟန်းတို့အား ချမ်းမြေ့စေရန် ထောက်ပံ့ကြသည်မှာ နှလုံးမွေ့လျော် သာဓုခေါ်ဖွယ်ရာကောင်းလှပါသည်။ ။

**ရှေးခေတ်အခါက ဘုရင်မင်းမြတ်တို့သည် "ဝါဆိုလသို့ ရောက်ပြီဖြစ်၍ တိုင်းသူပြည်သားတို့သည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလကို တည်ဆောက်၍ အလှူပေးခြင်း၊ ဘာဝနာစီးဖြန်းခြင်း စသည်တို့ကို ဆောင်ရွက်ရမည်"ဟူ၍ ဝါဝင်အမိန့်တော် ပြန်ရပါသည်။**

# ရေတာရှည်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာအချို့နှင့် လယ်ယာမြေများ ရေဝင်နစ်မြုပ်

ရေတာရှည် ဇူလိုင် ၂၀



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ယခုရက်ပိုင်း အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစ၍ကျေးရွာအချို့နှင့် မိုးစပါးစိုက်ပျိုးပြီး လယ်ယာမြေများ၌ ရေဝင်နစ်မြုပ်ခဲ့သည်ကို တွေ့ရှိရသည်။

တောင်ကျရေ၊ ချောင်းငယ်၊ မြောင်းငယ်များရေလျှံကာ ရေတာရှည်မြို့မြောက်ဘက်ရှိ ညောင်ပင်ကိုင်းကျေးရွာနှင့် ညောင်ပင်သာ ကျေးရွာများအတွင်း ရေများဝင်ရောက်ကာ ညောင်ပင်သာကျေးရွာ-ရေတာရှည် မြို့အဝင်ကြားရှိ ရန်ကုန်-မန္တလေး ကားလမ်းကို ဇူလိုင် ၁၈ ရက် ည ၉ နာရီက ရေများဖြတ်ကျော်ခဲ့ပြီး ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် ရေပြန်လည်ကျဆင်းသွားခဲ့သည်။ အလားတူပင် ပိတောက်ခင်-ညောင်ပင်ကိုင်း ကျေးရွာချင်းဆက် လမ်းနှင့် ညောင်ပင်သာ-အင်းပက်လက်ကျေးရွာ သွားလမ်း၌လည်း ရေများဖြတ်ကျော်လျက်ရှိသည်။

ဒေသအနှံ့အပြားတွင် ရေလွှမ်းခြင်းကြောင့် ဝါးတောကြီးကျေးရွာအုပ်စု၊ ပိတောက်ခင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအုပ်စု၊ အင်ဒိုင်းကျေးရွာအုပ်စု၊ ဘိုးတော်ကုန်းကျေးရွာအုပ်စု၊ အင်းဒိုင်းကျေးရွာအုပ်စု၊ ဆင်ငွေကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာအုပ်စုများရှိ မိုးစပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်လျက်ရှိသည်။ မိုးဆက်လက်ရွာသွန်းခြင်းမရှိလျှင် ရေများ ရက်ပိုင်းအတွင်း ပြန်လည်ကျဆင်းနိုင်သော်လည်း ဆက်လက်ရွာသွန်းနေပါက မျိုးစပါးအတွက် ကုန်ကျစရိတ်နှင့် နောက်ဆက်တွဲ ပိုးမွှားအန္တရာယ်များ ကျရောက်နိုင်မည်ကို တောင်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"သဘာဝဘေးအန္တရာယ်ဆိုတာ ကျွန်တော်တို့ ရှောင်လွှဲလို့မှ မရတာ၊ ဒါပေမယ့် စပါးစိုက်ပျိုးတဲ့တောင်သူတွေအနေနဲ့ မျိုးစပါးတွေ ထပ်ဝယ်ရမယ်၊ ပိုး သတ်ဆေးတွေ ဝယ်ရမှာရယ်၊ အလုပ်သမားတွေ ထပ်ပြီးငှားရရင် သွင်းအားစု ငွေကြေးကုန်ကျစရိတ် တိုးလာမှာကိုတော့ စိတ်ပူပါတယ်"ဟု ညောင်ပင်သာကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

# ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲကျင်းပ

ဟုမ္မလင်း ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်အထက်ပိုင်း အုန်းပင်ကုန်းကျေးရွာ၊ ပေပင်ကျေးရွာ၊ ဆွပ်လယ်-ဟင်နောင်ကျေးရွာတို့၌ အလက(ခွဲ) ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၁၇ ရက်က အဆိုပါကျောင်းများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေက အမှာစကားပြောကြားပြီး ကျောင်းကော်မတီဝင်များက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံပေးအပ်ပြီး ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ် အတွင်း၌ အလကကျောင်းပေါင်း ၅၀ ရှိရာမှ အလက(ခွဲ)ကျောင်း ၂၈ ကျောင်းကို အဆင့်တိုးမြှင့်ရရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ငွေဆောင်ကမ်းခြေ၌ ရေဆွဲအန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာများစိုက်ထူ




**ငွေဆောင် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေတွင် မိုးရာသီကာလအတွင်း လှိုင်းလေပြင်းထန်သဖြင့် အပန်းဖြေလာရောက်ကြသည့် ခရီးသွားဧည့်သည်များ ရေဆွဲအန္တရာယ်ကြောင့် အသက်အန္တရာယ်ကင်းရှင်း စေရေးအတွက် ဇူလိုင် ၁၈ ရက်က သတိပေးမြေစိုက်ပိုစတာများစိုက်ထူခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူး ဦးနေအောင်နိုင်နှင့် ဌာနဆိုင်ရာများ၊ ဟိုတယ်ဇုန်မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသနေပြည်သူများသည် မြို့အဝင်လမ်း အထက (ငွေဆောင်) ကျောင်းရှေ့ Sunny Paradise ဟိုတယ်ဘေး ကမ်းခြေဆင်းလမ်း၊ EFR ဟိုတယ်အနောက်ဘက်ခြမ်း၊ ချစ်သူများကျွန်း ကမ်းခြေဆင်းလမ်း၊ BOB ဟိုတယ်ဘေးကမ်းခြေဆင်းလမ်း စသည့်နေရာများတွင် သတိပေးမြေစိုက် ပိုစတာများအား စိုက်ထူခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**ရွှေတောင် ဇူလိုင် ၂၀**

ပြည်ခရိုင် ရွှေတောင်မြို့နယ် အားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့်Township Sports Development Programme (TSDP) မြို့နယ်အဆင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရွှေတောင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးကျင်းပသည့် ၂၀၁၇ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူး(ဖလား) ရပ်ကွက်/ ကျေးရွာ အုပ်စုပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး အားကစားကွင်း၌ ကျင်းပရာ နာယက၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် နာယကအဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



အဖွင့်ပွဲစဉ်တွင် အော်ရီဒူးကလပ်အသင်းနှင့် မင်းကျော်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၃ သင်းက ဇူလိုင် ၁၈ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# တည်ဆောက်ရေးလုပ်ငန်းခွင်၌ မတော်တဆမှုမဖြစ်ပေါ်ရန် စီမံကွပ်ကဲမှုလိုအပ်

**ရန်ကုန် ဇူလိုင် ၂၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့်ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA) တို့ပူးပေါင်းစီစဉ်သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးစီမံကွပ်ကဲမှုဆိုင်ရာဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် Yachiyo Engineering Co.,Ltd (yec)မှ Mr.Koji MASUDA က "ဘေးအန္တရာယ်တွေ ဖြစ်ပွားတဲ့အခါမှာ ထိခိုက်ဒဏ်ရာရသူရဲ့ အနာဂတ်တွေပျောက်ဆုံးမယ်၊ ထိခိုက်ဒဏ်ရာရသူဘက်က မိသားစုရဲ့ဘဝလမ်းစပျောက်မယ်၊ လုပ်ငန်းရှင်ဘက်က ဥပဒေအရ အရေးယူခံရမယ်၊ လုပ်ငန်းရပ်ဆိုင်းပြီး အစီအစဉ်တွေ နောက်ကျမယ်၊ လုပ်သားတွေရဲ့ စိတ်ဓာတ်ကျဆင်းမယ်၊ ကုန်ကျစရိတ်တွေတိုးလာမယ်၊ လုပ်ငန်းရှင်အတွက်နာမည်ပျက်ရမယ်၊ ဒါ့ကြောင့် ဘေးအန္တရာယ်တွေ လုံးဝမဖြစ်ပွားဖို့ လုပ်ဆောင်ဖို့လိုပါတယ်"ဟု ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး (စက်မှု)လမ်းဦးစီးစက်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်မြဝင်းက "မြန်မာနိုင်ငံရဲ့လုပ်ငန်းခွင်တွေက အန္တရာယ်ကင်းရှင်းရေးနဲ့ပတ်သက်လို့ အသိပညာနည်းနေကြတယ်။ ဒါကြောင့် မတော်တဆဖြစ်မှုတွေ အများအပြားကြုံတွေ့နေရပါတယ်။ မြန်မာနိုင်ငံမှာ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်လို့ ကျွန်မတို့ဌာနအနေနဲ့ လက်လှမ်းမီသလောက် အသိပညာတွေ မျှဝေပေးလျက်ရှိပါတယ်"ဟု ပြောသည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်ခြင်းနှင့်အတူ ယာဉ်ယန္တရားတွေ အသုံးပြုမှုကလည်း မရှိမဖြစ်လိုအပ်လာနေတယ်။ လူတွေရဲ့ အသိစိတ်ဓာတ်မြင့်မားလာခြင်း အသက်တစ်ချောင်းကို ပိုမိုတန်ဖိုးထားလာကြခြင်းတို့နဲ့ အတူ ကျွန်တော်တို့ရင်ဆိုင်ရမယ့် မတော်တဆမှုတွေကလည်း ပိုမိုများပြားလာပါတယ်။ ဒါကြောင့်အလျင်အမြန် လမ်းပန်းဆက်သွယ်ရေး ဥပဒေ အခြေခံစံနှုန်းများ ထားရှိရန်လိုအပ်လာတယ်"ဟု ဂျပန်သံရုံးမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

အဆိုပါ ဟောပြောပွဲတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး စီမံကွပ်ကဲမှုဆိုင်ရာ လမ်းညွှန်ချက်များ၊ စက်ယန္တရားကြီးများနှင့်ပတ်သက်သည့် အန္တရာယ်ကာကွယ်ရေး အဓိကအချက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွက် လမ်းများနှင့်ပတ်သက်သည့် စည်းမျဉ်းကန့်သတ်ချက်များ၊ ငြမ်းနှင့်ပတ်သက်သော လက်တွေ့သင်ခန်းစာများကိုပို့ချပေးခဲ့ကြောင်း၊ Yachiyo Engineering Co.,Ltd၊ Yama Zaki Construction Co., Ltd.နှင့်Chubu Regional Development Bureau (MUT)မှ လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်အင်ဂျင်နီယာများက စာတွေ့ လက်တွေ့များ ပို့ချပေးခဲ့ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သတ္တဌာနဘုန်းတော်ကြီးကျောင်း၌ သာယာဝတီမြို့နယ် ဦးစီးဌာနမှူးရုံးမှ မိုးပွင့်(အထူး)စီမံချက်ဖြင့် ဆောင်ရွက်ရန် ကျန်ရှိသည့် ဆရာစံမြို့သစ်ရပ်ကွက်နှင့် အလယ်ကုန်းရပ်ကွက်မှအသက် ၁၈ နှစ်ပြည့်သူ ၂၄၀ အား ဆောင်ရွက်ပေးခဲ့ရာ စာရွက်စာတမ်းအချက်အလက်ပြည့်စုံသူ ၅၀ အား နေ့ချင်းပြီးဆောင်ရွက်၍ ခရိုင်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထွဋ်နှင့် မြို့နယ်ဦးစီးမှူး ဦးကျော်မြင့်နိုင်တို့က ကာယကံရှင်များလက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မဲဆန္ဒရှင် ၃၅၀၀၀၀ ကျော် မဲပေးမည်

**ရမည်းသင်း ဇူလိုင် ၂၀**

မြန်မာတစ်နိုင်ငံလုံး၌ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် တရားမျှတသော အထွေထွေရွေးကောက်ပွဲတွင် ရမည်းသင်းခရိုင်အဖွဲ့မှ မဲရုံ ၅၁၁ ရုံတွင် ဆန္ဒမဲပေးကြမည့်လူပေါင်း ၃၅၀၀၀၀ ကျော်ဖြစ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ရပ်ကွက်ကျေးရွာ ၆၈ အုပ်စုတွင် မဲရုံပေါင်း ၂၂၇ ရုံတွင် ဆန္ဒမဲပေးမည့် လူပေါင်းမှာ ၁၆၆၄၀၆ ဦးဖြစ်ပြီး ပျော်ဘွယ်မြို့နယ်တွင် မဲရုံပေါင်း ၂၄၈ ရုံ၌ ဆန္ဒမဲပေးမည့်လူပေါင်းမှာ ၁၈၈၁၀၂ ဦး စုစုပေါင်း ၃၅၄၅၀၈ ဦးဖြစ်ကြောင်း၊ ဇွန် ၂၂ ရက်နေ့မှ ဇူလိုင် ၅ ရက်အထိ နှစ်ပတ်ကြာ ရပ်ကွက်ကျေးရွာ ကော်မရှင်ရုံးခွဲများတွင် မဲစာရင်းများအား ကြော်ငြာထားရှိပြီးဖြစ်ကြောင်း သိရသည်။

**(၀၁၁)**

# ကလေးဝမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ကလေးဝ ဇူလိုင် ၂၀**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးတွင် လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုဖြင့် ကျင်းပနိုင်ရန်အတွက် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ ချင်းတွင်းမြစ်သာခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ဇူလိုင် ၁၆ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် ကလေးခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဂင်ခန့်ပေါင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း




**ချောင်းဦး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ရွှေလှေကျေးရွာ ဗန္ဓုလမြစ်ရေတင်တွင် စိုက်ပျိုးထားရှိသော တောင်သူဦးမြတ်ထွန်း၏ GW.1 ပုလဲသွယ်စပ်မျိုး စပါးစံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းရာတွင် (၆. ၆× ၆. ၆) ပေ စံကွက်သုံးကွက် ရိတ်သိမ်းခဲ့ရာ ပျမ်းမျှအထွက်နှုန်း ၁၇၉ ဒသမ ၆၃ တင်းထွက်ရှိခဲ့ပြီး (၆. ၆×၆. ၆) ပေ အကွက်အကျယ် ၀ ဒသမ ၁၀ ဧက ရိတ်သိမ်းခဲ့ရာ ၁၇၅ ဒသမ ၇၂ တင်း အစိုထွက်ရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ

# တရားမဝင်ကုန်သွယ်မှုမရှိစေရေး ပညာပေးလုပ်ငန်းများ ကော့သောင်းမိုဘိုင်းအဖွဲ့ဆောင်ရွက်



**ကော့သောင်း ဇူလိုင် ၂၀**

နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင်တင်သွင်းပြီး ပြည်တွင်းသို့ တရားမဝင်တင်ပို့မည့် ကုန်ပစ္စည်းများအား တားဆီးကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများကို ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းမြို့အနီးတစ်ဝိုက် ပင်လယ်ပြင်မှ ကုန်တင်သင်္ဘောများပေါ်သို့ ဇူလိုင် ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမိုဘိုင်းအဖွဲ့အနေဖြင့် စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေးအတွက် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတစ်ဆင့် ပြည်တွင်းသို့ကုန်ပစ္စည်းများတင်ဆောင်ထွက်ခွာမည့် သင်္ဘောများသို့သွားရောက်ကာ တင်ဆောင်ထားသည့် ကုန်ပစ္စည်းများအပေါ် နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများ ပေးသွင်းမှု ရှိ မရှိ၊ အခွန်ပေးဆောင်ထားမှု အထောက်အထားများနှင့် တင်ဆောင်သည့် ကုန်ပစ္စည်းအမျိုးအမည် မှန်ကန်ကိုက်ညီမှု ရှိ မရှိ၊ ကန့်သတ်တားမြစ်ထားသည့် ကုန်ပစ္စည်းများ တင်ဆောင်ကုန်သွယ်ခြင်း ရှိ မရှိတို့ကို စစ်ဆေးခဲ့ပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အကောက်ခွန်မဲ့နှင့် တရားမဝင်ကုန်စည်များ တင်သွင်းမှုတားဆီးရေးအတွက် ကော့သောင်းမိုဘိုင်းအဖွဲ့ကို ဖွဲ့စည်းပြီးနောက် ပညာပေးကာလအနေဖြင့် ဇူလိုင်လကုန်အထိ သတ်မှတ်ထားပြီး သွင်းကုန်လုပ်ငန်းများ၊ ကုန်တင်သင်္ဘောလုပ်ငန်းများအနေဖြင့် ကုန်သွယ်မှုများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် စစ်ဆေးပညာပေးနေခြင်းဖြစ်ကာ ပညာပေးကာလကုန်ဆုံးပါက အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ရပ်ကွက်နှစ်ခုသို့ ဓာတ်အားပေးစက်သစ်ဖြင့် ဓာတ်အားပေးပို့

**ပူတာအို ဇူလိုင် ၂၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ရှိ လုံးစွတ်ရပ်ကွက်နှင့် လေယာဉ်ကွင်းရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းရုံးချုပ်မှ ပေးပို့သော ၃၄၀ ကေဗွီအေ ဓာတ်အားပေးစက်သစ်ကြီးဖြင့် ဇူလိုင် ၁၇ ရက်မှ စတင်ဓာတ်အားပေးပို့လျက်ရှိကြောင်း သိရသည်။



ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက် ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်သစ်မှ ဓာတ်အားစတင်ပေးပို့သည့် အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလီပေါ်ရဲ့၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မျိုးသူရနောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဘုန်းမြင့်ဦးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကာ ခရိုင်အုပ်ချုပ်ရေးမှူးက ဓာတ်အားပေးစက်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ပူတာအိုမြို့တွင် ၃၄၀ ကေဗွီအေ ဓာတ်အားပေးစက်တစ်လုံး၊ ၃၀၀ ကေဗွီအေ ဓာတ်အားပေးစက် နှစ်လုံး၊ ၆၄ ကေဗွီအေ ဓာတ်အားပေးစက် တစ်လုံးနှင့် နမ်ထွမ်ရေအားလျှပ်စစ်စက်ရုံမှ ၁၀၀ ကီလိုဝပ် ဓာတ်အားပေးစက်နှစ်လုံးဖြင့် နေ့စဉ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ၃ဒသမ ၂ မဂ္ဂါဝပ်ထွက်ရှိမည့် အထက်နမ်ထွမ် ရေအားလျှပ်စစ် စီမံကိန်းကြီးကိုလည်း ပူတာအိုမြို့တောင်ဘက် ခုနစ်မိုင်ခန့်အကွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ လာမည့်နှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်းနှင့် ပြီးစီးပါက ပူတာအိုမြို့တွင် ၂၄ နာရီလျှပ်စစ်ဓာတ်အား ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**

## ကျေးရွာမူလတန်းကျောင်းနှင့် ဓာတ်အားလိုင်းဖွင့်ပွဲကျင်းပ

**ရမည်းသင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲနှင့် လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲများကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

ကျေးရွာမူလတန်းကျောင်းကို တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်ဦးစီးအရာရှိ ဦးသန်းလွင်နှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသိုက်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမျိုးသားကြီးပွားတိုးတက်ရေးအုပ်စုကုမ္ပဏီက အလှူငွေကျပ် ၁၀ သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုဝန်ကြီး၊ သမဝါယမဦးစီးအရာရှိ ဦးဇော်လင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးသူရဇော်နှင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ ဦးကျော်မင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**အတ်ကလေး(ရမည်းသင်း)**

## (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် သံဃာတော်များအား ဆွမ်းကပ်

**မုံရွာ ဇူလိုင် ၂၀**

(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းပွဲကို မုံရွာမြို့ ရွှေစည်းခုံသာသနာ့ဗိမာန်တော်၌ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဆွမ်းကပ်လှူဒါန်းပွဲအခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး ဥပဒေချုပ် ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်မြင့်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်



တည်ကာ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ရန်ကင်းကျောင်းတိုက် ပဓာန နာယက ဆရာတော်က ရေစက်ချအနုမောဒနာတရားတော်ကို ဟောကြားပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ခင်ဦးစိုးဝေ**

**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၆ ရက်ကကျင်းပရာ ကျောင်းသားကျောင်းသူများက အရိပ်ရအပင်များ၊ အလှပင်များနှင့် ဟင်းသီးဟင်းရွက်ပင်များကို တစ်ပျော်တစ်ပါးစုပေါင်းစိုက်ပျိုးစဉ်။** (မြို့နယ် ပြန်/ဆက်)



# ဖားမဲတောင် ဥယျာဉ်တောင်ခြေ မြေထိန်းနံရံနှင့် ဘက်စုံသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်



**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ဘားအံ-ထုံးအိုင်လမ်းမကြီးဘေးရှိ ဖားမဲတောင် ဥယျာဉ် တောင်ခြေတွင် မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ဘက်စုံသာယာလှပရေးလုပ်ငန်းများကို ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇူလိုင် ၁၅ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖားမဲတောင်ခြေ မြေထိန်းနံရံ ပြုလုပ်ခြင်း၊ လမ်းတိုးချဲ့ခြင်း၊ မီးတိုင်စိုက်ထူခြင်းနှင့် ရောင်စုံမီးဆိုင်းများဖြင့် အလှဆင်ခြင်းလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ်၏လမ်းညွှန်မှု၊ စည်ပင်သာယာရေးဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှ ကျပ်သိန်း ၂၀၀ အကုန်ကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြေထိန်းနံရံကို အမြင့် ၁၀ ပေ၊ အလျား ၂၀၅ ပေရှိ ကွန်ကရစ်တံတိုင်းပြုလုပ်ကာ အပြင်နံရံတွင် ကျောက်ပြားများဖြင့် အလှဆင်သွားမည်ဖြစ်ကြောင်း၊ လူသွားလမ်းပလက်ဖောင်းနှင့် ကတ္တရာလမ်း တိုးချဲ့ခြင်းများကိုလည်း ပြုလုပ်မည်ဖြစ်ကြောင်း၊ တောင်ပတ်လမ်း သာယာလှပစေရေးအတွက်လည်း မီးတိုင်များစိုက်ထူကာ ရောင်စုံမီးဆိုင်းများဖြင့် အလှဆင်သွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးစိုးလွင်က ပြောသည်။ တည်ဆောက်မှုများကို ဇူလိုင်လကုန်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့ကမ်းနားလမ်းတလျှောက်တွင် ပြည်သူများအနေဖြင့် အပန်းဖြေလမ်းလျှောက်၍ သံလွင်မြစ်၏ သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်သည့် အပန်းဖြေနေရာဖြစ်လာစေရန် ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ကမ်းနားလမ်းတစ်လျှောက်တွင်လည်း ကွန်ကရစ်လျှောက်လမ်းများကို ကရင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## သွေးလွန်တုပ်ကွေးကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ငဖဲ ဇူလိုင် ၂၀**

ငဖဲမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ချောင်းဖြူကျေးရွာနှင့် ထန်းကိုင်းကျေးရွာများ၌ ဇူလိုင် ၁၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဌာနမှ ကျေးရွာသားဖွားဆရာမက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး ကျေးရွာရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ ပိုးလောက်လန်းပေါက်ပွားမှုမရှိစေရန် အဘိတ်ဆေးခတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ကျေးရွာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်ပွဲကျင်းပ

**မလှိုင် ဇူလိုင် ၂၀**

မလှိုင်မြို့နယ် ရွာသစ်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးညွှန့်ဝေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်အေး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကြယ်စီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အလယ်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ဒုတိယမြို့နယ်ပညာရေးမှူးက ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

“ကျွန်တော်တို့ ကျေးရွာက ကလေးတွေ မူလတန်းအဆင့် အောင်မြင်ခဲ့ရင် မိတ္ထီလာမြို့နယ်က ရေချိုအထကကျောင်းကို သွားတက်ရပါတယ်။ ရေချိုနဲ့ ရွာက သုံးမိုင်ဝေးပါတယ်။ ကျွန်တော်တို့မြို့နယ်ထဲက မလှိုင် အထကကို သွားတက်မယ်ဆိုရင် ၁၀မိုင်လောက် ဝေးပါတယ်၊ အခုလို ကျွန်တော်တို့ရွာမှာတင် အလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်ပေးလို့ တစ်ခြားမြို့ကိုသွားပြီး ကျောင်းတက်ရတဲ့ အခက်အခဲက ဝေးသွားလို့ ကျောင်းသားမိဘတွေအနေနဲ့ ဝမ်းသာပါတယ်”ဟု ဒေသခံ ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။

**အောင်ဌေး(မလှိုင်)**

## ချည်မျှင်ရှည်ဝါစိုက်ပျိုးရေး တောင်သူများအား တွေ့ဆုံဆွေးနွေး

**မြောင် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်တန်းကျေးရွာ၌ မိုးကြိုသီးနှံအဖြစ် စိုက်ပျိုးထားသည့်



ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါ စံပြစိုက်ခင်းတစ်ဧကစီတွင် ဝါများစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ခရိုင်စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဇူလိုင် ၁၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ချည်မျှင်ရှည်ဝါစိုက်ပျိုးရေးအတွက် ဒေသခံ တောင်သူများနှင့် ဆွေးနွေးပွဲကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်မြတ်က အမှာစကားပြောကြားပြီး ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ဦးက ရွှေတောင်(၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါ စိုက်ပျိုးနည်းပညာနှင့် စိုက်ပျိုးနည်းစနစ်အကြောင်းများကို ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မျိုးလှိုင်က ချည်မျှင်ရှည်ဝါဖျက်ပိုး အန္တရာယ်ကျရောက်မှု၊ ကာကွယ်တားဆီးမှုနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းအတွက် သတိပြုရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

“ကျွန်တော်က ရွှေတောင် (၈)နှင့် ငွေချည်(၉) ချည်မျှင်ရှည်ဝါ တစ်ဧကစီကို မတ် ၂၇ ရက်မှာ စတင်စိုက်ပျိုးခဲ့ပြီး တစ်ဧကထွက်နှုန်း ပိဿာ ၁၂၀၀ ကျော် ခန့်မှန်းထားတယ်။ အကျိုးအမြတ်ကတော့ တစ်ဧက ကျပ်ကိုးသိန်းကျော်စီ ရရှိမှာဖြစ်ပါတယ်”ဟု စံပြဝါစိုက်ခင်းကို စိုက်ပျိုးသည့် တောင်သူဦးဝင်းဗိုလ်က တက်ရောက်လေ့လာကြသည့် တောင်သူများကို ရှင်းပြသည်။ ဆက်လက်၍ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းရေးအတွက် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာသုံးစွဲနည်း၊ ပိုးသတ်ဆေးအသုံးပြုနည်းနှင့် စိုက်ပျိုးနည်းစနစ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဝါစိုက်တောင်သူများ၏ မေးမြန်းဆွေးနွေးမှုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြန်လည်ဖြေကြားရှင်းလင်းပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စက်မှုသီးနှံဦးစီးဌာနမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဝါစိုက်တောင်သူများက မိုးကြိုချည်မျှင်ရှည်ဝါ စံပြစိုက်ခင်းကို လေ့လာကြည့်ရှုခဲ့ကြသည်။

**တင်ကိုကို**

## မိခင်နှင့်ကလေးသေဆုံးမှုလျော့နည်းကျဆင်းရေးစီမံချက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ဆွေးနွေးပွဲပြုလုပ်

**မြိုင် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ ပြည်သူ့ဆေးရုံခန်းမ၌ မြို့နယ်အတွင်း မိခင်နှင့် အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း ကျဆင်းရေးစီမံချက်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးအတွက် ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက် နှစ်ရက်ကြာဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်သန်းက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (ခေတ္တ)ဦးစီးမှူး ဒေါက်တာတင်မောင်ဆွေက စီမံချက်လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟမောင်မောင်တင်တို့က မိခင်နှင့် အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုလျော့နည်းကျဆင်းရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးအမှုဆောင်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၈၄ ခုမှ အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်ရန် နည်းလမ်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် လိုအပ်ချက်နှင့် အခက်အခဲများစသည်တို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**



# ချန်ပီယံလိဂ်ဒုတိယအကျော့ ခြေစစ်ပွဲတွေလာပြီ



မိုးမြင့်လင်းလက်

၂၀၁၆ ချန်ပီယံလိဂ်ဒုတိယအကျော့ ခြေစစ်ပွဲတွေကို ဇူလိုင် ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ကစားတဲ့အခါ ခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ကြရမယ့် အသင်းတွေကို မြင်တွေ့ကြရပါဦးမယ်။ ဒီပွဲစဉ်တွေမှာ အစဉ်အလာရှိတဲ့ အသင်းတွေကပဲ နိုင်ပွဲဆက်မလားဆိုတာ ခန့်မှန်းရခက်နေပြီး မျက်နှာသစ် အသင်းတွေကလည်း ခြေစွာလွန်းနေတာကြောင့် ရလဒ်တွေ ဘယ်လိုထွက်လာမလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

### ဖိုလာအက်ရှ်နှင့် ဒိုင်နမိုဇာဂရက်

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့အတွက် ဒိုင်နမိုဇာဂရက်တို့ အဝေးကွင်းမှာ ပေါ့ဆလို့မရတော့ပါဘူး။ အခုတစ်လော သရေပွဲတွေဆက်တိုက်ဖြစ်နေတဲ့ ဒိုင်နမိုဇာဂရက်အတွက် နိုင်ပွဲလိုအပ်နေပြီမို့ အခုပွဲမှာ အကောင်အထည်ဖော်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဖိုလာအက်ရှ်ရဲ့ တိုက်စစ်အားက ကောင်းမွန်တာမို့ ဒိုင်နမိုဇာဂရက်တို့ မျှော်လင့်ချက်ပျက်ပြားနိုင်တဲ့ အခြေအနေ ရောက်သွားနိုင်ပါတယ်။

### ဆက်ဂျာနန်နှင့် ဆဲလ်တစ်

ဆဲလ်တစ်အိမ်ကွင်းမှာ ပထမအကျော့ ကစားခဲ့တာမှာ နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ ဆဲလ်တစ်ဟာ ခံစစ်ပိုင်းအားနည်းနေတဲ့ ဆက်ဂျာနန်ကို ဂိုးရအောင်သွင်းပြီး အောင်ပွဲခံနိုင်ရေး ကြိုးစားဦးမှာပါ။ ချန်ပီယံလိဂ်မှာ အစဉ်အလာကောင်းရှိတဲ့ ဆဲလ်တစ်တို့က အသင်းလိုက်ရော၊ တစ်ဦးချင်းပါ စွမ်းဆောင်ရည်ကောင်းမွန်နေတာမို့ အဝေးကွင်းဖြစ်ပေမယ့် နိုင်ပွဲရအောင် ဖော်ဆောင်ပြီး သုံးမှတ်အပြည့်ရယူဦးမှာ သေချာနေပါတယ်။

### စတူအာဘူခါရက်နှင့် ထရန်ဆင်

ပထမအကျော့မှာ စတူအာဘူခါရက်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ နောက်ဆုံးသုံးပွဲကစားတဲ့ ရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိသေးတဲ့ အိမ်ရှင်တို့ဟာ အခုပွဲမှာလည်း ထရန်ဆင်ကို ပညာပေးဦးမှာဖြစ်ပါတယ်။ တန်ပြန်တိုက်စစ် လျင်မြန်တဲ့ ထရန်ဆင်တိုက်စစ်မျုးကို အိမ်ရှင်တို့ သတိပြုစရာဖြစ်ပေမယ့် ဒီပွဲမှာ စတူအာဘူခါရက်တို့ပဲ အနိုင်ရလဒ်ကို သိမ်းပိုက်သွားဦးမှာ ဖြစ်ပါတယ်။

### ဗီဒီယိုတွန်နှင့် နယူးစိန့်

ဝေးလ်ကလပ်ဖြစ်တဲ့ နယူးစိန့်အသင်းဟာ ပထမအကျော့ပွဲစဉ်မှာ ဗီဒီယိုတွန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပါတယ်။ ဗီဒီယိုတွန်တို့ကလည်း ခြေမှန်တဲ့အသင်း မဟုတ်တာကြောင့် ဒီပွဲမှာ နယူးစိန့်တို့ အသာစီးရသွားနိုင်ပါတယ်။ နယူးစိန့်တို့က အသင်းလိုက် စုစည်းမှုကောင်းပြီး တိုက်စစ်မှူးတွေရဲ့ စွမ်းအားကလည်း ကောင်းမွန်တာမို့ အိမ်ရှင်တို့ သရေရလဒ်ထက်ပိုပြီး မျှော်လင့်လို့မရနိုင်ပါဘူး။

### ဗာဒါနှင့် အေပိုးလ်

ပထမအကျော့ အေပိုးလ်ကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ ဒီပွဲက ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဗာဒါတို့က ခြေမှန်တဲ့အသင်းဖြစ်ပြီး နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ အေပိုးလ်ဟာ နောက်ဆုံးသုံးပွဲ ခြေစွမ်းက နိုင်ပွဲတစ်ပွဲမှ မရတဲ့အထိ ကျဆင်းနေတာမို့ အိမ်ရှင်ဗာဒါတို့ အခြေအနေကောင်းနိုင်ပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ကစားလိုစိတ်ပြင်းထန်နေတဲ့ အေပိုးလ်ကစားသမားတွေရဲ့ စိတ်ဓာတ်ပြင်းထန်နေမှုက ရလဒ်ကောင်းကို ဖော်ဆောင်သွားမယ့် အနေအထားလည်း ဖြစ်သွားနိုင်ပါတယ်။ ။

## မန်စီးတီးခေါ်ယူဖို့ ကြိုးစားနေတဲ့ ဖူလ်ဟမ်ကွင်းလယ်ကစားသမား

အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ ဖူလ်ဟမ်လူငယ်ကွင်းလယ်ကစားသမား ပက်ထရစ်ရောဘတ်ကို မန်စီးတီးက စာချုပ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ မန်စီးတီးက ပေါင်ရှစ်သန်းနဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်တယ်။ ရောဘတ်ဟာ ဖူလ်ဟမ်အသင်းအတွက် ၂၂ ကြိမ် ပွဲထွက်ကစားထားတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရ ပက်ထရစ်ရောဘတ်ကို စိတ်ဝင်စားနေတဲ့အသင်းတွေထဲမှာ ပီအက်စ်ဂျီလည်းပါဝင်ပါတယ်။ သို့ပေမယ့် လက်လွှတ်ခဲ့ရပါပြီ။

မန်စီးတီးနဲ့ ပြောင်းရွှေ့ရေးသဘောတူညီချက်ရထားပြီ ဖြစ်ပါတယ်။ မန်စီးတီးနဲ့ ဖူလ်ဟမ်တို့ဟာ ကနဦးအနေနဲ့ ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းနဲ့ သဘောတူဖို့ ဆွေးနွေးခဲ့ရာမှ ပေါင်ရှစ်သန်းအထိ တိုးလာခဲ့တာဖြစ်ပါတယ်။ အသက် ၁၉ နှစ်အောက် အင်္ဂလန်ကစားသမား ပက်ထရစ်ရောဘတ်ဟာ လက်ရှိစာချုပ်အရ ဖူလ်ဟမ်နဲ့ တစ်နှစ်ကျန်ရှိနေတဲ့ အချိန်မှာ မန်စီးတီးကို ပြောင်းဖို့အခြေအနေဖြစ်လာခဲ့တာဖြစ်ပါတယ်။ မန် စီးတီးက စတာလင်းနဲ့ ဖာဘီယန်ဒက်တို့ကို ခေါ်ယူခဲ့ပြီးနောက် တတိယမြောက် စာချုပ်တဲ့ ကစားသမား ဖြစ်လာမှာဖြစ်ပါတယ်။



## မန်ယူပစ်မှတ်ထားနေတဲ့ အိုင်းယက်စ်ဂိုးသမား



အိုင်းယက်စ်နံပါတ်တစ်ဂိုးသမား ဂျက်စပါးဆီလ်လက်ဆင်ဟာ မန်ယူကပစ်မှတ်ထားတဲ့ ဂိုးသမားဖြစ်လာပါတယ်။ မန်ယူက ထွက်ခွာဖွယ်ရှိနေတဲ့ ဒီဂီယာနေရာမှာ အစားထိုးဖို့ ဆီလ်လက်ဆင်ကို ပစ်မှတ်ထားလာတယ်လို့ ဆိုပါတယ်။ စပါးဂိုးသမား ဟူဂိုလိုရစ်ဟာလည်း မန်ယူက ဒီဂီယာနေရာမှာ အစားထိုးဖို့ ပစ်မှတ်ထားနေတာပါ။

သို့ပေမယ့် အိုင်းယက်စ်ဂိုးသမား ဂျက်စပါးကိုတော့ ခေါ်ယူဖို့အလားအလား ပိုများနေတယ်လို့ ဆိုပါတယ်။ သို့ ပေမယ့် စပိန်ကစားသမား ဒီဂီယာဟာ မန်ယူရဲ့ အမေရိကန်ခရီးစဉ်မှာ လိုက်ပါပြီး ကစားနေဆဲဖြစ်ပါတယ်။ မန်ယူအနေနဲ့ ဒီဂီယာပြောင်းရွှေ့နိုင်ဖွယ်ရှိတဲ့အပေါ် ဂိုးသမားသစ်များ ထပ်မံခေါ်ယူဖို့ သေချာနေပါတယ်။ အိုင်းယက်စ်ဂိုးသမား ဆီလ်လက်ဆင်ကတော့ မန်ယူဂိုးသမားဖြစ်လာနိုင်ခြေအရှိဆုံး ကစားသမားဖြစ်ပါတယ်။ သူဟာ အိုင်းယက်စ်အသင်းနဲ့အတူ အစွမ်းပြကစားနေသူဖြစ်ပါတယ်။

## ရိုးမားကို အငှားချမယ့် ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး ဆလက်

ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး မိုဟာမက်ဆလက်ကို စီးရီးအေကလပ် ရိုးမားသို့ အငှားချထားဖို့ သဘောတူလိုက်ပြီလို့ ဆိုပါတယ်။ အီဂျစ်ကစားသမား မိုဟာမက်ဆလက်ဟာ ဖီအိုရင်တီးနားကို အငှားချထားဖို့ ငြင်းဆန်ခဲ့ပြီးတဲ့နောက် ရိုးမားသို့ အငှားချထားဖို့ ပြင်ဆင်ခဲ့ခြင်းကို သဘောတူခဲ့ရခြင်းဖြစ်ပါတယ်။ ဒီအတောအတွင်းမှာပဲ ချယ်လ်ဆီးက ရိုးမားအသင်းမှ အသက် ၂၀ အရွယ်သာရှိသေးတဲ့ နောက်တန်းကစားသမား ရိုမန်နိုလီကိုလည်း ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။

ရိုးမားအသင်းဟာ မန်စီးတီးကစားသမား ဒီဇီကိုအား ခေါ်ယူဖို့လည်း ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အသက် ၂၉နှစ် အရွယ်ရှိ ဒီဇီကိုအနေနဲ့ မန်စီးတီးမှ ထွက်ခွာဖွယ်ရှိနေပြီး ရိုးမားအသင်းကို ပြောင်းဖို့ စိတ်အားထက်သန်နေပါတယ်လို့ ဆိုပါတယ်။

သို့ပေမယ့် မန်စီးတီးက ဒီဇီကိုအား ဆက်လက်စွဲထားမယ့် အနေအထားရှိပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ ဒီဇီကိုဟာ မန်စီးတီးအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ အဓိက ကစားသမားဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ မိုဟာမက်ဆလက်ကတော့ ရိုးမားကို ပြောင်းဖို့သေချာနေပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်



# (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ညောင်တုန်းတွင် ကျင်းပ

**ညောင်တုန်း ဇူလိုင် ၂၀**

(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အာဇာနည်ပန်းခြံ၌ ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ပြီး လွမ်းသူ့ပန်းခွေများ ချခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ငြိမ်သက်စွာ ဂါရဝပြုခဲ့ကြသည်။

အာဇာနည်နေ့အထိမ်းအမှတ် လွမ်းသူ့ပန်းခွေချခြင်းနှင့် အလေးပြုခြင်းအပြင် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ သံဃာတော်များကိုလည်း ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌လည်း အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**



ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၌ (၆၈)ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗိုလ်ချုပ်ကြေးရုပ်တုတွင် ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီကစတင်ကျင်းပရာ သံဃာတော်များအားဆွမ်းကပ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်များအား လွမ်းသူ့ပန်းခွေချ အလေးပြုခြင်းများကို ပြုလုပ်စဉ်။

မျိုးလှိုင်(တွံတေး)

# အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

**ပုသိမ်ကြီး ဇူလိုင် ၂၀**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပုသိမ်ကြီးမြို့ ဗဟိုမြို့မစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအရိယဝံသနှင့် သံဃာတော်များအား ပုသိမ်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြစိုး၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆန်းတို့က ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး တရားတော်များ နာယူကာ လှူဖွယ်ပစ္စည်းများလည်း ကပ်လှူခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ပါတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် (၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းကပ်လှူခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းနှင့် ချီတက်အလေးပြုခြင်း အခမ်းအနားများကို မြန်မာနိုင်ငံ မြို့နယ်အရပ်ရပ်၌ ကျင်းပလျက်ရှိသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ကြံခင်းမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တု ဖွင့်လှစ်

**ကြံခင်း ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့တွင် ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီက မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုဖွင့်ပွဲ အခမ်းအနားကို လမ်းမတော်လမ်းနှင့် မက်သနောလ်လမ်းဆုံ (အဝေးပြေးကားဝင်းအနီး)၌ ကျင်းပသည်။

ဗိုလ်ချုပ်ကြေးရုပ်တုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် အထက ကြံခင်းမှ ဘက်စုံထူးချွန် (လူရည်ချွန်) ကျောင်းသား ကျောင်းသူ လေးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ တက်ရောက်လာကြသည့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် မြို့မိမြို့ဖများက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အထက (ရွာသစ်တောင်) ကျောင်းသားကျောင်းသူများ၏ ဘင်ခရာတီးဝိုင်းက ဂါရဝပြုတီးမှုတ်၍ အခမ်းအနားတက်ရောက်လာကြသူများက ဗိုလ်ချုပ်ကို ဂါရဝပြုအလေးပြုကြသည်။ ဗိုလ်ချုပ်ကြေးရုပ်တု၏ အမြင့်မှာ ခုနစ်ပေဖြစ်ပြီး ကြေးပိဿာချိန် ၄၅၀ ဖြင့် မန္တလေးမြို့ ချမ်းမြသာစည် တမ္ပဝတီရပ်နေ ကြေးသွန်းပညာရှင် ဦးတင်ထွေး (ကြာငါးပွင့်မြန်မာ့အနုပညာလုပ်ငန်း) က သွန်းလုပ်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၆၉)**



စားသုံးရန်မသင့်သော စားသောက်ကုန်များကို ကားဖြင့်ကြိတ်၍ ဖျက်ဆီးစဉ်။

# (၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်အလှူဒါနပြုခြင်း အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၆၈) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ကုသိုလ်ပြု အမျှပေးဝေ ဆွမ်းဆက်ကပ်အလှူဒါနပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆရာတော်ကြီးများဖြစ်ကြသည့် ဒဟတ္တောကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတသာရ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက် ဘဒ္ဒန္တဝိဇယတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဧည့်ပရိသတ်များက ဆရာတော်များထံမှ ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ဥသြဆွဲကာ အောက်မေ့အမှတ်ရဖွယ် ဂုဏ်ပြုအလေးပြုခြင်းကို တညီတညွတ်တည်း ပြုလုပ်ခဲ့ကြသည်။ **အောင်(ခတုဗေဒ)**

# မိုဘိုင်းအဖွဲ့ကဖမ်းမိထားသည့် စားသုံးရန်မသင့်သောစားသောက်ကုန်များ ဖျက်ဆီး

**တာချီလိတ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး မိုဘိုင်းအဖွဲ့က ဖမ်းဆီးရမိထားသည့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၁၂ သန်းနီးပါးကို ဇူလိုင် ၁၇ ရက်က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့နယ် မိုဘိုင်းအဖွဲ့၏ ဖမ်းဆီးမှု ၁၁ ကြိမ်မှ အများပြည်သူစားသုံးရန်မသင့်တော်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော ဘီယာနှင့်အရက်များ၊ ထောက်ခံချက်မပါရှိသော အချိုရည်များ၊ ခွင့်ပြုချက်မပါရှိသော ဆေးဝါးများ၊ လူသုံးကုန်များနှင့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁ဒသမ ၉၈၃သန်းခန့်ကိုဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ဖျက်ဆီးခဲ့သော ပစ္စည်းများမှာ Leo အမှတ်တံဆိပ်ဘီယာများ၊ Spy အမှတ်တံဆိပ် ဝိုင်၊ ထိုင်းနိုင်ငံထုတ် Crown 99 အမှတ်တံဆိပ် အရက်များ၊ ကိုရီးယားဆိုဂျူးအရက်များ၊ Pine နှင့် Wilson အမှတ်တံဆိပ် စီးကရက်များ၊ FDA ခွင့်ပြုချက်မပါသော Lactasoy ပဲနို့နှင့် Winza အမှတ်တံဆိပ် အားဖြည့်အချိုရည်များအပါအဝင် စားသောက်ကုန်ပစ္စည်းများ၊ DRCခွင့်ပြုချက်မပါရှိသော Bashi Quick Slimming Capsule အဆီကျဆေးဝါးများ၊ Dextrose အိမ်သုံးဆေးများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခွင့်ပြုချက်မရရှိထားသော Sodium Salt ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများအပါအဝင် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိပစ္စည်းများကို မြို့နယ်အကောက်ခွန်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ညွှန့်အောင်နှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးအရာရှိ ဦးမောင်မောင်တို့ ဦးဆောင်သောအဖွဲ့များက တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ စနစ်တကျ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ဆေးစိမ်ခြင်ထောင်အသုံးပြုနည်း လက်တွေ့သရုပ်ပြ

**ရန်ကုန် ဇူလိုင် ၂၀**

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေပြည်သူများ ခြင်အန္တရာယ်ကင်းဝေးရေးအတွက် ခြင်ထောင်များကို ဆေးစိမ်ဆေးပြားများဖြင့် စိမ်၍ အသုံးပြုနည်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဇူလိုင် ၁၈ ရက်က လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ခြင်နှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ရေစည်ရေလှောင်ကန်များတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ထောင်များကို ဆေးစိမ်အသုံးပြုနည်း သရုပ်ပြခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ရပ်ကွက် ၂၀ ၌ လှည့်လည်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**



(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီသုံးခုမှ ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်တရားတော်များ နာယူစဉ်။ (၁၁၉)

# အမြန်လမ်းမကြီးအနီး၌ သမ္ဗုဒ္ဓေ-ဘေးရန်ကင်းစေတီတော် တည်ထားကိုးကွယ်မည်

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အတွင်း မန္တလေး-ရန်ကုန် အမြန်လမ်းမကြီးအနီး မိုင်တိုင်အမှတ် (၃၅၂/၁)ရှိ စကားအင်းကျေးရွာ လမ်းအသုံးပြုကောက်ခံရေးဂိတ်အနီးတွင် သမ္ဗုဒ္ဓေ-ဘေးရန်ကင်းစေတီတော်ကို တည်ထားကိုးကွယ်မည်ဖြစ်ပြီး စေတီတော်တည်ထားရန် ပန္နက်တင်၊ တွင်းတော်ဝန်းနှင့် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များ တက်ရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မစိုးရိမ်ကျောင်းတိုက် ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ပြီး တရားတော်များ နာယူကြည်ညိုကာ အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဘုရားဒါယကာ ဦးအောင်မြတ်နှင့် တာဝန်ရှိသူများက သမ္ဗုဒ္ဓေ-ဘေးရန်ကင်း စေတီတော်မြတ်ကြီး ပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် ရတနာအုတ်မြစ်တော်စီခြင်းများကို ဆက်လက်ပြု လုပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် လွမ်းသူ့ပန်းခွေချအလေးပြု

**ကျောက်ပန်းတောင်း ဇူလိုင် ၂၀**

(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်းမြို့ လွတ်လပ်ရေးရပ်ကွက်ရှိ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၌ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ကဦးဆောင်ကာ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး တရားတော်များနာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့ပေါ် ရပ်ကွက်အသီးသီးမှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ အလွတ်ပညာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူလေးများ၊ စည်ပင်သာယာစျေးအဖွဲ့များက အလှည့်ကျနေရာယူ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများချပြီး အလေးပြုခဲ့ကြသည်။

အခမ်းအနားကျင်းပနေစဉ်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်စည်ပင်ပင်သာယာရေး ကြီးကြပ်မှုကော်မတီဝင်များက လိုအပ်သည်များ ပံ့ပိုးကူညီခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း ယာဉ်ထိန်းရဲများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေအောင် (ပြန်/ဆက်)**

# သမဝါယမချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာ အရစ်ကျရောင်းချသည့် ထောက်ပံ့ငွေများ ပေးအပ်

**ဝါးခယ်မ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ အခြေခံသမဝါယမအသင်းများသို့ အသေးစားချေးငွေများ ပေးအပ်ပွဲနှင့် အသင်းဝင်များအတွက် အရစ်ကျစနစ်ဖြင့်ရောင်းချသော လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲကို ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ ဇူလိုင် ၁၈ ရက်က ပြုလုပ်ခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက ချေးငွေပေးအပ်ခြင်း လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး သမဝါယမဒုတိယဝန်ကြီး ဦးသန်းထွန်းက သမဝါယမကိစ္စရပ်များ၊ အသေးစားချေးငွေဆိုင်ရာကိစ္စများအကြောင်းကို အမှာစကားပြောကြားသည်။

ထို့နောက် ချေးငွေများကို ပေးအပ်ရာ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစောမြသိန်းက သမဝါယမအသင်း ၁၀၇ သင်းမှ အသင်းဝင်များအတွက် ချေးငွေကျပ် ၁၂၃၁၂ သိန်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ရွှေဝါဖူးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားများအတွက် ချေးငွေကျပ် ၃၃၃၂ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်က မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းများသို့ ချေးငွေကျပ် ၁၀၅၃ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းက လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချမှုအတွက် ချေးငွေကျပ် ၁၆၆၈ ဒသမ ၆၁ သိန်းကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ချေးငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦး၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အသင်းအမှုဆောင်များ၊ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်များ တက်ရောက်ခဲ့သည်။

**ကျော်စိန်(ဝါးခယ်မ)**

# (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပ



**သာစည် ဇူလိုင် ၂၀**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို သာစည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ အာဇာနည်ကျောက်တိုင်ကွင်းပြင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီများမှ ပါတီဝင်များ တက်ရောက်ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများချ၍ အလေးပြုအရိုအသေပေးခဲ့ကြကြောင်း သိရသည်။ **မောင်ကို(သာစည်)**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအရောက် ကွင်းဆင်းထုတ်ပေး

**ရေတာရှည် ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စုနှင့် သိုင်းဝကျေးရွာအုပ်စုများမှ သမဝါယမအသင်းဝင်တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို သမဝါယမဦးစီးဌာနက ဇူလိုင် ၁၉ ရက်တွင် ကျေးရွာအရောက် ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

သမဝါယမအသင်းဝင်တောင်သူများအတွက် မိုးစပါးစိုက်ပျိုးစရိတ်အဖြစ် တစ်ဧကလျှင်ကျပ်တစ်သိန်းနှုန်းဖြင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ချေးငွေများထုတ်ပေးခဲ့ခြင်းဖြစ်ပြီး အသင်းဝင်တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ ရရှိသောချေးငွေများအား အမှန်တကယ်အကျိုးရှိစွာသုံးစွဲနိုင်ရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကို အလျင်အမြန်ပြောင်းလဲနေပြီဖြစ်ရာ သမအသင်းဝင်တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျဝယ်ယူနိုင်ရေးတို့ကို တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးက အသင်းဝင်တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ရေတာရှည်မြို့နယ်တွင် သမဝါယမအသင်း ၂၅၇ သင်းရှိပြီး အသင်းသား ၁၄၅၉၃ ဦးရှိကြောင်းနှင့် အသင်းသား တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကာ ကျပ် ၁၄၈၅၃ သိန်းကျော်ကို ထုတ်ချေးသွားရန် လျာထားကြောင်း တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ သိရသည်။

**ကိုလွင်(ဆွာ)**

# ကလျာဏီသိမ်နှင့် ကျောက်စာ

မောင်သာ (ရှေးဟောင်းသုတေသန)

မြန်မာအဘိဓာန်တွင် "ရဟန်းတို့ ကံဆောင်ရာနေရာအပိုင်းအခြား"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည့် သိမ်သည် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးတွင် မရှိမဖြစ်သော အခြေခံအဆောက်အအုံဖြစ်သည်။ သိမ်သည် ဗုဒ္ဓသာသနာတော်ကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြမည့် ရဟန်းသံဃာများအဖြစ်သို့ရောက်ရှိရန် ဥပသမ္ပဒါကံဆောင်ရသောနေရာဖြစ်သည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာကို အဓိကကိုးကွယ်သည့် မြန်မာနိုင်ငံတွင် မြို့ပြကျေးလက် အနှံ့အပြားရှိ ဘုန်းကြီးကျောင်းများ၌ သိမ်များကို မြင်တွေ့ကြရပေသည်။ သာသနာတော်၏ အညွန့်အဖူးများဖြစ်ကြသည့် ရဟန်းသံဃာတော်များသည် ထိုသိမ်များမှ အမြဲပေါ်ထွန်းလျက်ရှိနေသည်။

မြန်မာနိုင်ငံတွင် ထင်ရှားသောသိမ်များ များစွာရှိသည့်အနက် ပဲခူးမြို့မှ ကလျာဏီသိမ်တော်သည် သမိုင်းဝင် ရှေးဟောင်းသိမ်တစ်ခုအဖြစ် ထင်ရှားသည်။ ဓမ္မစေတီမင်း(ခရစ်နှစ် ၁၄၇၂-၁၄၉၂)သည် ဟံသာဝတီ ပဲခူးဒေသတွင် ကလျာဏီသိမ်၊ နာရဏီသိမ်၊ နာဂဝံသိမ်၊ နိဗ္ဗာန်ကလိုင်သိမ်ဟူသည့်သိမ်ကြီးလေးသိမ်ကို တည်ဆောက်ခဲ့သည်။ ယင်းတို့အနက် ဓမ္မစေတီမင်းကြီးနန်းတက်ပြီး ရှစ်နှစ်အကြာ ၁၄၈၀ ပြည့်နှစ်တွင်တည်ဆောက်ခဲ့သည့် ကလျာဏီသိမ်သည် ပဲခူးမြို့အနောက်ပိုင်း ကလျာဏီရပ်ကွက်၊ ရွှေသာလျောင်းရုပ်ပွားတော်နှင့် မဟာစေတီသို့သွားသောလမ်း၏ လက်ဝဲဘက်တွင်တည်ရှိသည်။ အုတ်တံတိုင်းကာရံထားသည့် ကျယ်ဝန်းသော မြေကွက်အတွင်း၌ ခံ့ညားကြီးမားစွာတည်ရှိနေသော ကလျာဏီအုတ်သိမ်တော်ကြီး၏ အရှေ့တောင်ဘက်တွင် ကလျာဏီကျောက်စာရုံရှိသည်။

ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းကြီး နန်းတက်ချိန်ဝယ် ရာမညတိုင်း ဟံသာဝတီတွင် သံဃာတော်များသည် ဂိုဏ်းအမျိုးမျိုးကွဲပြားနေကြသည်။ အချို့သောဂိုဏ်းများသည် ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်သော မှားယွင်းသည့်အယူများကို ကျင့်သုံးနေကြသဖြင့် ဗုဒ္ဓသာသနာတော်၏ ဆုတ်ယုတ်ခြင်းများသဖွယ်ဖြစ်နေကြသည်။ ဓမ္မစေတီမင်းကြီးသည် ရဟန်းသံဃာတို့၏ ရှင်ရဟန်းဖြစ်မှုသည် မစင်ကြယ်ကြောင်း ဆင်ခြင်မိခဲ့သဖြင့် မောဂ္ဂလာမထေရ်အမှူးပြုသော ရဟန်းပညာရှိ ၂၂ ပါးကိုပင့်ဖိတ်၍ ရာမညတိုင်းတွင် ရဟန်းဖြစ်မှုအပေါ် ယုံမှားသံသယရှိကြောင်း လျှောက်ထားခဲ့သည်။ မင်းကြီးသည် အယူဝါဒနှင့်ဝိနည်းသိက္ခာ သန့်ရှင်းစင်ကြယ်သော ရဟန်းများဖြင့် စင်ကြယ်သော သိမ်တစ်ခုကိုသမုတ်ရန် ဆန္ဒပြင်းပြခဲ့ကာ စင်ကြယ်သော ထိုသိမ်မှသန့်စင်သော ရဟန်းတော်များပေါ်ထွန်းလာရန် များစွာလိုလားခဲ့သည်။

ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ သာသနာတော်တည်သည်မှစ၍ ရှိနေခဲ့သည့် အယူသန့်ရှင်းစင်ကြယ်သော မဟာဝိဟာရ ဝါသီဂိုဏ်းသံဃာအနွယ်များသည် တစ်ပါးသူတို့၏ ကွဲရဲ့စွပ်စွဲခြင်းမှကင်းစွာ သီတင်းသုံးလျက်ရှိနေခဲ့ကြသည်။ ဓမ္မစေတီမင်းကြီးသည် ရာမညဒေသမှ ရဟန်းများအား မဟာဝိဟာရဝါသီသံဃာတော်များထံမှောက်တွင် ဥပသမ္ပဒါကံဆောင်၍ စင်ကြယ်သော ရဟန်းသစ်များအဖြစ် ခံယူစေရန် အာသီသရှိခဲ့သောကြောင့် ခရစ်နှစ် ၁၄၇၅ ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ရဟန်း ၄၄ ပါးကို စေလွှတ်ကာ ပဉ္စင်းသစ်များအဖြစ် ခံယူစေခဲ့သည်။ ထိုရဟန်း ၄၄ ပါးတို့သည် ခရစ်နှစ် ၁၄၇၆ ခုနှစ်၊ ဇူလိုင် ၁၆ ရက် ( မြန်မာသက္ကရာဇ် ၈၃၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၁ ရက်)မှစ၍ ဓမ္မကိတ္တိမဟာထေရ်အမှူးပြုသော သီဟိုဠ် ရဟန်းနှစ်ပါးထံတွင် လက်ရှိရဟန်းအဖြစ်မှ လူဝတ်များလဲကာ သာမဏေပြန်ဝတ်ကြပြီးမှ ပဉ္စင်းပြန်တက်ကာ သန့်စင်သော ရဟန်းသစ်များအဖြစ်ကို ခံယူခဲ့ကြသည်။ ရဟန်းတော် ၄၄ ပါးတို့သည် သီဟိုဠ်ရှိ ကလျာဏီမြစ်အတွင်း လှေဖောင်ပေါ်၌ လေးကြိမ်တိုင် ကမ္မဝါပြုကာ ရေသိမ်တွင် ရဟန်းခံပြီး ပဉ္စင်းသစ်များဖြစ်လာခဲ့ကြသည်။

ထိုရဟန်းများသည် ဟံသာဝတီသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ဓမ္မစေတီမင်းကြီးတည်ထားသောသိမ်ကို ၁၄၇၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်(မြန်မာသက္ကရာဇ် ၈၃၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်) တနင်္ဂနွေနေ့တွင် သိမ်သမုတ်ခဲ့သည်။ ယင်းသိမ်အား သီဟိုဠ်ကျွန်း၊ ကလျာဏီမြစ်၊ ရေသိမ်တွင် ပဉ္စင်းအဖြစ်သို့ရောက်ရှိခဲ့ကြသော ရဟန်းသစ်များက သိမ်သမုတ်ခဲ့ကြသောကြောင့် ကလျာဏီသိမ်ဟု အမည်ပေးခဲ့သည်။ ဓမ္မစေတီမင်းကြီး သည် သီဟိုဠ်သာသနာပိုင်ဝနရတနကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်ခံယူခဲ့သော သုဝဏ္ဏသောဘနမဟာထေရ်အား ရာမညတိုင်းသံဃာ့ရာဇာနှင့် ကလျာဏီသိမ်ကျောင်း၏ ပထမဆရာတော်အဖြစ် ရွေးချယ်ချီးမြှောက်ခဲ့သည်။ ထို့နောက် ကလျာဏီ သိမ်တွင် ပထမဆုံးအကြိမ်အဖြစ် သာမဏေ ၂၄၅ ပါးအား ပဉ္စင်းခံပွဲကျင်းပခဲ့သည်။



ကလျာဏီသိမ် သမုတ်ပြီးနောက် သုံးနှစ်အတွင်း ရဟန်းပေါင်း ၁၅၆၆၆ ပါးသည် ကလျာဏီသိမ်တွင် ရဟန်းခံခဲ့ကြသည်။ ဓမ္မစေတီမင်းကြီးသည် ခရစ်နှစ် ၁၄၇၆ ခုနှစ်တွင် ကလျာဏီကျောက်စာများကို ပါဠိဘာသာနှင့် မွန်ဘာသာများဖြင့် ရေးထိုးခဲ့ပြီး ၁၄၈၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကလျာဏီသိမ်အနီးတွင် စိုက်ထူခဲ့သည်။ ကလျာဏီကျောက်စာများနှင့်စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်းအတွဲ (၅) တွင် "ကျောက်စာတိုင် အမြင့် ၇ ပေ၊ အကျယ် ၄ ပေ ၂ လက်မ၊ ထု ၁ ပေ ၃ လက်မ၊ ၂ မျက်နှာစီရေး၊ တစ်မျက်နှာလျှင် စာကြောင်းရေ ၇၀ ရှိ၍ တစ်လက်မအလျားတွင် စာလုံး ၃ လုံးစီဝင်အောင် ရေးထိုးထားသည်။ မြောက်ဘက်ကျောက်စာတိုင် သုံးချပ်တွင် ပါဠိဘာသာကို မြန်မာအက္ခရာဖြင့် ရေးထိုးသည်။ တောင်ဘက်ကျောက်စာတိုင် ခုနစ်ချပ်တွင် ပါဠိဘာသာကျောက်စာ သုံးချပ်၏ အဓိပ္ပာယ်ကို မွန်ဘာသာဖြင့် ရေးထိုးထားသည်ဟု ရေးသား ဖော်ပြထားသည်။

ကလျာဏီ ကျောက်စာထွင်းထုထားသည့် ကျောက်သားများသည် သက်တမ်းနုသောကျောက်များ ဖြစ်သဖြင့် ကျောက်စာတိုင် ၁၀ တိုင်လုံးသည် ကွဲအက်ပျက်စီးနေကြသည်။ ရှေးဟောင်းသုတေသနဌာနက ပါဠိဘာသာ ကျောက်စာတိုင်သုံးတိုင်ကို သစ်သားများ၊ သံချောင်းများဖြင့်တွဲလျက် ထောင်မတ်ထားသော်လည်း စာသားအများစုသည် ဖတ်ရှု၍မရတော့ပါချေ။ မွန်ကျောက်စာချပ် ခုနစ်ချပ်အား မြေပြင်ပေါ်တွင် ကျောက်ပြားအကျိုးများအဖြစ်သာ မြင်ရတော့သဖြင့် ရှေးဟောင်းသုတေသနဌာနက ၁၉၀၂ ခုနှစ်တွင် ကလျာဏီသိမ်အနီးတွင် ကျောက်စာရုံတစ်ခု ဆောက်လုပ်ကာ ကျောက်စာတိုင် ၁၀ တိုင်လုံးကို ယင်းကျောက်စာရုံအတွင်း၌ ထိန်းသိမ်းထားခဲ့သည်။

ကလျာဏီကျောက်စာတိုင်များသည် မြန်မာ့သမိုင်းတွင် သက်တမ်းရှည်ကြာသော ကျောက်စာများဖြစ်ပြီး အရေးကြီးသော မှတ်တမ်းအထောက်အထားများ ဖြစ်ကြောင်းနှင့် ခရစ်နှစ် ၁၀၅၇ ခုနှစ်တွင် ပုဂံဘုရင် အနိရုဒ္ဓ (အနော်ရထာ)က သထုံကို သိမ်းပိုက်ခဲ့သည့် မြန်မာ့သမိုင်းဆိုင်ရာ မှန်ကန်တိကျသော ရက်စွဲများကို ပြောပြနေကြောင်း ဆရာကြီးဒေါက်တာနိုင်ပန်းလှက ရေးသားခဲ့သည်။ ထို့အပြင် ဗုဒ္ဓဘာသာနှင့် မွန်စာပေဆိုင်ရာ အခြားသမိုင်းဝင်အချက်များကိုလည်း ဖော်ပြနေသည်ဟု ဆိုခဲ့ပေသည်။

ယင်းကျောက်စာချပ်များတွင် မဇ္ဈိမဒေသ သာသနာဝင်၊ ပုဂံသာသနာဝင်၊ ဟံသာဝတီသာသနာဝင်၊ ကလျာဏီသိမ်သမုတ်ခြင်းအကြောင်း၊ ရာမညတိုင်းစေတီသမိုင်း၊ ရွှေမော်ဓောစေတီသမိုင်းတို့ကို ရေးထိုးထားသည်။ ကလျာဏီကျောက်စာတွင် ရေးထိုးထားသည့် ပါဠိစာသားများကို တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်က မြန်မာဘာသာသို့ ပထမဆုံးပြန်ဆိုခဲ့ပြီး ယင်းစာအုပ်ကို သာသနာရေးဦးစီးဌာနက ၁၉၇၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မြန်မာသက္ကရာဇ် ၁၁၁၁ ခုနှစ်တွင် တန့်ကြည့်တောင် အနောက်တောင် မြင့်ရွာ သုံးထပ်ကျောင်းဆရာတော် အရှင်ဓမ္မစာရီမထေရ်က မြန်မာဘာသာနိဿယ ပြန်ဆိုခဲ့သည်။ ၁၃၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ဆရာတော် အရှင်ရာဇိန္ဒက ကလျာဏီကျောက်စာကို မြန်မာနိဿယ ပြန်ဆိုခဲ့သည်။ ယင်းစာမူကို သုဓမ္မဝတီ စာပုံ နှိပ်တိုက်က ၁၉၃၈ ခုနှစ်တွင် "ဘုရားဖြူဆရာတော်ပြင်သော သာသနာပြုပဲခူးကလျာဏီသိမ်ကျောက်စာပါဠိ 'နိဿယ' အမည်ဖြင့် စာအုပ်ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ကျောက်စာဝန် မစ္စတာတော်စိန်ခိုသည် ကလျာဏီသိမ်ကျောက်စာအား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ကာ (The Kalyānī i nscriptions erected by King Dhammaceti at Pegu in 1476 AD Text and translation) အမည်ဖြင့် ၁၈၉၂ ခုနှစ်တွင် စာအုပ်ထုတ်ဝေခဲ့ရာ စာမျက်နှာ ၁၃၂ မျက်နှာရှိသည်။ ယင်းစာအုပ်တွင် မစ္စတာတော်စိန်ခိုက ၁၈၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် ရက်စွဲဖြင့် နိဒါန်းရေးသားပြီး လက်မှတ်ရေးထိုးထားသည်။ အဆိုပါစာအုပ်သည် ယခုအခါ အမေရိကန်နိုင်ငံ ကောနယ်တက္ကသိုလ် စာကြည့်တိုက်တွင်ရှိနေပြီး အင်တာနက်ဝက်ဘ်ဆိုက် (http://www.archive.org/details/ cu319240 11724808) တွင် ဖတ်ရှုနိုင်ပေသည်။

ဘုရင့်နောင်မင်းတရား (ခရစ်နှစ် ၁၅၅၀-၁၅၈၂) လက်ထက်၊ မြန်မာသက္ကရာဇ် ၉၃၈ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားသည် ကလျာဏီသိမ်ကြီးကို မွမ်းမံပြင်ဆင်လျက် သိမ်အတွင်းပိုင်းကို ရွှေပိန်းချခဲ့သည်။ ထိုအချိန်သည် ကလျာဏီသိမ် သက်တမ်းနှစ်တစ်ရာပြည့်ချိန်ဖြစ်ပြီး ဘုရင့်နောင်မင်းတရားသည် ထိုနှစ်မှာပင် သာမဏေအပါး ၁၀၀ ကို ပဉ္စင်းခံပေးခဲ့သည်။ သက္ကရာဇ် ၉၆၁ ခုနှစ်တွင် ပေါ်တူဂီဇင်ကာအုပ်စု၏ လက်ချက်ကြောင့် ကလျာဏီသိမ်ကြီး မီးလောင်ပြာကျခဲ့သည်။

အနောက်ဘက်လွန်မင်း(ခရစ်နှစ် ၁၆၀၆-၁၆၂၈)သည် ဇင်ကာနှင့် ပေါ်တူဂီများကို နှိမ်နင်းပြီးနောက် ကလျာဏီသိမ်ကြီးအား ပြန်လည်တည်ဆောက်ခဲ့ပြီး မြန်မာသက္ကရာဇ် ၉၇၅ ခုနှစ် ကဆုန်လပြည့်နေ့တွင် ရေစက်သွန်းချခဲ့သည်။ သာလွန်မင်း (ခရစ်နှစ် ၁၆၂၉-၁၆၄၈)ကလည်း ကလျာဏီသိမ်တော်အား မြန်မာသက္ကရာဇ် ၁၀၀၇ ခုနှစ်တွင် ထပ်မံမွမ်းမံပြင်ဆင်ခဲ့သည်။ သက္ကရာဇ် ၁၀၅၆ ခုနှစ်တွင် သိမ်တော်ကြီးပျက်စီးခဲ့သဖြင့် ဘိုးတော်ဘုရား(ဗဒုံမင်း) (ခရစ်နှစ် ၁၇၈၂-၁၈၁၉)က သိမ်တော်ကြီးအား အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့သည်။

သက္ကရာဇ် ၁၂၃၅ ခုနှစ် တန်ခူးလကွယ်နေ့တွင် ကလျာဏီသိမ်အတွင်း ထွန်းညှိပူဇော်ထားသော ဆီမီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ကာ သိမ်တော်ကြီးပြာကျခဲ့ရပြန်သည်။ ထိုနှစ် နတ်တော်လတွင် ပုဂံတောင်ရွာသူဌေး ဦးသိန်းစိုး၊ ဒေါ်မှို့ဥတို့က ကလျာဏီသိမ်ကို ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ သို့သော်လည်း ၁၂၉၂ ခုနှစ် ကဆုန်လဆန်း ၉ ရက်နေ့တွင်လှုပ်ခဲ့သော ငလျင်ဒဏ်ကြောင့် သိမ်တော်ကြီးအက်ကွဲ ပြိုပျက်ခဲ့ရပြန်သည်။ ယခုမြင်တွေ့နေကြရသည့် ကလျာဏီသိမ်တော်ကြီးသည် ၁၃၁၆ ခုနှစ်တွင် ပဲခူးမြို့မှ ရွှေခြုံးဆေးလိပ်ခုံပိုင်ရှင် ဦးသူတော်မတည်လှူဒါန်းငွေများဖြင့် ပြန်လည်ဆောက်လုပ်ထားသည့် သိမ်ဖြစ်ပေသည်။ မူလသိမ်နယ်နိမိတ်တိုင်ကြီးတစ်တိုင်အားသိမ်၏ ခေါင်းရင်းဘက်တောင်ဘက် ခြမ်းတံတိုင်းအတွင်း မြင်တွေ့နိုင်သည်။ မူလသိမ်တိုင်ဟောင်းရှစ်တိုင်လည်း ကျန်ရှိနေပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၃၅ နှစ်မှစ၍ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့သည့် ကလျာဏီသိမ်ကြီးနှင့် ကလျာဏီသိမ်ကျောက်စာများသည် မြန်မာနှင့်မွန်တို့၏ သမိုင်းတစ်စိတ်တစ်ပိုင်းကို ဖော်ပြနေသည့် ခိုင်မာသော အထောက်အထားများဖြစ်ကြသည်။ သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက "သာသနာပြုပြင်ရေး ဆောင်ရွက်ချက်များကို ၂၉ ဖေဖော်ဝါရီ ၁၄၈၀ ရက်စွဲဖြင့် ပဲခူးကလျာဏီသိမ်ကျောက်စာကို မွန်ဘာသာဖြင့် ကျောက်စာခုနစ်တိုင် (တစ်ဆယ့်လေးမျက်နှာ)ရေးထိုးခဲ့သည်။ ပါဠိဘာသာဖြင့်လည်း အကြောင်းအရာတူကို ကျောက်စာသုံးတိုင် (ခြောက်မျက်နှာ)ရေးခဲ့သေးသည်။ အဆိုပါမှတ်တမ်းတွင် မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာဝင်ကို စ၍ရေးပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းဖြစ်သော ရာမညဒေသသို့ အသောကမင်းလက်ထက် သာသနာပြုရောက်ပုံကို ပြောပြသည်။ တစ်ဆယ့်ငါးရာစုကုန်လောက်ရောက်သည့်အခါမှာ ၃၀၀ ဘီစီဖြစ်သော ယခင်က အနှစ်တစ်ထောင့်ရှစ်ရာကကိစ္စကို ပြန်ပြောင်းပြောနေသဖြင့် ခွင်းချက်မရှိ လက်ခံနိုင်ဖို့ခက်သည်။ ထို့အတူ သထုံမှသာသနာသည် အေဒီ ၁၀၅၇ တွင် ပုဂံသို့ရောက်ပုံကိုလည်း အပြည့်အစုံ လက်ခံနိုင်ဖို့ခက်သည်" ဟု သုံးသပ်ခဲ့ဖူးပါသည်။

မည်သို့ပင်ဖြစ်စေ ရာမညတိုင်း မြန်မာ့သမိုင်းကို အပြည့်အစုံမဟုတ်သည့်တိုင် တစ်စိတ်တစ်ပိုင်း ဖော်ညွှန်းနေသည့် ကလျာဏီသိမ်နှင့် ကလျာဏီကျောက်စာတို့သည် မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများအဖြစ် ယနေ့တိုင်တည်ရှိနေသဖြင့် နောင်နှစ်ပေါင်းများစွာ ကြာရှည်သည်အထိ တည်တံ့နေစေရန် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပါပေသည်။

**လွန်ခဲ့သော နှစ်ပေါင်း ၅၃၅ နှစ်မှစ၍ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့သည့် ကလျာဏီသိမ်ကြီးနှင့် ကလျာဏီသိမ်ကျောက်စာများသည် မြန်မာနှင့်မွန်တို့၏ သမိုင်းတစ်စိတ်တစ်ပိုင်းကို ဖော်ပြနေသည့် ခိုင်မာသောအထောက်အထားများ ဖြစ်ကြသည်**

---

## အဆင့်မြင့် LED လမ်းမီးဆိုင်းများ တပ်ဆင်

**နမ့်ခမ်း ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့ ပြည်ထောင်စုလမ်းမကြီး မြို့လယ်မီးပွိုင့်အနီး မြို့မဈေးထိပ်စာသင်ကျောင်းလမ်းဆုံနေရာအပါအဝင် အချက်အချာကျသောနေရာများ၌ ညအခါအများပြည်သူသွားလာရေး လုံခြုံချောမွေ့မှုရှိစေရန်နှင့် မြို့သာယာလှပမှုရှိစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် လျှပ်စစ်ဓာတ်အားကုန်ကျမှုသက်သာပြီး အလင်းအားပိုမိုကောင်းမွန်သော(60 W)LED လမ်းမီးဆိုင်းကိုးလုံး၊ 40W LED လမ်းမီးရှစ်လုံးကို တပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါလမ်းမီးကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၈ သိန်း၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံစည်းကမ်းထိန်းသိမ်းရေးကော်မတီကငွေကျပ် ခုနစ်သိန်းခွဲ စုစုပေါင်းငွေကျပ် ၂၅သိန်းခွဲဖြင့် လမ်းလယ်ပန်းခုံထိပ်များတွင် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကျွမ်းကျင်ပညာရှင်များက တပ်ဆင်ဆောင်ရွက်ပေးထားသဖြင့် ပြည်သူများလုံခြုံရေးနှင့် ညအခါသွားလာရေးတွင် အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

**ညဏ်မင်း(နမ့်ခမ်း)**

# ကြီးထွားမှုဟော်မုန်းများပြီး ထူးခြားမြင့်မားသည့် အရပ်ပိုင်ရှင်

သတင်း-သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-သိခ်

"မင်္ဂလာပါ၊ ကျန်းမာရဲ့လား"ဟု နှုတ်ဆက်လိုက်ချိန်တွင် အရပ်ရှစ်ပေခန့်ရှိ အမျိုးသားကြီးက လဲလျောင်းနေရာမှအားယူကာ တဖြည်းဖြည်းထလာသည်။

အဆိုပါအမျိုးသားကြီးမှာ ကြီးထွားမှုဟော်မုန်းများပြီး အဆမတန်အရပ်ရှည်လွန်း၍ လွန်ခဲ့သည့်နှစ်နှစ်ကျော်က ဦးနှောက်ခွဲစိတ်ကုသမှုခံခဲ့သည့် ကိုဝင်းဇော်ဦး ဖြစ်ပြီး မိမိအနေဖြင့်မူ ထူးခြားမြင့်မားသည့် အရပ်ပိုင်ရှင်ကို အပြင်မှာ ပထမဆုံးမြင်တွေ့လိုက်ရသည်။

ကိုဝင်းဇော်ဦးကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းကျေးရွာတွင် ၁၃၃၉ ခုနှစ်၌ မွေးဖွားခဲ့ပြီး မွေးဖွားစဉ်က သာမန်ကလေးအရွယ်အတိုင်း မွေးဖွားခဲ့ခြင်းဖြစ်သည်။ အရွယ်ရောက်လာမှသာ ကလေးများကြားတွင် အရပ်ရှည်ပြီး အထွားဆုံးဖြစ်လာကြောင်း၊ အများတကာထက် ထူးခြားသောအရပ်အမောင်းကြောင့် လှောင်ပြောင်ခြင်းများခံခဲ့ရကြောင်း၊ ရိုးသားသော တောသူတောင်သားမိဘများသည် အသိပညာဗဟုသုတနည်းပါးကြ၍ ကိုဝင်းဇော်ဦး၏ ခန္ဓာကိုယ်ကြီးထွားမှုကို သာမန်ဟုမှတ်ယူ၍ ရောဂါတစ်ခုလို မသိမြင်ခဲ့ကြောင်း သိရသည်။

ကံကောင်းစွာဖြင့် ကိုဝင်းဇော်ဦး၏ သာမန်နှင့်မတူ အရပ်ရှည်ပြီး ကြီးထွားခြင်းကို ယခင်က ရွာနီးချုပ်စပ်နှင့် ၄င်းသွားရောက်ဖူးသော နယ်များမှ လူအနည်းငယ်သာသိရှိခဲ့ပြီး ထုံးပေါက်ချိုင်းကျေးရွာသို့ လာရောက်၍ စားနပ်ရိက္ခာထောက်ပံ့ပေးကြသော အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများမှတွေ့ရှိကာ လူသိများခဲ့ခြင်းဖြစ်သည်။

"သတင်းစာထဲမှာပါလာရာကနေ ဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်း(အသည်း)က နတ်မောက်က ဆရာဒေါက်တာစိုးမင်းတို့နဲ့ ချိတ်ဆက်ပြီး ဆေးကုဖို့ ဖြစ်လာတာပါ။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတုန်းက စင်ကာပူမှာ ခေါင်းကိုခွဲစိတ်ပြီး ကုသမှုခံယူကာ နိုဝင်ဘာလမှာတစ်ခါ ပြန်စစ်ဆေးခဲ့ပါတယ်။ ပုံမှန်စစ်ဆေးမှုတွေတော့ ပြုလုပ်နေပါတယ်" ဟု ကိုဝင်းဇော်ဦးက ပြောသည်။

**ကိုဝင်းဇော်၏ အသက်မှာ ၃၈ နှစ်ရှိပြီး ၄င်း၏ အရပ်မှာ လဲလျောင်းလျက် ခုနစ်ပေ ၁၀ လက်မ၊ မတ်တတ်ရပ်လျှင် ခုနစ်ပေ ရှစ်လက်မ၊ ခုနစ်ပေ ခုနစ်လက်မခန့်ရှိ**




ကိုဝင်းဇော်ဦး၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းက "ကျန်းမာရေးအခြေအနေက ကောင်းပါတယ်။ လေးလတစ်ကြိမ် ပုံမှန်စစ်ဆေးပေးနေပြီး ထူးထူးခြားခြားဆိုးရွားတဲ့ လက္ခဏာမတွေ့ရပါဘူး။ လောလောဆယ် မကွေးမှာနေပြီး သက်ဆိုင်ရာ ဆရာဝန်တွေနဲ့လည်း စစ်ဆေးမှုတွေ ပြုလုပ်ပေးနေပါတယ်။ ဆရာကြီး အနေနဲ့က တတ်နိုင်သလောက် ထောက်ပံ့မှုတွေလည်း ပေးနေပါတယ်" ဟု ပြောကြားသည်။

"ခွဲစိတ်မှုမလုပ်ခင်က ခြေထောက်တစ်ဖက်က နာနာနေတာ၊ ချွေးလည်း အများကြီးထွက်တာ။ အခုတော့ သိပ်မနာတော့ဘူး၊ ပျောက်သွားတယ်။ ချွေးလည်းသိပ်မထွက်တော့ဘူး။ အရင်ရွာမှာနေတုန်းက အညောင်းကိုက်ပျောက်ဆေးတွေ အမြဲတမ်းသောက်နေရတာ။ မနေနိုင်လို့၊ အခုတော့ ဘာဆေးမှ မသောက်ရတော့ဘူး။ စင်ကာပူကပေးလိုက်တဲ့ မသေမချင်း သောက်ရမယ့် ဆေးတွေပဲသောက်နေတယ်။ ဆရာဝန်ကြီးဒေါက်တာခင်မောင်ဝင်းက ပို့ပေးပါတယ်။ ကျွန်တော့်အနေနဲ့ သေပြီးသားလို့ ထင်ထားတာပါ။ ဆရာကြီးရဲ့ကျေးဇူးကြောင့် အသက်ရှင်ခွင့်ရတာပါ။ ဆရာကြီးကို အိပ်ရာဝင်တိုင်း အမြဲမေတ္တာပို့ကန်တော့ပြီးမှ အိပ်ပါတယ်"ဟု ကိုဝင်းဇော်ဦးက ပြောသည်။

ကိုဝင်းဇော်ဦးသည်ယခုလက်ရှိတွင် ကျန်းမာရေးအလွယ်တကူ ကုသမှုပြုနိုင်ရန်အတွက် မကွေးမြို့တွင် ဖခင်၊ ညီမများနှင့်အတူတကွ နေထိုင်လျက်ရှိပြီး မိမိမှာ သွားလာလှုပ်ရှားမှု မလွယ်ကူသောကြောင့် ညီမများက လုပ်ကိုင်ကျွေးမွေးလျက်ရှိသည်။

"ခွဲစိတ်ပြီးတာ နှစ်နှစ်ရှိပြီ။ ကျန်းမာရေးက သိသိသာသာပြောင်းလဲသွားပါတယ်။ ခွဲစိတ်တုန်းက ဘယ်ဘက်မျက်စိက နည်းနည်းထိခိုက်သွားလို့မမြင်ရဘူး။ မှုန်ထောင်နေသလိုပဲဖြစ်နေတယ်။ ကံကောင်းတာပဲဆိုရမှာပါ။ မှတ်ဉာဏ်တွေမပျက်စီးဘူး။ ခွဲစိတ်မှုကလည်း ရှစ်နာရီကြာတယ်။ ရေထဲနစ်နေသလိုပဲ။ စင်ကာပူက ဆရာဝန်တွေက တော်တော်ဂရုစိုက်ပေးပါတယ်။ ရွာမှာနေတော့ သွားလာရတာမလွယ်ကူတဲ့အတွက် မကွေးမှာပဲအိမ်ငှားနေပြီး ညီမတွေက စောင့်ရှောက်နေပါတယ်။ မကွေးက ဆရာမကြီး ဒေါက်တာဒေါ်လှဲ့လှဲ့သိန်းကလည်း လိုအပ်တဲ့ဆေးဝါးတွေ ထောက်ပံ့ပေးတယ်။ ကျွန်တော့်ကို အကြောင်းအမျိုးမျိုးနဲ့ ဆက်သွယ်ချင်တယ်ဆိုရင် ဖုန်း ၀၉-၂၅၀၀၆၄၃၈၅ ကို ဆက်သွယ်နိုင်ပါတယ်"ဟု ကိုဝင်းဇော်ဦးက ပြောသည်။

ကိုဝင်းဇော်၏ အသက်မှာ ၃၈ နှစ်ရှိပြီး ၄င်း၏အရပ်မှာ လဲလျောင်းလျက် ခုနစ်ပေ ၁၀ လက်မ၊ မတ်တတ်ရပ်လျှင် ခုနစ်ပေ ရှစ်လက်မ၊ ခုနစ်ပေ ခုနစ်လက်မခန့်ရှိကြောင်း၊ ကျန်းမာရေးအရ အလုပ်မလုပ်နိုင်သော်လည်း ညီမများအား တစ်ဖက်တစ်လမ်းမှ ကူညီချင်ကြောင်း၊ ယခုအချိန်တွင် အသုံးအဆောင်ပစ္စည်းများလည်း လိုအပ်လျက်ရှိပြီး ဆက်သွယ်ကူညီမှုများပေးနိုင်ကြောင်း သိရသည်။

## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဂန့်ဂေါ ဇူလိုင် ၂၀**

ဂန့်ဂေါခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် လုပ်ငန်းစဉ်များညှိနှိုင်းဆောင်ရွက်ရန် အစည်းအဝေးကို ဇူလိုင် ၁၇ ရက်က ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်ရန် အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဝင် ဦးခင်မောင်လှိုင်၊ ဂန့်ဂေါခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲအရာရှိနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြ၍ ဂန့်ဂေါမြို့နယ်ရှိ နိုင်ငံရေးပါတီများမှ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြကြောင်း သိရသည်။ **(၁၀၁)**

**ဖမ်းဆီးရမိသော တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများနှင့် တစ်ဖက်နိုင်ငံမှထုတ်လုပ်သော မုန့်မျိုးစုံများ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့်အတွက် ဒုညွှန်မှူးဦးကျော်စိုးဝင်း ဦးစီးသော (Mobile Team) လရ(၁) ဌာနစုံပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဇူလိုင် ၁၇ ရက်က မီးရှို့ဖျက်ဆီးကြစဉ်။** (၀၆၁)



အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

## ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လေ့လာ

**မော်လမြိုင် ဇူလိုင် ၂၀**

မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာအထူးပြုစတုတ္ထနှစ် ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်း လေ့လာရေးကြိုဆိုနှုတ်ဆက် အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမိခင်စောအောင်က ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလာရောက် လေ့လာရသည့်အကြောင်းကို ဦးစွာရှင်းလင်းတင်ပြသည်။



မွန်ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပြဋ္ဌာန်းချက်များပါ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာများ၊ တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးလုပ်ငန်းများနှင့် မွန်ပြည်နယ်တရားစီရင်ရေး အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်၊ မော်လမြိုင်ရှေ့နေအသင်းဥက္ကဋ္ဌ ဦးနီနီယုနှင့် မော်လမြိုင် တရားမျှတမှုစင်တာမှ စီမံကိန်းဒါရိုက်တာ ဒေါ်နွယ်နွယ်အောင်တို့က အမှာစကားများ ပြောကြားခဲ့သည်။

ယင်းနောက် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများလိုက်ပါ၍ မွန်ပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့တွင် တရားစီရင်နေမှုများနှင့် တရားခွင်လက်တွေ့လုပ်ငန်းများကို ဆက်လက်လေ့လာခဲ့ကြကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသူများ၏ မိသားစုများအား အကျိုးခံစားခွင့်ထုတ်ပေး

**ရေနံချောင်း ဇူလိုင် ၂၀**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား အကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေးခြင်းနှင့် ဆေးဖိုးကုန်ကျစရိတ် ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ရေနံချောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရေနံချောင်းမြို့ လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားသည့် ဂိုးပက်ထရိုရေနံကုမ္ပဏီဝန်ထမ်း သေဆုံးသူ ဦးခိုင်သောင်း၏ ကျန်ရစ်သူမိသားစုဖြစ်သော ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်မိုးအား နာရေးစရိတ်နှင့် ငွေလုံးငွေရင်းထောက်ပံ့ငွေကျပ် ၄၉၂၇၀၃ ဒသမ ၉၆ အား ပေးခဲ့ခြင်း၊ မန်းရေနံမြေမှ ထိခိုက်ဒဏ်ရာရရှိသူ အမာခံလုပ်သား ဦးစိန်လှမောင်အား ဆေးဖိုးစိုက်ထုတ်ကုန်ကျငွေကျပ် ၃၃၄၂၅၀ အား ကာယကံရှင် ဦးစိန်လှမောင်ထံပေးအပ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

# နိုင်ငံတော်အစိုးရမှ တရားဝင်ကျေးရွာအမည်သစ်များပြောင်းပေးသည့်အတွက် ဒေသခံများဝမ်းသာ

**ရမည်းသင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု နှစ်အုပ်စုနှင့် ကျေးရွာအမည်များကို ပြည်ထဲရေးဝန်ကြီးဌာနက ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ အမည်သစ်များ တရားဝင်ပြောင်းလဲပေးလိုက်သောကြောင့် ဒေသခံများအနေဖြင့် ၎င်းတို့၏ ကျေးရွာများ နောင်အနာဂတ်၌ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သာယာလာမည်ဟု စွဲမှတ်ယုံကြည်ကြ၍ဝမ်းသာကျေနပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အမည်ပြောင်းလဲပေးလိုက်သည့် ကျေးရွာအုပ်စုထဲတွင် ပါဝင်သည့် ကန့်အောက်ကျေးရွာအုပ်စုကို ယခုအခါ ကန်အထက်ကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ ကန့်အောက် (တောင်နှင့်မြောက်) ကျေးရွာများကို ကန်အထက်(တောင်နှင့်မြောက်) ကျေးရွာများအဖြစ် လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနက ၂၄-၆-၂၀၁၅ ရက်စွဲပါ ကြော်ငြာစာအမှတ် (၇၉၈/၂၀၁၅) ဖြင့် တရားဝင်ပြောင်းလဲပေးလိုက်ကြောင်း သိရသည်။

ကန့်အောက်ကျေးရွာအုပ်စုသည် ရမည်းသင်းမြို့နှင့် ခုနစ်မိုင်ခန့်အကွာတွင်တည်ရှိပြီး ရှေးယခင် မင်းများလက်ထက်တွင် ဝါးတီးကန်၏အထက်တွင် တည်ရှိသော ကန်ထက်ကျေးရွာလေးတစ်ရွာ ဖြစ်သည်။ သို့သော် ကျေးရွာသားများသည် ၎င်းတို့မိဘဘိုးဘွားများ၏ လက်ငုတ်လက်ရင်းဖြစ်သည့် မိရိုးဖလာ တောင်ယာလုပ်ငန်းများကို ရွှေ့ပြောင်းလုပ်ကိုင်ကြခြင်းဖြင့် ကန့်အောက်ကျေးရွာဟု ခေါ်ဝေါ်သုံးစွဲကြရာမှ ထိုသို့ ကန့်အောက်ကျေးရွာဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၀၆ ခုနှစ်က စပြီးတော့ ကျွန်တော်တို့ ကန့်အောက်ကျေးရွာ ရတနာသာသနာ့ဗိမ္မာန်ကျောင်း ဆရာတော် ရှင်စန္ဒာသီရိက ကျေးရွာ ဒါယကာ၊ ဒါယိကာမများနဲ့ ဆွေးနွေးတိုင်ပင်ပြီး ယခင် ဘိုးဘွားလက်ထက်က ခေါ်ဝေါ်ခဲ့တဲ့ ကန်ထက်ကျေးရွာအမည်ကို ပြန်ပြောင်းလဲဖို့ မြို့နယ်မှ တာဝန်ရှိသူများထံ တင်ပြခဲ့ကြတယ်။ ယခု အစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ ကျေးရွာကို ကျေးရွာချင်းဆက်လမ်း၊ ကျောင်း အဆင့်တိုးပေးခြင်း၊ လျှပ်စစ်မီး သွယ်တန်းပေးခြင်းနှင့် ကျေးရွာအမည်ကိုပါ ပြောင်းလဲပေးတဲ့အတွက် ဆရာတော်၊ ရပ်မိရပ်ဖတွေနဲ့ ကျေးရွာသူ ကျေးရွာသားတွေ အလွန်ပဲ ကျေနပ်ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ကန်ထက်ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး ဦးရဲမိုးက ပြောသည်။

ထို့အတူ ရမည်းသင်းမြို့နယ် အတွင်းရှိ ရွှေဒါးငွေးကုန်းကျေးရွာ အုပ်စုနှင့် ရွှေဒါးငွေးကုန်းကျေးရွာတို့ကိုလည်း ရွှေဒါးရွှေကုန်းကျေးရွာအုပ်စုနှင့် ရွှေဒါးရွှေကုန်းကျေးရွာအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက ယင်းအမိန့်ကြော်ငြာ စာဖြင့် အမည်ပြောင်းလဲပေးခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာလေး၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ကျေးရွာလူကြီးများပြောပြချက်အရ ရှေးယခင်က အလောင်းစည်သူမင်းကြီး ဖောင်ယာဉ်စကြာလှည့်လည်ရာတွင် ချောင်းရေစီးသန်ခြင်းကြောင့် မိမိ၏ လက်သုံးတော်ရွှေဓား ချောင်းရေထဲကျသွားသဖြင့် ရွှေဒါးချောင်းဟု အမည်တွင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ရွာထိပ်ဦးတိုက်အရောက် ကုန်းအထက်တွင် ကျေးရွာတစ်ရွာကို တွေ့ရှိပြီး ယင်းကျေးရွာကို (ဝ)လုံး ပုံသဏ္ဌာန်ကွေ့ဝိုက်၍ ဖောင်စကြာယာဉ်သွားရသဖြင့် ယခင်က ကွေ့ကုန်းကျေးရွာဟု အမည်တွင်ခဲ့ကြောင်း၊ သို့သော် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ငွေးကုန်းရွာဟု ပြောင်းလဲအမည်တွင်ခဲ့ကြောင်း သိရသည်။

အဆိုပါရွှေဒါးချောင်းကို အမှီပြုပြီး ရွှေဒါးအမည်ပါ ကျေးရွာငါးရွာရှိကြောင်း၊ ယင်းကျေးရွာများမှာ ရွှေဒါးဆည်တွင်းရွာ၊ ရွှေဒါးငွေးကုန်းရွာ၊ ရွှေဒါးညောင်ဒေါက်ရွာ၊ ရွှေဒါးသာစည်ရွာနှင့် ရွှေဒါးညောင်ကိုင်းရွာ ကျေးရွာများဖြစ်ကြောင်း ရွှေဒါးရွှေကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမာဒင်က ပြောသည်။

"ကျွန်တော်တို့ ကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာများအနက် ရွှေဒါးငွေးကုန်းကျေးရွာကို ရွှေဒါးရွှေကုန်းကျေးရွာဟု အမည်ပါပြောင်းလဲဖို့ ကျေးရွာမှ ဆရာတော်များ၊ ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ကြိုးစားအားထုတ်ခဲ့တဲ့အတွက် ယခုလို အစိုးရက တရားဝင်အသိအမှတ်ပြု ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

"အခုလို ကျေးရွာအမည်ပေါက် ပြောင်းလဲခွင့်ရတဲ့အတွက် ကျွန်တော်တို့ ကျေးရွာသားများအနေနဲ့ နိုင်ငံတော်အစိုးရအပေါ် အထူးပဲ ကျေးဇူးတင်ပါတယ်" ဟု ရွှေဒါးရွှေကုန်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**မောင်လွင်(တပ်ကုန်း)**

# (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ယဉ်ကျေးမှုစာမေးပွဲ ဖြစ်မြောက်ရေးအဖွဲ့တို့မှ ကြီးမှူးကျင်းပသည့် (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းရပ်ကွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဓမ္မရက္ခိတကျောင်းတိုက် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် ပထမအဆင့်၊ ဒုတိယအဆင့် အောင်မြင်သူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၃ ဦးကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# မြန်မာ-ထိုင်း အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း ပူးတွဲပဲ့ကိုင်ဆောင်ရွက်ရေး ကော်မတီစည်းဝေး

**တာချီလိတ် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (CCDAC) နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (Office of the Narcotics Control Board-ONCB)တို့မှ ပူးပေါင်း၍ ရေရှည်တည်တံ့သော အစားထိုး အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်းကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မိုင်းဆက်ခရိုင်တို့တွင် ၂၀၁၂ ခုနှစ်မှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မာစေရေးအတွက် တတိယအကြိမ်မြောက် မြန်မာ-ထိုင်း အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းပူးတွဲပဲ့ကိုင်ဆောင်ရွက်ရေး ကော်မတီ (Joint Project Steering Committee-JPSC) အစည်းအဝေးကို ဇူလိုင် ၁၅ ရက်က တာချီလိတ်မြို့ ဇန်းမွန်အာခါဟိုတယ်၌ ကျင်းပသည်။

မြန်မာ-ထိုင်း အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းပူးတွဲပဲ့ကိုင်ဆောင်ရွက်ရေးကော်မတီ အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် ၁၄ ဦး၊ Mr. Permpong Chaovalit (Secretary-General, NCB) ဦးဆောင်သည့် ထိုင်းနိုင်ငံကိုယ်စားလှယ် ၂၅ ဦးတို့ တက်ရောက် ဆွေးနွေးကြသည်။

အဆိုပါ ရေရှည်တည်တံ့သော အစားထိုး အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်းကို ထိုင်းနိုင်ငံ အစိုးရ၏ပံ့ပိုးငွေ ဘတ်သန်း ၃၆၀ ဖြင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ခြောက်နှစ်တာ စီမံကိန်းကာလ သတ်မှတ်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် လွယ်တော်ခမ်း (၂) ကျေးရွာအုပ်စုအတွင်းရှိ အာခါ တိုင်းရင်းသားကျေးရွာ ၁၂ ရွာ၊ လွယ်စတုံအုပ်စုအတွင်းရှိ လားဟူ တိုင်းရင်းသားကျေးရွာ ခုနစ်ရွာ၊ မိုင်းဆတ်ခရိုင် မိုင်းတွမ်းကျေးရွာအုပ်စုရှိ ရှမ်းတိုင်းရင်းသားကျေးရွာ ကိုးရွာ၊ တလန်အုပ်စုအတွင်းရှိ "ဝ" တိုင်းရင်းသားကျေးရွာ ၂၈ ရွာ စုစုပေါင်းကျေးရွာ ၅၆ ရွာတို့တွင် ဆည်နှင့် ရေလှောင်တမံများ တည်ဆောက်ပေးခြင်း၊ အခြေခံအဆောက်အအုံများ၊ လမ်းတံတားများတည်ဆောက်ပေးခြင်း၊ ကျေးလက်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ၊ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများအား မဟာဗျူဟာ နှစ်ရပ်၊ နည်းဗျူဟာသုံးရပ်ချမှတ်ကာ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းရပ်များကို ဆောင်ရွက်လျက်ရှိသော"ဝ" ဒေသတွင် လုပ်ငန်းဆောင်ရွက်မှုများ အခက်အခဲရှိနေသည်မှအပ စီမံကိန်းလုပ်ငန်းများ အောင်မြင်လျက်ရှိပြီး ယခုအခါ ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း မိမိတို့၏ ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးပါရန် တောင်းဆိုလာကြသည့်အတွက် စီမံကိန်းတိုးချဲ့ ဧရိယာများအဖြစ် တာချီလိတ်ခရိုင် မိုင်းဟဲအုပ်စု၊ မိုင်းဆတ်ခရိုင် လွယ်ဆောင်အုပ်စုနှင့် တန့်ဆိုင်အုပ်စုအတွင်းရှိ ကျေးရွာများအတွင်း အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**



## သတင်းတိုများ

### ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရပ်ကွက်၊ ကျေးရွာအဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ဇူလိုင် ၁၇ ရက်က လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ဆန္ဒမဲပေးရန်ပြင်ဆင်ခြင်း၊ ဆန္ဒမဲများထုတ်ပေးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကြေညာချက်များထုတ်ပြန်ခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ကြေညာခြင်း၊ ကိုယ်စားလှယ်များခန့်ထားခြင်း စသော ရွေးကောက်ပွဲဆိုင်ရာများကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

သာယာဝတီခရိုင် မင်းလှမြို့နယ် ထောက်ကြန့်ကွင်း(အမ်)အုပ်စု ထောက်ကြန့်ကွင်းကျေးရွာ သဒ္ဓမ္မဇ္ဈောတိကာရုံ ဘုန်းတော်ကြီးဓမ္မာရုံ၌ ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ဇူလိုင် ၁၇ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲနှင့် မိုးပွင့်(အထူး)စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက်တိုင်းဒေသကြီးဦးစီးမှူး ဦးမောင်မောင်သန်းက One Stop Service ဖြင့် အဆိုပါ ကျေးရွာနေ ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလာရောက်ပြုလုပ်ကြသူများအား ရှင်းလင်းပြောကြားသည်။ မြို့နယ်ဦးစီးမှူး ဦးရွှေဝင်းက ဆန္ဒမဲပေးနိုင်ရေးအတွက် မိမိမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာများရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ ဒေသခံပြည်သူ ၈၅ ဦးကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပေါက်စ(ပြန်/ဆက်)**

### လွယ်ဂျယ် အထက၌ အာဟာရဒါန တိုက်ကျွေး

ကျောင်းနေစအရွယ်ကလေးများ အစာအာဟာရဖွံ့ဖြိုးပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်၍ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လွယ်ဂျယ်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ အား အလှူရှင်များ၏ အကူအညီဖြင့် အာဟာရဒါနတိုက်ကျွေးခြင်းကို ဇူလိုင် ၁၄ ရက် နံနက်က အဆိုပါကျောင်း၌ ပြုလုပ်သည်။ ထိုသို့ အာဟာရတိုက်ကျွေးရာတွင် အထကကျောင်းနှင့် နယ်ရှောင်ကျောင်းမှ သူငယ်တန်း၊ပထမတန်း ကျောင်းသား ကျောင်းသူ ကလေးငယ် စုစုပေါင်း ၄၆၉ ဦးတို့အား အလှူရှင်များက ကြက်သားဆန်ပြုတ်များကို တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ကျောင်းကျန်းမာရေး ရက်တိုသင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက်က အထက(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က ကျောင်းကျန်းမာရေး ရက်တိုသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းခိုင်က ပညာရေးဌာန၏ ကျောင်းကျန်းမာရေးဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **(၁၁၉)**

# အင်းတော်ကြီးအင်းကို UNESCO သို့ လူသားနှင့် ဇီဝအဝန်းနယ်မြေသတ်မှတ်နိုင်ရေး တင်ပြမည်

**မိုးအောင်(ကချင်မြေ)**

အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံ၏ ရေပြင်စတုရန်းမိုင် ၁၀၀ ကျယ်ဝန်းသော အကြီးဆုံးရေကန်ဖြစ်ပြီး အရှေ့တောင်အာရှတွင်လည်း အကြီးဆုံးကုန်းတွင်းရေတိမ်ဒေသတစ်ခုအဖြစ် အသိအမှတ်ပြုထားလျက်ရှိသည်။ အင်းတော်ကြီးဒေသ တည်နေရာမှာ မိုးညှင်းမြို့နယ် မိုးညှင်းခရိုင် ကချင်ပြည်နယ်၌ တည်ရှိသည်။ အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်သည့် အင်းတော်ကြီးကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ရေး UNESCO သို့တင်ပြရန် ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးဒေသကို MaB လူသားနှင့် ဇီဝအဝန်းနယ်မြေ သတ်မှတ်နိုင်ရေးအတွက် အင်းတော်ကြီးဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ကွင်းဆင်းဆောင်ရွက်ချက်များ၊ ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုများကို ပြုစုပြီး နေပြည်တော်သစ်တောဦးစီးဌာနသို့ တင်ပြ၍ ပြည့်စုံလုံလောက်သောအဆင့်ဖြစ်ပါက UNESCO သို့ ဆက်လက်တင်ပြမည်ဖြစ်ပါကြောင်း ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းက ပြောပြသည်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (MaB Lcc) အစည်းအဝေးမှ ယူနက်စကိုအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉ နိုင်ငံက ဇီဝအဝန်းနယ်မြေအဖြစ် နေရာ၂၆ ခုကို အဆိုပြုတင်သွင်းခဲ့ပြီး ယင်းအနက် ဇီဝအဝန်းနယ်မြေ ၂၀ ကို အတည်ပြုသတ်မှတ်ရာတွင် မြန်မာနိုင်ငံရှိ အင်းလေးကန်ပါဝင်ခဲ့ကြောင်း ယူနက်စကို၏ ထုတ်ပြန်ချက်အရ သိရသည်။

ဧရိယာစတုရန်းမိုင် ၃၁၄ ဒသမ ၆၇ ကျယ်ဝန်းသော အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို (အာဆီယံအမွေအနှစ်ဥယျာဉ်)အဖြစ် ၁၉၉၉ ခုနှစ် မတ် ၄ ရက်တွင် စတင်သတ်မှတ်ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကျားသစ်၊ ကြောင်မင်း၊ စိုင်၊ ပြောင်၊ ဆတ်၊ ဒရယ်၊ မျောက်လွဲကျော် မျက်ခုံးဖြူစသည့် နို့တိုက်သတ္တဝါ ၃၇ မျိုး၊ ဒေါင်း၊ အောင်လောင်၊ လင်းတ၊ ရစ်ငှက်မျိုးများစသည့် သစ်တောငှက်မျိုးစိတ် ၃၅၀၊ ကြိုးကြာခေါင်းနီ၊ ကြိုးကြာခေါင်းမည်း၊ ငှက်ကြီးဝန်ပို စသည့် ရေပျော်ငှက် ၉၉ မျိုးရှိပြီး နှစ်စဉ် ဒေသရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များ ကောင်ရေ ၂၀၀၀၀ ကျော်နားခိုမျိုးပွားနေရာလည်း ဖြစ်သည်။ အင်းတော်ကြီးကန်အတွင်း ရေနေငါးမျိုးစိတ် ၈၀ ကျော်ရှိကြောင်း၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝဝန်းကျင်မှတ်တမ်းများအရ သိရသည်။

သဘာဝအခြေခံခရီးသွား ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် အင်းတော်ကြီးသို့ ပိုမိုလာရောက်လျက်ရှိပြီး ခရီးသွားများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အစားအစာသန့်ရှင်းမှုနှင့် လတ်ဆတ်သောဒေသထွက် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၊ ဟင်းပြင်းရွက်၊ တောငှက်ပျော၊ ကဒတ်ရွက်၊ ငါးပေါက်သီးစသည့်အစာအာဟာရများ စားသုံးနိုင်ခြင်း၊ ဒေသထွက် သဘာဝပစ္စည်းများ ရောင်း/ဝယ်နိုင်ခြင်း၊ ကျေးရွာများ၌ နိုင်ငံခြားသားများ တည်းခိုနေနိုင်သည့် အဆောက်အအုံများစသည့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများကို ဖော်ဆောင်နိုင်ရန် စီမံသွားမည်ဖြစ်ကြောင်း သိရသည်။

အင်းတော်ကြီးတွင် လေ့လာနိုင်သော အခွင့်အလမ်းများအဖြစ် သမိုင်းဝင်အင်းတော်ကြီးရေလယ်ရွှေမဉ္ဇူဘုရားကို သာယာရှုမောကြည်ညိုဖွယ် ဖူးတွေ့မြင်နိုင်ခြင်း၊ အရှေ့တောင်အာရှတွင် အကြီးဆုံးရေတိမ်ဒေသဂေဟစနစ် (Wetland Ecosystem) ကိုလေ့လာနိုင်ခြင်း၊ ဆင်ဖြင့်လည်းကောင်း၊ စက်လှေဖြင့် လည်းကောင်း၊ မိရိုးဖလာ လှော်ခတ်သည့်လှေသမ္ဗန်ဖြင့် လည်းကောင်း၊ ရေပျော်ငှက်၊ ဆောင်းခိုငှက်များကို ကန်ပတ်လည်ကြည့်ရှုနိုင်ခြင်း၊ ယဉ်ကျေးမှုအမွေအဖြစ် ဒေသသစ်သားတိုင်ရှည်ကြီးများဖြင့် ဆောက်လုပ်ထားသော နန့်မီးလောင်ဘုန်းတော်ကြီးကျောင်း၊ လုံးစန့်ကျေးရွာရှိ ရှေးဟောင်းဘုရားများ၊ ဒေသသမိုင်းအဆိုအရ လွဲမွှန်မုဆိုးမခြေရာ၊ နတ်နန်း၊ လုံးတုံ၊ မိုင်းနောင်၊ နန့်မီးလောင်ကျေးရွာ မိရိုးဖလာ လက်မှုပညာရပ်အဖြစ် နှီး၊ ကြိမ်၊ သင်ဖြူးဖျာ၊ ရက်လုပ်ခြင်းနှင့် ဂျပ်ခုတ်လက်ရက်ကန်း၊ နန့်ပဒဲကျေးရွာမှ ဝါးခွက်၊ ဝါးယပ်တောင်လုပ်ငန်း၊ ဟဲပန်ကျေးရွာမှ ဘူးခါးသီးဖြင့်ပြုလုပ်သည့် ဘူးခါးခွက်အသုံးအဆောင်မျိုးစုံကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်းနှင့် သဘာဝပေါက်သစ်ပင်မျိုးစုံ၊ ကုန်းနေရေနေ၊ တွားသွားသတ္တဝါမျိုးစိတ် မျိုးကွဲများ၊ သစ်ခွများ၊ လိပ်ပြာများ၊ အင်းဆက်များ၊ ငါးမျိုးစိတ်များကို လည်းကောင်း လေ့လာနိုင်မည်ဖြစ်သည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော (အာဆီယံ အမွေအနှစ်ဥယျာဉ်) အဖြစ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော အင်းတော်ကြီးကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကိုသို့ တင်ပြခြင်းဖြင့် အနာဂတ်ကာလ အင်းတော်ကြီးဒေသ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။



အင်းတော်ကြီးကန်အတွင်း နိုင်ငံခြားခရီးသွားများ စက်လှေဖြင့် လှည့်လည်ကြည့်ရှုလေ့လာသည်ကို တွေ့ရစဉ်။

# ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများဖြိုဖျက်၍ အသစ်ဆောက်လုပ်ခြင်းကို တားမြစ်ရန်လိုအပ်

**ပြင်ဦးလွင် ဇူလိုင် ၂၀**

ပြင်ဦးလွင်မြို့သည် သာယာလှပသော တောင်ပေါ်အပန်းဖြေမြို့တော်ဖြစ်သည်သာမက မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အင်္ဂလိပ်ခေတ်တွင် နွေရာသီ ဘုရင်ခံရုံးစိုက်ရာမြို့ဖြစ်သည့်အလျောက် ဥရောပပုံစံနေအိမ်၊ တိုက်တာ၊ အဆောက်အအုံများစွာတည်ရှိနေသော မြို့တစ်မြို့လည်းဖြစ်သည်။

ပြင်ဦးလွင်သို့ လာရောက်လည်ပတ်သူများသည် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ မဟာကံထူးကံသာ(ပြည်ချစ်)ဘုရား၊ နှီးဘုရား၊ ပွဲကောက်၊ ဓာတ်တော်ချိုင့်၊ ပိတ်ချင်းမြှောင်၊ တရုတ်ဘုံကျောင်းစသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်သာမက ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများဖြစ်သည့် ဥရောပပုံစံ တိုက်တာ၊ နေအိမ်များသို့လည်း အထူးတဆန်း လေ့လာမှတ်သား၍ ဓာတ်ပုံရိုက် မှတ်တမ်းတင်လေ့ရှိကြသည်။

အထူးသဖြင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် အင်္ဂလိပ်ခေတ် ရှေးဟောင်းမြေပုံများကို ကိုင်ဆောင်၍ ထိုခေတ်အခါက တည်ရှိ ဆောက်လုပ်နေထိုင်ခဲ့ကြသော နေအိမ်အဆောက်အအုံများကို အိမ်အမည်၊ လမ်းအမည် စသည့်လိပ်စာများအတိုင်း တကူးတက ရှာဖွေသွားရောက်တတ်ကြသည်။ ပြင်ဦးလွင်မြို့သည် မြို့တည်သည့်နှစ် ၁၂၀ တိုင်ပြီဖြစ်သော်လည်း ထိုကဲ့သို့သော ကမ္ဘာလှည့်ခရီးသည်များထံတွင် နေအိမ်အဆောက်အအုံ ပုံစံတည်ဆောက်ထားသည့်အခန်းဖွဲ့စည်းပုံ၊ လေဝင်လေထွက် တံခါးပေါက်တပ်ဆင်ထားသည်မှအစ စနစ်တကျ သိမ်းဆည်းထားသော မြေပုံများဖြင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုကြသည်။ ယင်းကဲ့သို့ နိုင်ငံခြားခရီးသည်များမှ စိတ်ဝင်တစားဖြင့် လာရောက် ကြည့်ရှုလေ့လာလေ့ရှိကြသော်လည်း ရှေးဟောင်းသမိုင်းဝင် အိမ်ကြီးများသည် ခေတ်အဆက်ဆက် ပိုင်ရှင်များ ပြောင်းလဲလာပြီး ပြုပြင်ခြင်း၊ ဖြိုဖျက်၍ အသစ်ထပ်မံ တည်ဆောက်ခြင်းကို ပြုလုပ်လာကြသည်ကို တွေ့မြင်နေရသည်။

နှစ်ပေါင်းရာချီ ကြာမြင့်ခဲ့ပြီဖြစ်သည့် အဆောက်အအုံများသည် ရာသီဥတုဒဏ်၊ နေဒဏ်၊ မိုးဒဏ် တို့ကြောင့် ဟောင်းနွမ်းပျက်စီးလာကြပြီဖြစ်သော်လည်း လုံးဝဖြိုဖျက်၍ ကျန်ရှိခဲ့သော မြေလွတ်ပေါ်၌ ခေတ်သစ်ပုံစံအသစ် ထပ်မံဆောက်လုပ်ခြင်းတို့မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည် ဆိုသော်လည်း ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်းတို့မှာ အစားထိုးမရနိုင်တော့သဖြင့် လွန်စွာနှမြောစရာကောင်းလှပေသည်။

ထို့ကြောင့် နှစ်ကြာမြင့်၍ဟောင်းနွမ်းလျက်ရှိနေသော သမိုင်းဝင် ဥရောပပုံစံ အဆောက်အအုံများကို အကြီးစားပြုပြင်မွမ်းမံပြင်ဆင်မှုမျိုးသာပြုလုပ်ကြ၍ လုံးဝဖြိုဖျက်၍ အသစ်ထပ်မံဆောက်လုပ်ခြင်းများမှ ရှောင်ရှားသင့်ကြောင်း မြို့မိမြို့ဖတစ်ဦးက ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။



**သက်နိုင်(ပြင်ဦးလွင်)**

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**မြိုင် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၂)ရပ်ကွက် ငှက်ပျောတွင်းရပ် ကိုယ့်အားကိုယ်ကိုး "ပန်းပျိုးအိမ်" စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၈ ရက်က ယင်းစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ရပ်မိရပ်ဖ ဦးလှရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါအဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၀ ပေရှိ၍ သုတရသစာအုပ်၊ ဂျာနယ်၊ စာစောင်များရှိပြီး စာကြည့်တိုက်ဖွင့်ပွဲသို့ လူဦးရေ ၂၁၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

(၁၃၅)

# ရေတိုက်စားကမ်းပါးပြို မူလတန်းကျောင်းကို အသစ်ထပ်မံတည်ဆောက်

**စဉ့်ကူး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဆည်သည်ကျေးရွာအုပ်စု ရေတိုက်စားကမ်းပါးပြို၍ ပြောင်းရွှေ့အသစ်တည်ဆောက်ရမည့် ဆည်သည်(တောင်)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပညာရေးခွင့်ပြုရန်ပုံငွေကျပ် ၄၃၂ သိန်းဖြင့် အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ရာ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းပန္နက်တင်အခမ်းအနားကို ဇူလိုင် ၁၆ ရက်က အဆိုပါကျေးရွာအရှေ့ဘက်ကျောင်း ဆောင်သစ်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ဆည်သည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် ယခုအခါ ကျောင်းဆောင်တစ်ခြမ်းရေတိုက်စားကမ်းပါးပြိုရာတွင် ပါရှိခဲ့ကြောင်း၊ ကျန်ကျောင်းဆောင်တစ်ခြမ်းဖြင့်သာ ပညာသင်ကြားနေကြရကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး မထိခိုက်စေရန်အတွက် ပညာရေးဌာနမှ ခွင့်ပြုရန်ပုံငွေမရရှိမီ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခေတ္တစိုက်ထုတ်ငွေဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ် အောက်တိုဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ကျေးရွာတာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု အသစ်တည်ဆောက်မည့်ကျောင်းမှာ စာသင်ခန်းခြောက်ခန်းပါ ပေ(၃၀×၁၂၀×၂) အုတ်ညှပ် နံကပ်တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ မန္တလေးမြို့ RAY ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဦးက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး ကျောင်းဆောင်သစ်အတွက် ငွေကျပ်သုံးသိန်းပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**



# ဧရာဝတီမြစ်ရေတိုက်စားသွားသော ကမ်းပါးများ ထပ်မံမပြိုကျစေရန် အကူအညီလိုအပ်နေ

**မတ္တရာ ဇူလိုင် ၂၀**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဥဒိန်ကျေးရွာအုပ်စု သမင်ခြံကျေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ရွာမြောက်ဘက်ရှိ ကိုင်းမြေ အရှည်ပေ ၃၀၀၀၊ အကျယ်ပေ ၃၀၀ မှာ မြစ်ထဲသို့ ပြိုကျမျောပါခဲ့ပြီး ရွာမြေနှင့် ပေ ၂၀ သာ ကွာဝေးတော့သဖြင့် ဇူလိုင် ၁၃ ရက်ကစတင်၍ မြစ်ကမ်းပါးတစ်လျှောက်ကို ရွာသူရွာသားများ အစီအစဉ်ဖြင့် စုပေါင်းကာ သစ်ခက်၊ သဲအိတ်၊ ကြိုးများဖြင့် ရေထိန်း/ရေကာတာ ပြုလုပ်ခဲ့ကြရာ အရှည်ပေ ၉၀၀ ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုလေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်မွေ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးမောင်မောင်နှင့် ကျေးရွာအထောက်အကူပြု ကော်မတီဝင်များက သွားရောက်၍ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြရာ ရွာသူရွာသားများက မိမိတို့ အစီအစဉ်ဖြင့် ပြုလုပ်လျက်ရှိကြောင်း၊ ကျေးရွာစုပေါင်းငွေဖြင့် ရေကာတာများကို သစ်ကိုင်းများ၊ သဲအိတ် ၁၅၀၀ နှင့် ကြိုးများကို ဝယ်ယူ၍ပြုလုပ်ခဲ့ကြရာ ငွေကျပ် ခြောက်သိန်းကျော်ကုန်ကျခဲ့သည့်အတွက် လူအင်အားတတ်နိုင်သော်လည်း ငွေအင်အားမတတ်နိုင်တော့ကြောင်း၊ ရွာဦးစေတီနှင့် စာသင်ကျောင်းအား ရေတိုက်စားသွားမည်ကို စိုးရိမ်သောကြောင့် ယခုလို ရေထိန်း/ရေကာတာများ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ကျန်ရှိသော ကမ်းပါးထပ်မံမပြိုကျစေရေးအတွက် နိုင်ငံတော်က ပြုလုပ်ပေးနိုင်ပါရန် ရွာသူ ရွာသားများက လိုလားလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မိုးရာသီသစ်ပင်စိုက်ပျိုး

**ညောင်ရွှေ ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးကော်မတီမှ မိုးရာသီသစ်ပင်စိုက်ပျိုးလ အထိမ်းအမှတ်အဖြစ် အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်း ဦးဆောင်၍ ဇူလိုင် ၁၉ ရက်က ရွက်လှမြိုင် ပျိုးဥယျာဉ်၌ ဗိုလ်ကတော်မျက်ခုံး၊ ရွက်လှပန်း၊ ခရစ်စမတ်ပန်း၊ စက္ကူပန်း၊ စိန်ပန်းပု၊ စိန်ပန်းကြီး၊ ခရေပင်နှင့် စိန်တံချူပင်များ စနစ်တကျ စိုက်ပျိုးကြကြောင်း သိရသည်။

(၀၅၄)

**သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# မိတ္ထီလာမြို့နယ် ဒဟတ္တန်းစံပြကျေးရွာတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးဖြင့် လျှပ်စစ်မီးလင်းပြီ

**မိတ္ထီလာ ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ကွက်ငယ်ကျေးရွာအုပ်စု ဒဟတ္တန်းစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျေးရွာအတွင်း ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးဖြင့် လျှပ်စစ်မီးလင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လျှပ်စစ်မီးဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းတို့က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးက ကျေးရွာလျှပ်စစ်မီးလင်းနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူအားပေးစကားပြောကြားသည်။

ဒဟတ္တန်းစံပြကျေးရွာ၌ အိမ်ထောင်စု ၄၇၀ ခန့်နှင့် လူဦးရေ ၂၃၀၀ ကျော် နေထိုင်ပြီး ကျေးရွာ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ရွာအဝင်လမ်းဆုံတွင် ၃၁၅ ကေဗွီအေ ထရန်စဖော်တစ်လုံး၊ ရွာအလယ်လမ်းဆုံတွင် ၃၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံးတပ်ဆင်ပြီး ကျေးရွာအတွင်းလမ်းများမီးလင်းရေးကိုလည်း သံကူကွန်ကရစ်တိုင် ၁၂၀ စိုက်ထူ၍ ဆောင်ရွက်ထားသည်။ ကျေးရွာလျှပ်စစ်မီးလင်းနိုင်ရေးတွက် စုစုပေါင်း ငွေကျပ် သိန်း ၁၄၀၀ ကုန်ကျခဲ့ပြီး လက်ရှိတွင် အိမ်ထောင်စု ၂၈၀ လျှပ်စစ်မီးရရှိပြီးဖြစ်ကာ ကျန်ရှိသည့် အိမ်ထောင်စုများ လျှပ်စစ်မီးလင်းနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# မဲဇာမြစ်ရေလွှမ်းသဖြင့် ကျေးရွာနေထိုင်သူများ အခက်ကြုံ

**အင်းတော် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ဇူလိုင် ၁၃ ရက်က အစပြုခဲ့သောမိုးသည် ဇူလိုင် ၁၉ ရက် ရောက်သော်လည်း ရပ်တန့်မှုမရှိသောကြောင့် မဲဇာမြစ်ရေကြီးခြင်းဖြစ်ပေါ်နေပြီး မြစ်ကမ်းအနီးရှိ ကျေးရွာများတွင်နေထိုင်သူများအတွက် ရေဘေးအန္တရာယ်စိုးရိမ်နေကြရကြောင်း မန်လည်ကျေးရွာဒေသခံများထံမှ သိရသည်။

"ကျွန်မတို့ရွာကို မဲဇာမြစ်ရေတက်နေတာ အခုဆိုရင် သုံးရက်လောက်ရှိပါပြီ။ ရွာထဲကိုရေဝင်တော့ လူနေအိမ်တွေကို စက်လှေတွေနဲ့ အသွားအလာလုပ်နေရတယ်"ဟု မယမင်းလွင်က ပြောသည်။ မန်လည်ရွာသစ်ကုန်းနှင့် မန်လည်မြောက်ကုန်းရပ်သို့သွားသည့် ရွာလမ်းမကြီးတစ်လျှောက် မြစ်ရေစီးဝင်လာသောကြောင့် ကားများ ၊ ဆိုင်ကယ်များ၊ လူများသွားလာရန် ခက်ခဲနေကြကြောင်း သိရသည်။ "ဒီတစ်ခါ မဲဇာမြစ်ရေကြီးတာက အတော်လေးစိုးရိမ်ရပါတယ်။ ရေကြီးတာ သုံးရက်ရှိနေပြီ၊ ရေကမလျော့သေးဘူး။ အခုဆိုရင် ဂျုံးဂျုံးဂျရွာတွေလည်း စပါးကျီအချို့ ရေလွှမ်းသွားတာတွေ့ရပါတယ်" ဟု နန့်သဲရွာမှ ကိုဖိုးသီးက ပြောသည်။

**သန်းမောင်လေး**

Pay to go Singapore and come home to Yangon for FREE*

*Airport taxes and fees of USD29 is payable for the flight back home to Yangon.

Economy Starter fares come with 7kg carry-on baggage only. For travel between 18 August to 19 November 2015. Sale ends at 26 July 2015 (10:29pm), unless sold out prior. Conditions apply.

Please visit jetstar.com, your local agent or call +959 42111 6661, +959 42111 6662, +959 42111 6663 to book these fares.

jetstar.com

Jetstar

Availability is limited (not available on all flights, over public holidays, school holidays and weekends). conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းသွားရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၉-၆-၂၀၁၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၁၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာ ပိတ်ရက်မတိုင်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၆၇-၃၀၃၃၁/၀၆၇-၃၀၃၃၈) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန နည်းပညာတက္ကသိုလ်(မုံရွာ)မှ အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်း(၄)မျိုးအား ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

| စဉ် | စက်ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | Desktop Computer (Dell Memory 4GB HDD 500GB Processor InterCore i7) | (၄) လုံး |
| (ခ) | UPS (Power Tree 650VA) | (၉) လုံး |
| (ဂ) | Projector (Model DAXHZG optoma 401 DLP Projection Display X 401) | (၅) လုံး |

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များကို ၂၂-၇-၂၀၁၅ရက် ရုံးချိန်အတွင်း စတင် ဝယ်ယူနိုင်ပြီး ၂၉-၇-၂၀၁၅ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများပေးသွင်းရမည်။

၃။ အသေးစိတ်သိရှိလိုသောအချက်များကို နည်းပညာတက္ကသိုလ်(မုံရွာ)ရုံး ဖုန်း-၀၉-၂၁၃၂၅၉၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မုံရွာ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(မုံရွာ)မှ အောက်ဖော်ပြပါ ရုံးသုံးပစ္စည်းများအား ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ရုံးသုံးပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | A4 (Copy Paper) | (၈၃၈) ထုပ် |
| (၂) | Legal (Copy Paper) | (၁၀၅) ထုပ် |
| (၃) | Cartridge No-303(Canon LPB-2099) | (၅) လုံး |
| (၄) | DPA-120 Duplo Ink | (၆၀) ဘူး |
| (၅) | DPA-120 Master Roll | (၁၀) လိပ် |
| (၆) | Fuji Xenon Cartridge | (၂) လုံး |
| (၇) | Fuji Xenon Toner | (၂) ဗူး |
| (၈) | Canon LPB-2900 Printer | (၂) လုံး |
| (၉) | Plastic Packing Machine | (၄) လုံး |

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များကို ၂၂-၇-၂၀၁၅ရက် ရုံးချိန်အတွင်း စတင်ဝယ်ယူနိုင်ပြီး ၂၉-၇-၂၀၁၅ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများပေးသွင်းရမည်။

၃။ အသေးစိတ်သိရှိလိုသော အချက်များကို နည်းပညာတက္ကသိုလ်(မုံရွာ)ရုံး ဖုန်း-၀၉-၂၁၃၂၅၉၇၊ ၀၉-၂၅၉၀၇၀၁၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မုံရွာ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## သတင်းကြေညာချက်
### ၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ရက်
### ၂၀၁၅ခုနှစ် ဇူလိုင် ၂၀ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ တင်ဒါစနစ်ဖြင့် ရောင်းချမှု ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့် ရောင်းချပွဲကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း) ကျောက်စိမ်းခန်းမတွင် ၂၀၁၅ခုနှစ် ဩဂုတ် ၁၈ရက်မှ ဩဂုတ် ၂၁ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့် ရောင်းချပွဲသို့ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်နှင့် အကျိုးတူကုမ္ပဏီများ၏ မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများ၏ မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များကို တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့် ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော အကျိုးတူကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများမှ မန်နေဂျင်းဒါရိုက်တာ၊ ဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေများကို မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ဖားကန့်မြို့တွင် ပေးသွင်းကြရမည်ဖြစ်ပါသည်။

၄။ ၂၀၁၅ခုနှစ် ဩဂုတ် ၁ရက်မှ ဩဂုတ် ၁၅ရက်အထိ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)တင်ဒါစနစ်ဖြင့်ရောင်းချမှု ကြီးကြပ်ရေးလုပ်ငန်းကော်မတီတွင် ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ၂၀၁၅ခုနှစ် ဩဂုတ်လ ကျောက်စိမ်းရိုင်း(ပယ်ကျောက်)များ တင်ဒါစနစ်ဖြင့် ရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)နှင့် ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄(သမိုင်း)၊မြေကွက်အမှတ်-၆/က၏ တစ်စိတ်တစ်ဒေသမြေကွက်နှင့်ပတ်သက်၍ ဦးစိုးစိုး ၉/မခန(နိုင်)၁၂၉၇၆၈ ၏ ၈-၇-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၆ ပါ

## ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာချက်

အထက်၌ ပြည့်စုံစွာဖော်ပြထားသည့် ဧရိယာ ၂ ဒသမ ၈၃၁ ဧကအကျယ်ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြေ/ယာဌာန) မြို့မြေစာရင်း၏ လက်ရှိအမည်ပေါက်ပိုင်ရှင်မှာ ကွယ်လွန်သူ ဒေါ်ကြီးကြီး ဖြစ်ပါသည်။ ထို့ကြောင့် ကွယ်လွန်သူဒေါ်ကြီးကြီး၏ တရားဝင်အမွေစားအမွေခံမြေးဖြစ်သူ ကျွန်ုပ်၏ အမှုသည် ဒေါ်ခင်ဆွေလှိုင်၁၂/စခန(နိုင်)၀၂၂၆၂၅ မှ ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင် တရားရုံးတွင် တရားမကြီးမှုအမှတ်-၆၄၈/၂၀၁၃ ဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ အမွေထိန်းစာလက်မှတ်ကို တရားဝင်ရရှိနိုင်ရန်အတွက် လျှောက်ထားဆောင်ရွက်လျက်ရှိပါကြောင်း အများသိစေရန် ဖြေရှင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)၊ စဉ်-၆၇၀၂**
**အမှတ်-၅၆၁ (M.A.C Tower)၊ အခန်း-၃၀၂**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အခွန်ပေးဆောင်ရန်ကျန်ရှိနေသည့် အခွန်ထမ်းများသိစေရန်
## အသိပေးကြေညာခြင်း

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ ပုဂ္ဂိုလ်စုများ၊ ကုမ္ပဏီများမှ ပေးဆောင်ရန်ကျန်ရှိသည့် နှစ်အဆက်ဆက် အခွန်မပြေကျန်ငွေများ ကျန်ရှိလျက်ရှိပါသည်။ ယင်းအခွန်မပြေကျန်ငွေများကို ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် အကြိမ်ကြိမ်စည်းရုံးနှိုးဆော်၍ ကောက်ခံလျက်ရှိသော်လည်း အချို့သော အခွန်ထမ်းများအနေဖြင့် အခွန်မပြေကျန်ငွေများပေးဆောင်ရန် ဆက်လက် ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရန် အခွန်ကြွေးကျန်ရှိသည့် အခွန်ထမ်းများအနေဖြင့် သတ်မှတ်ရက်အတွင်း မပျက်မကွက် လာရောက် ပေးဆောင်ပါရန်နှင့် ဆက်လက်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(SMVTI)တွင် အလုပ်ခန့်အပ်နိုင်ရန်အတွက် အောက်ဖော်ပြပါဘွဲ့ရများအား Finance & HR ဌာန၏ Manager ရာထူးတာဝန်ပေးအပ်နိုင်ရေးအတွက် လစာနှုန်း (၁၆၅၀၀၀ိ-၂၀၀၀ိ-၁၇၅၀၀၀ိ)ရာထူးနေရာ၌ အလုပ်ခန့်ထားရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများပူးတွဲတင်ပြ၍ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းတွင် ၃၁-၇-၂၀၁၅ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) BBM ဘွဲ့ရရှိသူ/ MBA လက်မှတ်ရရှိသူဖြစ်ရမည်။
(ဂ) ၃၁-၇-၂၀၁၅ ရက်တွင် အသက်(၃၅)နှစ်ထက်မကြီးသူ/ဝန်ထမ်းဖြစ်ပါက အသက်(၄၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) အင်္ဂလိပ်ဘာသာရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူဖြစ်ရမည်။
(င) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(စ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(ဆ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဇ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ။
(ဈ) (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း အောင်မြင်ပြီးပါက လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင် မူရင်းများတင်ပြနိုင်ရမည်။ လျှောက်လွှာများကို စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၄၄၇၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းအသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ ကြော်ငြာသည့်ရက်မှစ၍ တစ်ပတ်အတွင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (၁) | Drawing ခုံ(ပုံဆွဲခုံ) | (၁၅၀) လုံး |
| (၂) | စာသင်ခုံ(စာရေးခုံ+ထိုင်ခုံ) | (၁၀၀) လုံး |

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အစိုးရနည်းပညာအထက်တန်းကျောင်း ဖုန်း-၀၂-၅၁၅၂၁၉၂၊ ၀၉-၇၉၁၃၇၁၂၇၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)**

## မသက်ဆိုင်တော့ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၅၃၂)နေ ဦးစိန်ထွန်း(ခ)ဦးငပြူး ၁၂/မရက(နိုင်)၁၀၂၀၆၉၏ တူဖြစ်သူ ဦးအောင်ဝင်းနိုင် ၁၂/မရက(နိုင်)၁၂၃၄၈၀သည် ဘကြီးဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် ယနေ့မှစ၍ တူအဖြစ် မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလုံးဝ တာဝန်မယူပါကြောင်း အသိပေးအပ်ပါသည်။ **ဦးစိန်ထွန်း**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်လင်းလင်းနိုင် ၉/လဝန(နိုင်)၁၈၁၂၁၃ သည် မိဘများမှ ပညာများကိုလည်း တတ်မြောက်ပြီး ဘွဲ့များရရှိအောင် မြှင့်တင်ပေးခဲ့ပါသော်လည်း မိဘ၊ ညီအစ်ကိုမောင်နှမများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် ၁၁-၇-၂၀၁၅ ရက်မှစ၍ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်ပေါ်မှဆင်းသွားခဲ့သည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကိုကို-ဒေါ်သန်းငွေး**
**(ထိန်တော)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပျဉ်ဈေးတောင်ပိုင်း၊ ရေဦးလမ်းထွက်နေ ဦးစိုးမြင့်-ဒေါ်ခင်စန်းဝင်းတို့၏သမီး မမိုးစပယ်ဖြူ ၅/ရဘန(နိုင်)၂၀၆၆၇၅သည် မိဘဆွေမျိုးတို့၏ စကားနားမထောင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သော အကြောင်းကိစ္စများကို လုံးဝတာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမြင့်-ဒေါ်ခင်စန်းဝင်း**

# အထူးကျေးဇူးတင်ရှိခြင်း
## ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်နီနီ
## အသက်(၈၃)နှစ်

၂၁-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်နီနီ အသက်(၈၃)နှစ် နာမကျန်းဖြစ်နေချိန်နှင့် ဈာပနကိစ္စတို့တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ခဲ့ကြသော မြကျောက်ဆရာတော်ကြီးနှင့်စင်ကာပူနိုင်ငံမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သင်္ကန်း ပရိက္ခရာများ၊ လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသူများ၊ သတင်းစာများထဲတွင် ဝမ်းနည်းကြောင်းထည့်သွင်းပေးပို့ကြသူများ၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသူများ၊ ၂၇-၆-၂၀၁၅ရက်တွင် လာရောက်ကူညီအားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အစစအရာရာလိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ခင်ပွန်းဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)နှင့်မိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၁**

အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ခင်နီလာ) **နှင့်** ၁။ ဒေါ်မြသိန်း ၂။ မောင်စစ်သူ

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၀×၈၁လမ်းကြား၊ ၃၉ လမ်း၊ အမှတ် ၆၂နေ ဒေါ်မြသိန်းနှင့် မောင်စစ်သူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ခင်နီလာ)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၃ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကုသိုလ်ဒါနကောင်းမှုကျေးဇူးဆပ်အမျှပေးဝေခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံဒါယကာကြီး ဦးအောင်သန်းမြင့် (ခ) ဦးသန်းမြင့် (၆-၄-၁၉၉၉) ဒါယိကာမကြီး ဒေါ်ညွန့်ညွန့် (၂၁-၇-၂၀၁၄) မင်္ဂလာဒုံဈေး

ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းမြင့်နှင့် မိခင်ကြီးတို့အား ကုသိုလ်ကောင်းမှု အထူးရပါစေခြင်းအကျိုးငှာ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် အလှူဒါနများပြုလုပ်ခဲ့ပြီး ယနေ့ ၂၁-၇-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် မိခင်ကြီး (၁)နှစ်ပြည့်၊ ဖခင်ကြီး (၁၆နှစ်-၃လ)ပြည့်အား ရည်စူး၍ ပုလဲမြို့သစ်-မြရတနာ (ရွှေတစ်လုံး) ပရိယတ္တိစာသင်တိုက်အတွက် ကုဋီအိမ် (၂)လုံးနှင့် ကျောင်းရှိ သံဃာ၊ စာသင်သား၊ သီလရှင်အား အရဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ ကျေးဇူးရှင်မိဘနှစ်ပါးတို့သည် မြင့်မြတ်သောဘုံဘဝမှ မိသားစုနှင့်ထပ်တူထပ်မျှ သာဓုခေါ်ဆိုနိုင်ပါစေ။ **ဗုဒ္ဓံ-ဓမ္မ-သံဃာ-ပူဇေမိ**

**ရတနာ-ဒေါ်ညွန့်ညွန့်(သမီး)**
**မငယ်**
**ဌာနဆိုင်ရာ-ယူနီဖောင်းစ**
**ဌာနဆိုင်ရာ-ပစ္စည်းနှင့်အထည်ချုပ်လုပ်ငန်း (မိသားစု)**
**မင်္ဂလာဒုံဈေး**

## မသက်ဆိုင်တော့ပါကြောင်း

ပြင်ဦးလွင်၊ ရပ်ကွက်(၂)၊ လမ်း(၁၇)၊ အိမ်အမှတ်(၃၄)နေ ဦးကျော်သိန်း(၉/ မမန(နိုင်) ၀၆၃၃၆၇)ကိုင်ဆောင်သူသည် မိမိဆန္ဒဖြင့် အိမ်မှအကြိမ်ကြိမ်ထွက်သွားခဲ့ပါသည်။ အိမ်ကို ဆက်သွယ်ခြင်း၊ ထောက်ပံ့ခြင်းမရှိပဲ မိသားစုဂုဏ်သိက္ခာကျစေသော ကိစ္စများပြုလုပ်ခဲ့ပါသဖြင့် ကျွန်မ ဇနီးဖြစ်သူ ဒေါ်ရီရီမြသည် ဤခင်ပွန်းဖြစ်သူ ဦးကျော်သိန်းနှင့်တစ်စုံတစ်ရာမျှ မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ ဒေါ်ရီရီမြ(၅/စကန(နိုင်)၀၁၆၉၂၃)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၆၁၁၅၇ Dayang 110, M/C ယာဉ်လက်ဝယ်ရှိသူ Kaung Thit Win က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၂၂၃၄ SE Limited SANOOM ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းရီ ၅/မရန(နိုင်)၀၃၅၃၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၁၉၀၃၃ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ငွေတိုး ၉/မရမ(နိုင်)၀၉၂၇၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## သွေးသည် အသက်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်နန်းမွန် (မိုးကုတ်)
### မိုးကုတ်မြို့နယ်အသင်းနာယက
### အမျိုးသမီးစွမ်းဆောင်ရှင်အသင်းနာယက၊ အမျိုးသမီးရေးရာဘဏ္ဍာရေးမှူး
### စာရေးဆရာမကြီး (နန်းမွန်ဟိန်း)
### အသက် (၈၂)နှစ်

မိတ္ထီလာမြို့နေ (ဦးသင်း-ဒေါ်ခင်မမ)တို့၏သမီး၊ မိုးကုတ်မြို့နေ (ဦး၀-ဒေါ်ငယ်)တို့၏သမီးချွေးမ၊ (ဦးခင်မောင်ကြည်)၏ဇနီး၊ မြင်းခြံမြို့နေ ဒေါ်ခင်မြင့်မြင့်၊ မိတ္ထီလာမြို့နေ ဦးပြေသိမ်း-ဒေါ်ခင်ပြုံး၊ ဦးတင်သန်း-ဒေါ်ခင်စုလွင်တို့၏အစ်မ၊ ဖိုးစိန်လမ်းနေ (ဦးဘိုကျော်)-ဒေါ်ခင်ရီ၊ ဦးမြင့်-ဒေါ်သစ်သစ်လွင်၊ ဦးအေး-ဒေါ်နီနီတို့၏အဒေါ်၊ ဦးစိုင်းမင်းကြည်-ဒေါ်တင်ချို၀င်းတို့၏ မိခင်၊ မောင်ဟိဏ်းထက်အောင်၊ မောင်မင်းပြည့်စုံတို့၏အဘွားသည် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့) ည ၇း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကျန်ရစ်သောခန္ဓာကိုယ်အား အမှတ်(၁) ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## (၇)လပြည့် လွမ်းဆွတ်သတိရခြင်း
### သိမ်၊ ကျောင်း ဒါယိကာမ
### မမေချယ်ရီအောင် (ခ) မဥမ္မာမြင့်
### M.C.Sc(Credit)(U.C.S.Y)G.Dip in System Analysis(N.U.S)
### ၂၁-၇-၂၀၁၅ အသက် (၃၆)နှစ်

သံသရာတစ်ကွေ့မှာ တစ်နေ့ပြန်တွေ့မယ်ဆိုတဲ့ အသိစိတ်နဲ့ အလှူဒါနတွေပြုတိုင်း မေချယ်ရေ၊ သမီးလေးရေဆိုပြီး အမျှအတမ်းဝေခဲ့ပါတယ်။ ခွဲခွာသွားတဲ့ (၇)လဆိုတဲ့ကာလအတွင်း ကုသိုလ်ဖြစ်စေမယ့် နေရာတိုင်းမှာ ရည်စူး၍ အလှူဒါနတွေလုပ်ပေးနေဆဲပါ။ ချမ်းမြေ့ဆရာတော်ကြီးဦးဆောင်၍ ဆောက်လုပ်နေသော အမေရိကန်နိုင်ငံ သာသနာ့ရုံသီသိမ်တော်ကြီးအလှူတော်၊ မေတ္တာစိတ်မြတ်အအေးဓာတ်တရားတော် ဓမ္မစာပေအလှူ၊ ထာဝရဆွမ်းပဒေသာပင်အလှူ၊ ဗုဒ္ဓဂယာ မဟာဗောဓိပရဟိတမြန်မာကျောင်းတိုက်ကြီး ဆောက်လုပ်မှုအလှူ၊ ဗုဒ္ဓဂယာတွင် ဝါဆိုသံဃာတော်များအတွက် ဝါဆိုသင်္ကန်းအလှူ၊ လားရှိုးမြို့ အရှေ့ခါးရိုးစာသင်တိုက် သုမြတ်မာလာကျောင်းဆောင်တော်ကြီး ဆောက်လုပ်မှုအလှူ ဒါနကုသိုလ်၊ ရန်ကုန်ချမ်းမြေ့ရိပ်သာမှာ အမေတရားဝင်၍ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ အားလုံးကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ ချမ်းသာစွာ သာဓုခေါ်ဆိုနိုင်ပါစေ။ လှသောပန်းလေးရေ အမျှ…အမျှ…အမျှ

**ချစ်ခင်ပွန်း- ဗိုလ်မှူးမျိုးဇော်အေး**
**ချစ်မေ၊ အဖေနဲ့ အဘိုးအဘွား ဆွေမျိုးများ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၄၇၇၁ SHWE MANDALAR LIGHT TRUCK (SMLT-001) P/U (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးပရာဆပ် ၁၃/နခတ(နိုင်)၀၁၂၉၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### မိုဟမ္မဒ်ခလီလွလ္လာဟ်(ခ)ဦးတင်မောင် (ကပ-၁၉၈၉၉)
### အရာခံဗိုလ်(ငြိမ်း)၊ ဆ·သ·ရ (၃၁၃)
### အသက် (၈၅)နှစ်

မန္တလေးမြို့၊ ရန်မျိုးလုံရပ်၊ ကုလားပျိုရပ်နေ (အဗ္ဗဒူရာဟ်မာန်-ဒေါ်မြင့်)တို့၏ သား၊ ဒေါ်အေးစိန်(ခ)ဒေါ်စိန်စိန်၏ ခင်ပွန်း၊ ဦးတင်အောင်-(ဒေါ်အမာ)တို့၏ အစ်ကို၊ ကျောက်ဆည်ခရိုင်၊ တ·ဆ·ခတပ်နေ အရာခံဗိုလ်ထွေးမြင့်-ဒေါ်ဖြူဖြူဝင်း၊ မန္တလေးမြို့၊ ကုလားပျိုရပ်နေ ဦးဝင်းအောင်-ဒေါ်နီနီဝင်း၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမောင်မောင်သင်း-(ဒေါ်ခင်မိမိခိုင်)တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၆-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၆း၀၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဇဟိုရ်နမာဇ် အပြီးတွင် အေးရိပ်ငြိမ်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွာနာပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်း (သထုံ)
### အသက် (၉၁)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း (ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန) နှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏မိခင်သည် ၁၁-၇-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မိုးနိုင်းရေအားလျှပ်စစ်အဖွဲ့**
**(မိုးနိုင်းရပ်ကွက်၊ပေါင်မြို့၊ မွန်ပြည်နယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၈၂၃၃ Toyota Mark II JZ X100 S/L(4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးဇော်ဘောက် ၁၃/လရန(နိုင်)၁၂၆၅၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**အမည်ပြောင်း**

ဦးဇော်မင်းနိုင်၏သမီး အထက(၂) ဗဟန်း၊ န၀မတန်းမှ မလမင်းအိမ်အား ယနေ့မှစ၍ မအိမ့်လမင်းဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်လမင်း**

# အိန္ဒိယနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာရေလုပ်သားများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရန် ညှိနှိုင်းစီစဉ်လျက်ရှိ

**နေပြည်တော်  ဇူလိုင်  ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် လူကုန်ကူးမှုခံရသော နိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရပြီး လွတ်မြောက်လာသော နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်း၍ အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည်။

ထိုသို့စီစဉ်ဆောင်ရွက်ပေးခဲ့ရာတွင် အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်း၌ လူကုန်ကူးခံရပြီး ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၅ ခုနှစ် မေ ၁၄ ရက်က မြန်မာနိုင်ငံသား ၁၂၅ ဦး၊ မေ ၁၇ ရက်က ၁၂၈ ဦး၊ မေ ၂၈ ရက်က ၁၂၉ဦးနှင့် ဇွန် ၁၀ ရက်က ၁၃၂ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၅၁၄ ဦးကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ၎င်းတို့၏ နေရပ်အရောက်ပို့ဆောင်ပေးနိုင်ခဲ့ကာ လုပ်ခလစာ ပြန်လည်ရရှိရေးအတွက်လည်း အင်ဒိုနီးရှားနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒



ရေကြီးရေလျှံမှုကြောင့် လမ်းတွင် ရပ်တန့်နေသည့် မီးရထားမှ ခရီးသည်များအား ဒေသခံများက လှေများဖြင့် ကူညီပို့ဆောင်စဉ်။

# ရေကြီးရေလျှံမှုကြောင့် ရထားလမ်းပိတ်ဆို့မှုတွင်ပါဝင်သည့် ခရီးသည်များအဆင်ပြေစေရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇူလိုင်  ၂၀**

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကိုးထောင်ဘို့-ကောလင်း၊ ဘုံချောင်း-မဲဇာ၊ မဲဇာ-ဆန်ရွာ ရထားလမ်းပိုင်းများတွင် ရေကြီးရေလျှံ၍ ရထားလမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ရာ ဇူလိုင် ၁၈ရက်က ချပ်သင်း-ကျွန်းလှ-ကိုးထောင်ဘို့နှင့် ထန်းတပင်သို့ ရောက်ရှိနေသော အမြန်ရထားနှင့် စာပို့ရထားခြောက်စင်းမှ ခရီးသည်များအား ရွှေဘိုမှတစ်ဆင့် မန္တလေးသို့ ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာ့မီးရထားက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မြန်မာ့မီးရထားက အဆိုပါ ခရီးစဉ်အတွက် မန္တလေးဘူတာတွင် ရောင်းချပြီးသော ရထားလက်မှတ်များကို လက်မှတ်ဖိုးငွေ ပြန်အမ်းခြင်း၊ ရထားထွက်မည့်နေ့တွင် မူလလက်မှတ် ပြန်လည်တင်ပြပါက ထိုလက်မှတ်ဖြင့် ပြန်လည်စီးနင်းနိုင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဆည်ရွာ-နဘား-မော်လူးတို့တွင် ရောက်ရှိနေသော အမြန်ရထားနှင့် စာပို့ရထားလေးစင်းကိုလည်း မြစ်ကြီးနားသို့ ပြန်လည်ပို့ဆောင်ပေးပြီး လက်မှတ်ခပြန်အမ်းခြင်း၊ အဆိုပါလက်မှတ်ဖြင့် ရထားပြန်လည်စီးနင်းနိုင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် မန္တလေးနှင့် မြစ်ကြီးနားသို့ ရွှေ့ပြောင်း၍ မရနိုင်ဘဲ

စာမျက်နှာ ၁၂ ကော်လံ ၁ ❁

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော်  ဇူလိုင်  ၂၀**

ယနေ့ မိုးလေဝသခန့်မှန်းချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# ကျိုင်းတုံမြို့ကျက်သရေဆောင် နောင်တုံကန်အတွင်းရှိ ငါးအချို့သေဆုံး


**ကျိုင်းတုံ  ဇူလိုင်  ၂၀**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်အတွင်းရှိ မြို့ကျက်သရေဆောင် နောင်တုံကန်အတွင်း ရှင်သန်နေသည့် ငါးများသည် ဇူလိုင် ၁၉ ရက်က ရေပေါ်သို့တက်ကာ အစုအပုံလိုက် အလုအယက် အသက်ရှူလာကြောင်းနှင့် ဇူလိုင် ၂၀ ရက်တွင် ပေါလောမျောနေသည့် ငါးသေများ စတင် မြင်တွေ့ရပြီး အပုပ်နံ့များလည်း ရပ်ကွက်အတွင်းသို့ ပျံ့လွင့်စပြုနေပြီဖြစ်သည်။

ငါးမွေးမြူရေးဦးစီးဌာနက ကန်ပြောင်း မွေးမြူပါက ငါးများအသက်ရှင်သန်ခွင့်ရမည်ဟု ပြောကြားသဖြင့် ဒေသခံပြည်သူအချို့သည် သုံးဘီးမော်တော်ယာဉ်အတွင်း ဇလုံများ သယ်ဆောင်လာကာ ငါးကန်ရှိရာသို့ ပြောင်းရွှေ့ ထည့်သွင်းလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၅ ▲





မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
R/488